


http://www.cherrythitsar.org



http://www.cherrythitsar.org

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဓလေ့ကောင်းကျော
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုကြည့် ဒေသကောင်းသည်

နိုင်ငံတော်၏ စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
[illegible] တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

http://www.cherrythitsar.org

## အမှာစာ

### တာရာမင်းဝေ ဖန်ဆင်းတဲ့ နှင်းကိုမြင်တယ်

■ ၁၉၉၆ခုနှစ်အတွင်း မဂ္ဂဇင်းစာမျက်နှာများပေါ်ဝယ် အခန်းဆက် ဝတ္ထုရှည်များ ရှားရှားပါးပါးတွေ့မြင်ဖတ်ရှုနေရပါသည်။ ကလျာမဂ္ဂဇင်းမှ ခင်နှင်းယု၏ 'မြကြာဖြူ'၊ မဟေသီမဂ္ဂဇင်းမှ ဝင်းဝင်းလတ်၏ 'အချစ်၏နောက်ဆက်တွဲစာမျက်နှာ'၊ ရွက်နုဝေမဂ္ဂဇင်းမှ တာရာမင်းဝေ၏ 'ရွှေဖိနပ်မှာ အစိမ်းရောင် ကြက်ခြေခတ်နဲ့ ကောင်မလေး' စသဖြင့်။

■ နှစ်ကာလအတန်ကြာမဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ကိုယ်ရောင်ဖျောက်နေကြရသော အခန်းဆက်ဝတ္ထုရှည်များ ယခုလို တွေ့မြင်ဖတ်ရှုပြန်ရသဖြင့် စာရေးဆရာ၊ ဆရာမများနှင့်အတူ မဂ္ဂဇင်း အယ်ဒီတာများကိုပါ အထူးပင် ကျေးဇူးတင်မိသည်။ ထိုသို့ အခန်းဆက်ဝတ္ထုရှည်များကို ရေးဖွဲ့ဖန်တီးခဲ့ကြသူများမှာလည်း ဝါရင့်အမျိုးသမီး စာရေးဆရာမကြီး 'ခင်နှင်းယု'၊ အခန်းဆက်ဝတ္ထုရှည် ရေးဖွဲ့မှု အတွေ့အကြုံရှိသော အမျိုးသမီးစာရေးဆရာ 'ဝင်းဝင်းလတ်'၊ ခု မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ (မိုးစက်ပွင့်များကြားမှ လျှပ်စီးလက်သလို) တွေ့နေရတတ်သော 'တာရာမင်းဝေ' ဆိုသည့် လူငယ်စာရေးဆရာကလေးလည်း တစ်ယောက်အပါအဝင် ဖြစ်လာခဲ့သည်။

■ သူကား မဂ္ဂဇင်းများဝယ် ဝတ္ထုတိုကလေးများဖြင့် အတွေးဆန်းပြားစွာ ဖွဲ့စည်းရေးဖွဲ့လာသူ၊ ဖြူးမြို့မိတ်ဆွေများစာကြည့်အသင်း၏ ၉၅ ခုနှစ် ဝတ္ထုတိုဆုရခဲ့သူ၊ (၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလထုတ် စာပေဂျာနယ်မှ 'အာလူးကောက်သူများ' ဝတ္ထုတိုဖြင့်) ၊

http://www.cherrythitsar.org

နောက်...လုံးချင်းဝတ္ထုရှည်တစ်ပုဒ်လည်း ပထမဦးဆုံး ရေးထုတ်ဖန်တီးသွားခဲ့သူ၊ (ပန်းခေတ်က လမင်း)၊ နောက်...ရွှက်နုဝေမဂ္ဂဇင်းတွင် အခန်းဆက်ဝတ္ထုရှည်တစ်ပုဒ်ပင်။ ဆက်တိုက်ဖန်တီးလာခဲ့သူ။ (ရွှေဖိနပ်မှာ ....................)၊ ခု လုံးချင်းစာအုပ်၊ ဒုတိယမြောက် လုံးချင်းဝတ္ထုရှည်စာအုပ်အဖြစ် ထုတ်ဝေလာပါသည်။

■ စင်စစ် သူသည် တစ်မိုင်ခရီးအတွက် ခြေတစ်လှမ်းဖြင့် အစပြုလာပြီး နောင်လည်း မိုင်ပေါင်းများစွာ ခရီးကို ဆက်လက်လျှောက်လှမ်းတော့မည်ပင်။ ။

■ လွန်ခဲ့သော(၇)နှစ်လောက်ကဆိုပါစို့။အမှတ်မထင်သော ကာလယန္တယားကြီးထဲတွင် ကျွန်တော်သည် အမှတ်မထင်သော လူငယ်တစ်ယောက်နှင့်အတူ တစ်ည, နှစ်ည နားနေအိပ်စက်ခဲ့ရသည်။ ညနေစာစားသောက်ပြီး အိမ်ရှေ့ခန်း ဝရံတာကျဉ်းကျဉ်းကလေးမှာ နှစ်ယောက်သား စကားတွေပြောဖြစ်ကြသည်။ ညကျတော့လည်း ရုတ်တရက် အိပ်စက်ခြင်းမပြုသေးဘဲ ကျောချလှဲလျောင်းရင်း စကားဖောင်ဖွဲ့ပြန်သည်။ ယနေ့လူငယ်မျိုးဆက်သစ်တို့ ကဗျာများ၊ မဂ္ဂဇင်းဂျာနယ်များမှ စာရေးဆရာကြီးငယ်တို့၏ဝတ္ထုတိုများ၊ ဘက်ဆဲလားဖြစ်နေကြသော လုံးချင်းဝတ္ထုစာအုပ်များ၊ ပြီးတော့ နိုင်ငံရပ်ခြားမှ စာပေအနုပညာများ .... အစချီပြီး အဆုံးတိုင် ပြောနေကြခြင်းဖြစ်သည်။

■ သူ အိပ်ပျော်သွားခဲ့သည်။ ကျွန်တော့်မှာ အိပ်မပျော်နိုင်သေး။ လရောင်ရေးရေးဖြာကျလာသော နွေဦးည၌လယ်ယံညမို့ အိပ်မပျော်ခင် အိပ်ပျော်နေသော သူ့မျက်နှာကလေးကို လှမ်းကြည့်လိုက်သည်။ လရောင်သဲ့သဲ့က သူ့မျက်နှာတစ်ဝိုက်တွင် နားခိုနေခိုက်

ဖြစ်သည်။ အလွန်ဆုံးရှိမှ အသက် (၂၀) ဝန်းကျင်ပဲ ရှိဦးမည်။ အင်္ဂလိပ်စာအဓိက၊ တက္ကသိုလ်ကျောင်းသား၊ ကဗျာ၊ စာညွှန့်၊ ဘာသာပြန်များနှင့် ဝတ္ထုအတိုအစများကို တခုတ်တရ သိမ်းထုတ်ထားသည့် လွယ်အိတ်ကလေးက နံရံပေါ်တွင် ချိတ်ထားရာမှ လွယ်အိတ်များမှ ပန်းပွားကလေးများပင် ကြည်လင်ရှင်းသန့်သော မျက်နှာပေါ် လာရောက်ရိုက်ခတ် လှုပ်ရှားနေပါတော့သည်။ ဧကန္တ သူသည် အိပ်မက်များ မက်နေရော့သလားမသိ။ ‘ကျွန်တော်နှင့်အိပ်မက်လေး’ ဆိုသော အက်ဆေးတစ်ပုဒ် ရေးဖွဲ့ချင် ရေးဖွဲ့နေမည်။ ကဗျာလေးများလည်း စပ်ချင်စပ်နေမည်။ ဒါမှမဟုတ် ဝတ္ထုတိုတစ်ပုဒ်၊ ဒါမှမဟုတ် ဝတ္ထုရှည်တစ်ပုဒ် ရေးသားချင် ရေးသားပေလိမ့်မည်။

■ သူကတော့ မသိ။ ကျွန်တော်က တကယ်အိပ်ပျော်သွားသောအခါ တကယ်ပင် အိပ်မက်မက်နေတော့သည်။ ယခု အိပ်မက်မဟုတ်ပါ။ တကယ်လက်တွေ့ မျက်တွေ့ဖြစ်နေလေသည်။ ‘တာရာမင်းဝေ’ တဲ့။ ကလောင်နာမည် အိပ်မက်ထဲမှာ ရေးသားလာခဲ့သော ဝတ္ထုရှည်လားမသိ။ ‘ရွှေဖိနပ်မှာ အစိမ်းရောင်ကြက်ခြေခတ်နဲ့ ကောင်မလေး’ တဲ့၊ ‘နှင်းဆီဖြူ’လေ။ ‘ဂျိုကာ’ လို့ခေါ်တဲ့ ‘သိဟသစ်’ လေ....။

(တစ်ယောက်က ဥတ္တရယဉ်စွန်းတန်း ဆိုရင် တစ်ယောက်က ဒက္ခိဏယဉ်စွန်းတန်းပါပဲ၊ ကမ္ဘာနှစ်ခြမ်း၊ အိပ်မက် နှစ်ခြမ်း၊ လရောင်ကတောင် ပဲခွပ်နဲ့လွဲပြီး အခုတ်ခံရသလိုမျိုး အလင်းနှစ်ခြမ်း)

■ လွန်ခဲ့သော (၇) နှစ်ဆိုသော အချိန်ကာလသည် လရောင်ထဲမှ ထွက်လာခဲ့ပါသည်။ ။

■ မဂ္ဂဇင်းမှာစတင်ဖတ်ရှုလာကတည်းကရေးဟန်(၃) မျိုးဖြင့် ဖွဲ့စည်းတင်ပြလာသည်ကို သတိထားမိပြီးသား စကားပြော အရေးအသား၊ စကားပြေအရေးအသား၊ ပြီးတော့ စာညွှန့်ကလေးများ **....**စသဖြင့်။

■ ဓာတ်လမ်းထဲမှာဂျိုကာသည်နှင်း၏ဖခင်ရှိရာရောက် သွားမည်။ စိတ်လှုပ်ရှားဖွယ် စကားပြေအရေးအသားများဖြင့် ရေးဖွဲ့ ထားသည်။

(သူက လက်ကနာရီကိုကြည့်တယ်။ စားပွဲပေါ်က တယ်လီဖုန်းကို ကြည့်တယ်။ စစ်တုရင် ထိုးလက်စ ကွန်ပျူတာကို ကြည့်တယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်တယ်။ ကျွန်တော်က အလိုက်တသိနဲ့ ထိုင်ရာက ထပြီး **.....**)

■ စကားပြေအရေးအသားလည်း ရှိသေးသည်။
(မိုးကုတ်စက်ဝိုင်းလှလှကြီးမှာ ခါးပြတ်နေပြီ။ အဝေး ဆီမှာ မြူခိုးပြာပြာတွေ မျောလွင့်နေ၏။ ညနေရီပန်း တို့က ပွင့်လန်းရန် တဖျတ်ဖျတ် အားယူနေကြသည်)

■ နောက် စာညွှန့်ကလေးများ။

( ဘယ်လိုသစ်သီးလဲ
အထဲမှာ ရနံ့ပါသတဲ့ )

( မကျေနပ်လို့ ဆက်တွေးပါတယ်
ဘယ်လိုသစ်ပင်လဲ
ဘယ်လိုဥယျာဉ်လဲ
ဘယ်လိုမြေပြင်လဲ )

■ တာရာမင်းဝေ၏ ကျောင်းသားလူငယ်ဘဝမှ ဇာတ်လမ်း၊ ပင်မဇာတ်ဆောင်နှစ်ဦး၏ အချစ်ဇာတ်လမ်း၊ အခြားဇာတ်ဆောင်များ၏ ပံ့ပိုးထောက်ကူမှုပြုထားသော ဂျိုကာ (ခေါ်) သီဟသစ်နှင့် နှင်းဆီဖြူတို့ အချစ်ဇာတ်လမ်း ရင်ခုန်လှိုက်မောစွာ ဖတ်ရှုခံစားရပါသည်။ ဂျိုကာသူငယ်ချင်း၊အပေါင်းအသင်းများ (ဇေယျ၊ မြင့်သူ၊ ကိုအောင်၊ အေလင်းချို၊ ကိုကောက်ရိုးဇနီးမောင်နှံ၊ ကြည်ကြည်ဝေ၊ ယဉ်ယဉ်မင်း၊ မို့မို့**...** စသည့် ဇာတ်အရံ ဇာတ်ဆောင်များ၏ စရိုက်များ) နှင့် အခြား နှင်း၏ ဖခင်နှင့် စေ့စပ်ထားသူများ (ဦးမောင်မောင်၊ ကိုကိုအောင်၊ ထူးမြတ်ကျော်ခေါင်) စသည့်သူတို့၏ စရိုက်များကိုလည်း စိတ်ဝင်တစား ဖတ်ရှုလိုက်ရပြန်သည်။

■ ဇာတ်လမ်းအဖွင့်တွင်ဆရာ့ရုံးခန်းထဲရောက်နေသော သီဟသစ်သည် ထိုနေ့မှ ကျောင်းစတက်လာသော အစိမ်းရောင်ကြက်ခြေခတ်ဖိနပ်ကလေးနှင့် နှင်းဆီဖြူဆိုသည့် ကျောင်းသူသစ်ချောချောကလေးအား စတင်တွေ့ဆုံခဲ့သည်။ ကျောင်းသား၊ ကျောင်းသူဘဝ အပျော်နေ့ရက်များဖြင့် ရင်ခုန်စွာ စတင်ဖတ်လာရသည။ တစ်ယောက်နှင့်တစ်ယောက်က ဥတ္တရယဉ်စွန်းတန်းနှင့် ဒက္ခိဏယဉ်စွန်းတန်းများဖြစ်နေကြသည်။ စကားပြောခန်းများမှာလည်း အသံနရိတွေ၊ စည်းဝါးတွေဖြင့် အတိအကျ၊ ဟာသလည်းပါသေးသည်။ (ဂျိုကာ၏ စရိုက်မှာ စကားပြောများဖြင့် ထပ်တူကျနေသည်။ နံမည်နှင့်လိုက်ပါဘိ) အလွမ်းအဆွေးများလည်း ရှိပါသေးသည်။ (ဂျိုကာ၏ စရိုက်မှာ စာလုံးများနှင့် လိုက်ဖက်ညီနေပြန်သည်)။ **'**နှင်း**'**ကတော့ မျဉ်းတစ်ဖြောင့်တည်း သရုပ်ဆောင်ပါဝင်လာခဲ့လေသည်။

■ အကြိုက်ဆုံးအခန်းမှာ ဇာတ်လမ်းနိဂုံးချုပ်၊ ဂျိုကာနှင့်

နှင်းတို့ ကားပေါ်မှတစ်တွဲ၊ နောက်က နှင်း၏ဖခင်ကား၊ နောက် ကိုကိုအောင်ကား၊ နောက် ဂျိုကာ့သူငယ်ချင်းတွေကား၊ ကားတွေ တန်းစီမောင်းနှင်လိုက်လာကြပုံ။ ပန်းတစ်ပွင့် ပေတရာပေါ်ကျလာပုံ၊ ကားဘီးတွေ...ကားဘီးတွေ...ရုပ်ရှင်နဂ္ဂတစ်ဖလင်ပြားများ ကြည့်နေရသလိုပင်...။

■ ကျွန်တော်သည်ဝတ္ထုဖတ်ပြီး အင်္ဂလိပ်စာရေးဆရာ 'ဒီ၊ အိတ်(ချ်)၊ လောရင့်' **(D.H Lawrence)** ၏ စာတစ်ပိုဒ်ကို သတိရလိုက်သည်။ 'အနုပညာသည် ကျွန်တော့်အတွက်...' **(Art for My Sake)** ဝတ္ထုစာပေတွင် စာရေးဆရာများသည် ကျွန်တော့် အတွက်ဟု ဆိုလာလျှင် 'ရွှေဖိနပ်မှာ ....' ဝတ္ထုရေးဖွဲ့ခဲ့သော 'တာရာမင်းဝေ' သည်လည်း သူ့အတွက်ဖြစ်လာပြီ။ ဤတွင် တာရာမင်းဝေတွင် တာဝန်ရှိလာပြန်ပြီ။ ဘယ်လိုတာဝန်များလဲ...။

■ ကိုယ်ရေးဖွဲ့ဖန်တီးခဲ့သော ဝတ္ထုစာပေများအတွက် ကိုယ်တာဝန်ရှိလာသည်။ ကျွန်တော် ဖတ်ရှုခံစားသည်။ ဝေဖန်သုံးသပ်သည်။ အဆင့်အနိမ့်ဆုံး ကောင်းဆိုးနှစ်တန် ဝေဖန်ခဲ့သည်ရှိစေ။ ကိစ္စမရှိ။ အရေးကြီးသည်မှာ ဝတ္ထုရေးသူ **(Novelist)** မှာ ကိုယ့် ဝတ္ထုလက်ရာများကို ကောင်းသည်ထက်ကောင်းရန်၊ ဆိုးသည်ထက် မဆိုးရန် တာဝန်ရှိနေပါတော့သည်။ သို့မှသာ ... ကိုယ်လျှောက် လှမ်းလာသော ဆက်လက်လျှောက်လှမ်းရမည့် အနုပညာလမ်းကလေး သည် သာယာဖြောင့်တန်း ပွင့်သောပန်းများဖြင့် သင်းရနံ့လှိုင်နေပေ တော့မည်ပင်။ ။

**လေးကိုတင်**

ရွှေဖိနပ်မှာအစိမ်းရောင်

# တာရာမင်းဝေ

ကြက်ခြေခတ်နဲ့
ကောင်မလေး

http://www.cherrythitsar.org

[၁]

ဘယ်လိုသစ်သီးလဲ၊

အထဲမှာ ‘ရန့်’ ပဲပါသတဲ့။

[၂]

မကျေနပ်လို့ ဆက်တွေးပါတယ်၊

ဘယ်လိုသစ်ပင်လဲ၊

ဘယ်လိုဥယျာဉ်လဲ၊

ဘယ်လိုမြေပြင်လဲ၊

[၃]

နောက်တော့လည်း....

ဝေခွဲမရဖြစ်လာပြန်တယ်၊

'ရန့်' ထဲမှာ

တစ်ခုခုများပါလာမလား။

[၄]

အဲ့ဒီလိုနဲ့ပဲ....၊

သစ်သီးကို ခွဲရပါလေရော....။

# အပိုင်း [၁]

များလိုက်တဲ့မာယာတွေ

ကမ္ဘာမြေက

ဘာလို့များ  လက်ခံထားရတာပါလိမ့်

မနော်ဟရီ
(ပန်းလှေလမ်းခွဲ)

# ကာရာမင်းဝေ

## ရွှေဖိနပ်မှာအစိမ်းရောင်ကြက်ခြေခတ်နဲ့ ကောင်မလေး

ကျွန်တော့်လို ညစ်ကျယ်ကျယ်ကောင်လေးတစ်ယောက်အဖို့ ရုံးခန်းထဲဝင်ပြီး ကျောင်းအုပ်ဆရာကြီးရှေ့မှာ လက်မှတ်သွားသွားထိုး ရတာ ဆန်းတဲ့ကိစ္စမဟုတ်တော့ပါဘူး။

ဒါပေမယ့် ဒီတစ်ခေါက် လာခဲ့ရတာမှာတော့ ရင်ခုန်လှပတဲ့ ထူးခြားမှုလေးတစ်ခုကို (နောင်အခါ အရှုံးအမှုးဖြစ်ရတဲ့အထိ) ငြိတွယ် ကြုံတွေ့ခဲ့ရပါတော့တယ်။

"နေပါဦး....၊ မင်းကို ငါမေးပါဦးမယ်၊ မင်း ငါ့ဆီ လာလာ ပြီး နောင်ကို ဆင်ခြင်ပါတော့မယ်လို့ လက်မှတ်ခဏခဏလာထိုးနေ ရတာ မရှက်ဘူးလား"

"ဟာ ရှက်တာပေါ့ဆရာကြီးရာ"



http://www.cherrythitsar.org

ဆရာကြီးကိုကြောက်လို့သာ ကြည့်ကောင်းအောင် ဖြေလိုက်ရတာပါ။ အမှန်တော့ သိပ်မရှက်လှပါဘူး။

"ဆရာကြီးက ငါ့လက်မှတ်တွေကို အခုကတည်းက စုနေတာ၊ နောင် ငါ ကမ္ဘာကျော်ပုဂ္ဂိုလ်ဖြစ်လာရင် သူ ပြန်ရောင်းစားမလို့" လို့ ကွယ်ရာမှာ ကျွန်တော်လျှောက်ပြောနေတာကိုလည်း ဆရာကြီး မသိဘူး။

"ငါ ဆုံးမတိုင်းလည်း မင်းလိမ္မာပြီး လှည့်ပြန်သွားတယ်။ နောက်ပြီး အစက ပြန်မိုက်လို့ ငါ အစက ပြန်ဆုံးမရတာပဲ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။ အဲဒီတော့ မင်းနဲ့ငါ ဘယ်လိုလုပ်ကြမလဲ"

အကောင်းဆုံးကတော့ စိမ်ပြေးတမ်း ထ,ကစားကြဖို့ပဲ ဖြစ်နေပါတော့တယ်။

ဒါပေမယ့် အဲဒါကလည်း မဖြစ်နိုင်တဲ့အတွက်ကြောင့် မျက်နှာသေလေးနဲ့ပဲ ခပ်ကုပ်ကုပ် ထိုင်နေလိုက်ပါတော့တယ်။

"ကဲ အခု မင်းအပြစ်ကို မင်းသိတယ်မို့လား"

"မသိပါဘူးဆရာကြီး"

အမှန်ကတော့ ကျွန်တော်ကျူးလွန်ထားတဲ့ပြစ်မှုတွေက များနေလို့ ခု ဘယ်အမှုနဲ့ပတ်သက်ပြီး ရုံးခန်းက ခေါ်သလဲဆိုတာကို မသိတာပါ။

ဒါပေမယ့် ဒါလည်း ဆရာကြီးကိုပြောလို့ မဖြစ်ပြန်ဘူး။



http://www.cherrythitsar.org

အဲဒီအချိန်မှာ ဆရာမဒေါ်ခင်စောရွှေ ရောက်လာတယ်။

"ဆရာကြီး ကျောင်းသူအသစ်တစ်ယောက် ကျောင်းပြောင်းလာတယ်။ လုပ်စရာရှိတာတွေတော့ ကျွန်မ အကုန်လုပ်ပြီးပါပြီ။ ဆရာကြီးမေးစရာရှိရင် မေးဖို့ခေါ်လာတယ်"

ပန်းပွင့်လေးရဲ့ သနပ်ခါးလိမ်းသံလို့ နောင်အခါ ကျွန်တော်တင်စားယူခဲ့မိတဲ့ မြတ်မြတ်နိုးနိုးကောင်မလေးရဲ့ခြေသံဟာ ကျွန်တော်ရှိရာအရပ်ကို ဦးတည်ရွေ့လျားလာပါတော့တယ်။

ခေါင်းငုံ့ထားရတဲ့ကျွန်တော်က အဲဒီကောင်မလေးရဲ့ခြေထောက်ကို စမြင်ရတာပါ။ ဖွေးဥစိမ်းမြတဲ့ သူ့ခြေဖမိုးလှလှလေးတွေကို ရွှေရောင်ဖိနပ်လေးတစ်ရံက အုပ်သိုင်းထားပါတယ်။

ဆရာကြီးရှေ့မှာ ရိုသေသမှုနဲ့ သူ့ဖိနပ်လေးကို ချွတ်ပါတယ်။ ရွှေဖိနပ်ကလေးတွေရဲ့ အလယ်ဗဟိုမှာ အစိမ်းရောင်ကြက်ခြေခတ်တစ်ခုစီပါတာကို ကျွန်တော် သတိထားလိုက်မိတယ်။

ဆရာကြီးက ကောင်မလေးကို အကဲခတ်သလို တစ်ချက်ခြုံငုံကြည့်တယ်။ ပြီးတော့မှ ...

"ခဏနေဦးနော်သမီး၊ ဒီကောင့်ကိစ္စကို ရှင်းရဦးမယ်"

ဆရာကြီးရဲ့အကြည့်က ကျွန်တော့်ဆီ ပြန်ရောက်လာတယ်။ ကောင်မလေးကလည်း ကျွန်တော့်ကို လိုက်ကြည့်တယ်။ ကျွန်တော်နဲ့ဆရာကြီးရဲ့အခြေအနေကိုတော့ အခန်းထဲဝင်လာကတည်းက သူရိပ်မိပြီးသားပါ။

"အဟမ်း"

ဆရာကြီးက ချောင်းဟန့်ရင်း သူ့တိုက်ပုံအင်္ကျီအိတ်ထဲက အစိမ်းရောင်မြေဖြူခဲတစ်ခဲကို နှိုက်ယူလိုက်တယ်။ အစိမ်းရောင်မှင်ထဲမှာ စိမ်ထားခဲ့တဲ့ မြေဖြူတောင့်ပါ။ (ကျွန်တော့်မြေဖြူတောင့်ပါ)

"အဲဒီမှာ ဘုရားဂေါပကလူကြီးနှစ်ယောက် ငါ့ကို လာပေးသွားတာ၊ မင်းကိုပါ တစ်ခါတည်း တိုင်သွားတယ်။ ဂေါပကလူကြီးနှစ်ယောက်က မင်းကို ကောင်းကောင်းသိတယ်။ ကဲ...မင်း ဘာပြောချင်တုန်း"

ကျွန်တော် ဘာပြန်ပြောရမလဲမသိ ဖြစ်သွားပါတယ်။

"သူတို့က ပြောသွားတယ်။ တာဝန်အရ ဘုရားဝင်း ပတ်ပတ်လည်မှာ ရေးထားတဲ့စာတန်းတွေမှာ မင်းက ဒီမြေဖြူခဲနဲ့ ပေါက်ကရတွေ လိုက်ဖြည့်ရေးတယ်တဲ့။ ငါ့အနေနဲ့ မင်းကို ပြတ်ပြတ်သားသား ဆုံးမပေးစေချင်တယ်တဲ့။ ကဲ...ဘယ်လိုလဲ"

ကျွန်တော် ငြိမ်နေလိုက်သည်။

ဘေးနားက ကောင်မလေးကလည်း ကျွန်တော့်ကို ကြည့်ရင်း ငြိမ်နေတယ်။ ရုံးခန်းထဲရောက်နေတဲ့ ဆရာ၊ ဆရာမတွေကလည်း အလိုက်တသိနဲ့ သူတို့အလုပ်ကိုပဲ လုပ်နေကြတယ်။ လက်နှိပ်စက်ရိုက်သံကလည်း ရပ်သွားပြီ။

ရုံးခန်းထဲမှာ တိတ်ဆိတ်သွားပြီး ကျွန်တော့်ကို စစ်ကြောနေတဲ့ ဆရာကြီးရဲ့ စကားသံကပဲ ထွက်ပေါ်နေတယ်။



http://www.cherrythitsar.org

"ကဲ...ဂျိုကာ အဲလေ...သီဟသစ် မင်းကို ဘယ်လို ဆုံးမ ရမလဲ"

ကျွန်တော့်သဘောကတော့ ချော့မော့ဆုံးမစေချင်တာပါပဲ။ အဲဒီမှာ ဆရာကြီးက ကျွန်တော့်ကို တစ်ခုထပ်မေးပါတယ်။

"နေပါဦး...မင်းက ဘယ်လိုစာတွေ သွားရေးတာလဲ"

"ခင်ဗျာ...အဲ"

ဆရာကြီးရဲ့စကားအဆုံးမှာ ရုံးခန်းထဲက ဆရာ၊ ဆရာမတွေ အားလုံး ကျွန်တော့်ကို ဝိုင်းကြည့်ကြပါတယ်။

ရွှေဖိနပ်နဲ့ ကောင်မလေးကတော့ ဆရာကြီးကိုတစ်လှည့် ကျွန်တော့်ကိုတစ်လှည့် ကြည့်နေတယ်။

အကျပ်အတည်းကြားမှာပဲ သိပ်လှပြီး သိပ်ချစ်စရာကောင်း နေတဲ့ သူ့အမူအရာလေးကို ကျွန်တော်သတိပြုခဲ့မိသေးတယ်။ (နှောင်နှစ်ပေါင်းများစွာအထိလည်း မှတ်မှတ်ရရရှိသွားပါတယ်)

"ကဲ ပြောစမ်း...မင်းက ဘာတွေ ဘယ်လိုသွားရေးသလဲ"

ကျွန်တော် အဖြေရကျပ်နေလို့ နှုတ်ခမ်းကိုက်စဉ်းစားရင်း ကောင်မလေးကို ကြည့်လိုက်မိတယ်။ ကောင်မလေးရဲ့ မျက်လုံး တောက်တောက်လေးတွေက ကျွန်တော့်ကို ဝင့်ဝင့်ရဲရဲ စိုက်ကြည့်နေ လေရဲ့။

"ဒီ ဒီလိုပါဆရာကြီး...ဘုရားဝင်းထဲမှာ အပေါ့အပါး သွား လို့ရတဲ့နေရာတွေ ရှိပါတယ်"



http://www.cherrythitsar.org

ဆရာကြီး နဖူးကြောရှုံ့သွားတယ်။ ပြီးတော့မှ...

"အင်း အဲဒါဘာဖြစ်လဲ"

"ယောက်ျားတွေ အပေါ့အပါးသွားတဲ့နေရာမှာ သူတို့က စာရေးထားပါတယ်။ ဤနေရာတွင် နွားများမှသာ မတ်တပ်ရပ် ကျင်ငယ်စွန့်ကြသည်တဲ့"

ဆရာကြီးက ဘာမှပြန်မပြောဘဲ ကျွန်တော့်ကို ကြည့်နေတယ်။

"အဲဒါကို မခံချင်ဖြစ်မိတာနဲ့ ကျွန်တော့်လက်ထဲက မြေဖြူနဲ့ ပြန်ရေးလိုက်တာပါ"

"အင်း ဘယ်လိုရေးလိုက်တာလဲ"

"နွားက ထိုင်ပေါက်လို့မှ မရတာလို့"

ဆရာကြီးက နဖူးကြောရှုံ့ပြီး မျက်မှောင်ကြုတ်သွားပြန်ပါတယ်။

သူ့အာရုံထဲမှာ နွားတွေ ကျင်ငယ်စွန့်ပုံကို မြင်ယောင်ကြည့်နေဟန်ရှိပါရဲ့။ ချက်ချင်းခေါင်းပြန်ခါတယ်။ ပြီး ခေါင်းတဆတ်ဆတ်ညိတ်ပြန်တယ်။

"အေး ငါလဲ နွားတွေထိုင်ပြီး ကျင်ငယ်စွန့်တာ တစ်ခါမှ မတွေ့ဖူးဘူး။ တစ်ခါတော့လဲ အင်း...အဲဒါလဲ ထိုင်ရက်မဟုတ်ဘူး။ မင်းပြောမှ ငါစဉ်းစားမိတယ်"

လက်နှိပ်စက်ခုံက ဆရာမလေးဟာ ပထမတော့ ရယ်ချင်တာ

ကို အတင်းတည်ထားပါသေးတယ်။ နောက်တော့ ဆရာကြီးပြောတာတွေကို ကြားနေပြီး မအောင့်နိုင်တော့လို့ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ကြိတ်ရယ်ပါတယ်။

ကျွန်တော့်နံဘေးမှာ ရွှေဖိနပ်နဲ့ကောင်မလေးဟာ ခေါင်းငုံ့ပစ်ပြီး သူ့မျက်နှာကို ဆံနွယ်ခက်လေးတွေနဲ့ ကာလိုက်ပါတယ်။ (သူလည်း ရယ်ချင်နေတယ်ထင်တာပဲ)

နောက်မှ ဆရာကြီးက အိပ်ပျော်ရာက နိုးလာသူလို...

"အေး...ထားပါတော့၊ မင်းက ဘာကိစ္စ အဲဒီလို လျှောက်ရေးရတာလဲ။ သူတို့ဖာသာသူတို့ရေးထားတာ မင်းနဲ့ဘာမှ မပတ်သက်ဘူး။ ဒါ...မင်းက သူတို့အလုပ်ကို သက်သက်ဝင်နှောင့်ယှက်တာပဲ။ ဒါ မင်းမှာ အပြစ်ရှိတယ်။ မင်းကို ငါ့အနေနဲ့ ပြတ်ပြတ်သားသား အရေးယူရလိမ့်မယ်။ အဲဒီတော့..."

ဆရာကြီးက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပါတယ်။ ကျွန်တော်က သူ မမြင်မြင်အောင် သက်ပြင်းရှည်ကြီးတစ်ခုကို ချပြလိုက်တယ်။

ဆရာကြီးက ကျွန်တော့်ကို ဘယ်လိုအပြစ်ဒဏ်ပေးရမလဲ စဉ်းစားနေတုန်းမှာ...

"ဆရာကြီး ဖုန်းလာနေတယ်ခင်ဗျ"

ကျောင်းစာရေးလာပြောလို့ ဆရာကြီး သူ့ကုလားထိုင်က ထပါတယ်။ တယ်လီဖုန်းထားရာအခန်းဆီ ခြေလှမ်းမှန်မှန်နဲ့ ထွက်သွားပါ



http://www.cherrythitsar.org

တယ်။ ရုံးခန်းထဲက ဆရာ၊ ဆရာမတွေ ကျွန်တော့်ကို ဝိုင်းကြည့်ကြပြီး

"ဂျိုကာတို့ကတော့ စံပဲဟေ့"

"ဂျိုကာ...ဒီတစ်ခါတော့ ဆရာကြီး မင်းကိုတွယ်တော့မယ်ထင်တယ်"

ကျွန်တော် ရယ်နေလိုက်တယ်။ လက်နှိပ်စက်ရိုက်နေတဲ့ဆရာမလေးက ရွှေဖိနပ်နဲ့ကောင်မလေးကို ပြုံးပြပြီးမေးတယ်။

"သမီးက လှလိုက်တာကွယ်...နာမည်ဘယ်လိုခေါ်သလဲ"

ကောင်မလေးက ဆရာမလေးကို တိုးတိုးလေးလှမ်းပြောတယ်။ ကျွန်တော်မကြားအောင် ပြောတာဖြစ်နိုင်ပေမယ့် ကျွန်တော်ကလည်း ကြားဖြစ်အောင် ကြားလိုက်တယ်။

"ဘာ နှင်းခူဟုတ်လား၊ နင့်နာမည်ကလဲ ယားလိုက်တာဟာ"

ကောင်မလေးက ကျွန်တော့်ကို မျက်စောင်းလှည့်ထိုးပါတယ်။ ပြီးတော့ ဆရာမဘက်ကို တိုးတိုးကလေး စကားလှည့်ပြောပြန်တယ်။ ဆရာမက ခေါင်းညိတ်ပြီး လက်ညှိုးညွှန်ပြတယ်။ သူရေအိမ်သွားမလို့ထင်ပါရဲ့။ အခန်းထဲက သူထွက်ခါနီးမှာပဲ ကျွန်တော်က လှမ်းအသံပြုလိုက်တယ်။

"ဟိတ်"

သူ ကျွန်တော့်ကို လှမ်းကြည့်တယ်။ ကျွန်တော့်မျက်နှာဆီသူ့မျက်လုံးတွေ ဝင့်လက်ရောက်ရှိလာပုံက စိတ်ရှိလက်ရှိ ဖွဲ့နွဲ့ပြရရင်



http://www.cherrythitsar.org

ကျမ်းတစ်စောင်လောက် ထူသွားနိုင်တယ်။

"နင် အိမ်သာသွားမလို့လား"

"အို ဘယ်သွားသွား နင်နဲ့ဘာဆိုင်လဲ"

သူက...မျက်နှာလေးနီပျို့သွားပြီး ရှက်ကိုးရှက်ကန်း ပြန်ပြောပါတယ်။ ကျွန်တော်က နှပ်ချေးကလော်နေရာကနေပြီး...

"မဟုတ်ပါဘူး၊ နင်အိမ်သာသွားရင် ဒီနှပ်ချေးခြောက်ကလေးပါ တစ်ခါတည်း ယူသွားစမ်းပါပြောမလို့"

"ဘာ"

ကျွန်တော် လက်ထဲက နှပ်ချေးခြောက်ကလေးကို ကမ်းပေးရင်း...

"လမ်းကြုံယူသွားလိုက်စမ်းပါဟာ...အိမ်သာပေါက်ထဲ ပစ်ချခဲ့ပေါ့၊ ငါက ထွက်လို့မရလို့ပါ"

"အောင်မာ"

"ဟဲ့...ဂျိုကာ"

အခန်းထဲက ဆရာ၊ ဆရာမတွေ ကျွန်တော့်ကို သံပြိုင်ဝိုင်းမာန်လိုက်ကြတယ်။

"သွား...သွား...သမီး ဒီကောင့်ကို အဖက်လုပ်မနေနဲ့"

ကောင်မလေး ထွက်သွားတယ်။

ခဏကြာတော့ ပြန်ဝင်လာတယ်။ ကျွန်တော့်ကို မသိမသာစောင်းကြည့်ရင်း ခပ်ခွာခွာရပ်တယ်။



http://www.cherrythitsar.org

မရှေးမနှောင်းမှာပဲ ဆရာကြီးလည်း ပြန်ဝင်လာတယ်။ အခန်းထဲမှာ ပြန်တိတ်ဆိတ်သွားတယ်။ ဆရာကြီးက ကုလားထိုင်မှာပြန်ဝင်ထိုင်ရင်း ကျွန်တော့်ကို လက်ညှိုးကြီး ထောင်ပြတယ်။

"မင်း နောက်ကို အဲဒီလိုမလုပ်ရဘူးနော်"

ရာသီဥတုက ချက်ချင်းပဲ မိုးရိပ်လေရိပ်တွေ ပြယ်သွားတာကို ကျွန်တော်အပါအဝင် တစ်ခန်းလုံး ရိပ်မိလိုက်တယ်။ ဆရာကြီး ကျွန်တော့်အပေါ်မှာ စိတ်ပျော့ပျောင်းသွားပါပြီ။ ကျွန်တော်က သွက်သွက်လက်လက်နဲ့...

"ဟုတ်ကဲ့ နောက်မလုပ်တော့ပါဘူးဆရာကြီး"

"မင်း နက်ဖြန် တိုက်ပုံဝတ်လာခဲ့၊ ကျောင်းဆင်းရင် မင်းနဲ့ ငါ သွားစရာရှိတယ်"

ကျွန်တော်မှ မဟုတ်ပါဘူး။ အားလုံးအံ့သြတာပါ။ ဆရာကြီးက ရုံးခန်းထဲက ဆရာ၊ ဆရာမတွေကို ဝေ့ကြည့်ပြီး ခပ်ပြုံးပြုံးပြောတယ်။

"ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲမှာ ဒီကောင်က ပထမဆုရတယ်တဲ့ဗျာ၊ အခု ဖုန်းလာတာ အဲဒီကိစ္စ၊ ဒီကောင့်စာစီစာကုံးက ကောင်းလွန်းလို့ ပထမဆုအပြင် သီးသန့်ဂုဏ်ပြုလက်ဆောင်ပါပေးဦးမယ်တဲ့။ အဲဒါ နက်ဖြန် ဆုပေးပွဲကို ကျုပ်ကိုယ်တိုင်က မောင်သီဟသစ်ကိုခေါ်ပြီး လာခဲ့ပါတဲ့"

ရုံးခန်းထဲမှာ စကားသံတွေ ခပ်အုပ်အုပ်ထွက်လာပါတယ်။

ကျွန်တော့်ကို မျက်နှာလွှဲထားတဲ့ ကောင်မလေးကလည်း တစ်ချက် မျက်လုံးထောင့်ကပ်ပြီး ပြန်ကြည့်ပါတယ်။

ဆရာကြီးက ပြုံးပြုံးကြီးနဲ့ . . .

“ကဲ . . . မင်းသွားတော့၊ နက်ဖြန် တိုက်ပုံလေး ဝတ်လာခဲ့။ သြော် . . . သမီးလည်း သမီးစာသင်ရမယ့်အခန်းကိုသွားတော့၊ နောက်မှပဲ ဆရာကြီး ခေါ်လိုက်မယ်။ သွားကြ သွားကြ”

ကောင်မလေးနဲ့ ကျွန်တော် ရုံးခန်းထဲကနေ ရှေ့ဆင့်နောက်ဆင့် ထွက်ခဲ့ကြပါတယ်။

နောက်က ကျွန်တော်ပါလာမှန်းသိလို့ သူက ရှေ့ကနေ ခပ်သွက်သွက်လျှောက်သွားပါတယ်။

“ဟိတ် ရှေ့ကကောင်မလေး . . . နှင်းခူဆိုတဲ့ ကောင်မလေး”

သူ လှည့်ကြည့်မှာမဟုတ်မှန်းသိရက်နဲ့ ကျွန်တော် ထပ်ခေါ်လိုက်သေးတယ်။

“ဟိတ် ကောင်မလေး . . . ဟို နှင်းဆီဖြူဆိုတဲ့ ကောင်မလေး”

❋ ❋ ❋

ခုအချိန် ပြန်စဉ်းစားတော့ အဲဒီတုန်းကဘဝဟာ မှုံဝေအုံ့ပျနေလေရဲ့။

ကျွန်တော်တို့တွေရဲ့အသက်က ၁၆ နှစ်၊ စံပယ်တွေ ချုန်းချုန်းထစ်ထစ် ပွင့်ကြတဲ့ရာသီ၊ ခေါင်းလောင်းသံတွေကြားမှာ ကျောင်းတံခါးကြီးက သူ့ရင်ကို ကားခနဲပြန်ဖွင့်ပေးခဲ့။

လူနဲ့ အိပ်မက်နဲ့ ပက်ပင်းတိုးမိကြသေးတဲ့အချိန်ပေါ့။

ကောင်မလေးက ကျွန်တော့်ခုံတန်းရဲ့ရှေ့ဘက် ခပ်ဝေးဝေးမှာနေရာရပါတယ်။

အဲဒီလိုနဲ့ ကျွန်တော်လှမ်းကြည့်ရင်မြင်နေရတဲ့အရပ်မှာ ရင်ပွင့်

အောင်လှတဲ့ နှင်းဆီဖြူလေး ယိမ်းဝင့်ရှင်သန်လာပါတယ်။

ကျောင်းသူသစ်ဆိုပေမယ့် မကြာလှတဲ့အချိန်အတောအတွင်းမှာ သူဟာ တစ်ခန်းလုံးနဲ့ သိကျွမ်းခင်မင်သွားပါတယ်။

တချို့ကိစ္စတွေအပေါ်မှာ သိပ်လေးနက်တဲ့ နှင်းဆီဖြူနဲ့ တချို့လူတွေရဲ့လေးနက်မှုကိုမှ သရော်တတ်တဲ့ ကျွန်တော်ဟာ တစ်ကြိမ်တစ်ခါတော့ ထိပ်တိုက်တိုးမိကြပါသေးတယ်။

တစ်နေ့ ကျောင်းမုန့်စားဆင်းချိန်၊ စာသင်ခန်းထဲမှာ ကျွန်တော်ခုံခေါက်သီချင်းဆိုနေတုန်း ကြည်ကြည်ဝေ ကျွန်တော့်အနားကို ရောက်လာပါတယ်။

"ဂျိုကာ ငါ့ကို အော်တိုရေးပေးစမ်းပါ"

ကျွန်တော်က သီချင်းဆိုရပ်လိုက်ပါတယ်။ အင်္ကျီကော်လံကို ပြင်ထောင်ရင်း...

"အဟဲ...ငါဖြင့် အခုမှ သီချင်းတစ်ပုဒ် ဆိုရသေးတယ်။ နင်က မနေနိုင်တော့ဘူးကိုး၊ အော်တိုတွေဘာတွေ အရေးခိုင်းနေပြီ၊ ရပါတယ်၊ ပရိသတ်ကို လေးစားရမှာပေါ့၊ ငါရေးပေးပါ့မယ်"

"အောင်မယ်"

ကြည်ကြည်ဝေက ကျွန်တော့်စကားကို ချက်ချင်းပြန်ငြင်းပါတယ်။

"ငါက နင့်ကို သူငယ်ချင်းချင်း အော်တိုရေးခိုင်းတာ၊ နင် သီချင်းဆိုနေလို့ မဟုတ်ဘူး။ ငါဖြင့် နင် ဘာတွေဆိုနေမှန်းတောင်



http://www.cherrythitsar.org

မသိဘူး။ ဒီစာအုပ်ထဲမှာ သူငယ်ချင်းတွေ တော်တော်စုံစုံရေးပြီးပြီ။ နင်တို့ပဲ ကျန်တော့တာ”

“သြော်...ရပါတယ်၊ စာအုပ်ထားခဲ့လေ၊ ငါ့ဒဿနလေးတွေ ဖြန့်ဝေပေးရဦးမှာပေါ့၊ ရပါတယ်”

ကြည်ကြည်ဝေက မဲ့ပြုံး သူ့အော်တိုစာအုပ်ကလေး ထားသွားတယ်။

ကျွန်တော့်ဘေးမှာထိုင်တဲ့ ဖေယျက သူ့သချ်ာအကြမ်းတွက်တဲ့ ကျောက်သင်ပုန်းကြီးနဲ့ အပြင်က ပြန်ရောက်လာတယ်။ ကျွန်တော် ကိုင်တောင်မကိုင်ရသေးတဲ့ အော်တိုစာအုပ်ကလေးကို ဆွဲယူဖတ်တယ်။

ပြီး “ဟီး...ဟီး” ဆိုပြီး ခဏခဏရယ်နေတယ်။

“ဘာဖြစ်နေတာလဲ”

ဖေယျလက်ထဲက စာအုပ်ကို ကျွန်တော် ဆွဲယူကြည့်လိုက်တယ်။ ဖေယျရယ်မယ်ဆိုရင်လည်း ရယ်စရာပါပဲ။ တချို့အော်တိုစာသားတွေက ဆတ်ကော့လတ်ကော့နဲ့ ရှက်စရာကောင်းတယ်။

ဥပမာ တစ်ယောက်က ရေးထားတယ်။ (မိန်းကလေးပါ)

“ဘဝမှာ အပျော်ရဆုံးအချိန်” ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပလေးဘွိုင်းသန်းနိုင်ရဲ့ သီချင်းတွေ နားထောင်ပြီး သီချင်းစာအုပ်ကို ရင်ဘတ်ပေါ် တင်ထားရတဲ့အချိန်” လို့ ရေးထားတယ်။

ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်။ အဲဒီ



http://www.cherrythitsar.org

ကျောင်းသူကိုလည်း တုတ်နဲ့ သွားထိုးချင်စိတ်တွေ ပေါ်လာတယ်။

နောက်တစ်ယောက်ကဆို ပိုတောင်ဆိုးသေးတယ်။

"ဘဝမှာ ရင်အဖိုရဆုံးအချိန်" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ "ရက်စေ့တာတောင် သူ ဆင်းမလာသေးတဲ့အချိန်" လို့ ရေးထားတယ်။ ပြီးတော့ ဘေးမှာ ပြောင်ပြနေတဲ့ ကာတွန်းမျက်နှာလေးတစ်ခုကို ဆွဲထားတယ်။

ကျွန်တော် ရှက်သွားတယ်။ ဖတ်ရတာ မျက်နှာပူသလိုဖြစ်သွားပြီး တစ်ဆက်တည်း ဒေါသတွေလည်း ဆောင့်ထွက်လာတယ်။

"ငါတို့ ပေါက်ကရတွေ ရေပေးလိုက်ရအောင်"

"အေး ငါလည်း အဲဒါပြောမလို့"

ကျွန်တော်နဲ့ဇေယျ ပြိုင်တူရယ်လိုက်မိကြတယ်။ တွေ့ကြသေးတာပေါ့လို့ ကြုံးဝါးရင်း အော်တိုစာအုပ်ကလေးကို ပြန်လှန်လိုက်တယ်။

ကြည်ကြည်ဝေက သူ့စာအုပ်လေးအဖွင့်မှာ သူ့ဖာသာ ဒီလို ပြန်ရေးထားတယ်။

| | |
|---|---|
| မေမေပေးတဲ့နာမည်လေး | *ကြည်ကြည်ဝေ* |
| ချစ်သူကပေးတဲ့နာမည်လေး | *'ဝေ' တဲ့* |
| ချစ်သူကပေးလက်ဆောင်လေး | *ရေမွှေးပုလင်း* |
| ကမ္ဘာပေါ်မှာအခင်တွယ်ဆုံးအရာ | *ကြောင်ပေါက်စကလေးတွေ* |



http://www.cherrythitsar.org

ကမ္ဘာပေါ်မှာ အမုန်းဆုံးအရာ — *နွေကျောင်းပိတ်ရက်*

ကမ္ဘာပေါ်မှာ အပျော်ရဆုံးအချိန် — *ကျောင်းဖွင့်ချိန်*

ဘဝမှာ အပျော်ရဆုံးအချိန် — *မျှော်လင့်ချက်တစ်ခု*
*အတွက် စောင့်စားရတဲ့*
*အချိန်*

အိပ်မက်ထဲမှာ ဘာတွေဖြစ်သလဲ — *ငိုခဲ့ဖူးတယ်*

တွေးမိတဲ့စိတ်ကူး — *မျှော်လင့်ချက်မှာ အတောင်*
*ပံပါရင် ကောင်းမယ်လို့။*

ရေးမိတဲ့ကဗျာ — *သတိရတိုင်း*
*သူ့ကိုလွမ်းတယ်၊*
*မယုံရင်လည်း ရှိစေတော့။*

ကဗျာကဖြင့် ကာရန်လည်းမညီဘူး။ အောက်မှာ လက်မှတ်ထိုးပြီး နေ့စွဲရေးထားတယ်။

ကျွန်တော်လည်း အဲဒီခေါင်းစဥ်တွေအတိုင်း ရေးပေးလိုက်ပါတယ်။ ဒါပေမယ့်**...**အဟဲ**...**ကျွန်တော့်ကို ဒါတွေ လာရေးခိုင်းရင် ဒီလိုပဲဖြစ်မယ်ဆိုတာ အစကတည်းက ကြည်ကြည်ဝေ စဥ်းစားမိဖို့ကောင်းပါတယ်။

မေမေကပေးနာမည်လေး — *'သား' လူလေး*



http://www.cherrythitsar.org

| | |
|---|---|
| ချစ်သူကပေးနာမည်လေး | *'မသာကောင်' တဲ့။ (သွား...တဲ့။ နင် ငါ့ကို တကယ်ကြိုက်တာလည်း မဟုတ်ဘဲနဲ့ ပိုက်ဆံချေးမလို့လားတဲ့)* |
| ကမ္ဘာပေါ်မှာ အခင်တွယ်ဆုံးအရာ | *ရိုးသားမှု* |
| ကမ္ဘာပေါ်မှာ အမုန်းဆုံးအရာ | *မျက်နှာဖုံး* |
| ဘဝမှာ အပျော်ရဆုံးအချိန် | *လျှို့ဟုတ်ကို ဖနောင့်နဲ့ ပေါက်လိုက်ရတဲ့အချိန်။* |
| ဘဝမှာ ရင်အဖိုရဆုံးအချိန် | *သံချဆေးစားပြီး အိမ်သာတက်မလို့ သွားနေတဲ့အချိန်* |
| အိပ်မက်ထဲမှာ ဘာတွေဖြစ်သလဲ | *အိပ်မက်ထဲမှာလည်း အိပ်နေတာပါပဲ။ (သိုးလို့)* |
| တွေးမိတဲ့စိတ်ကူး | *တို့တွေ အခုခေတ်မှာ လူဖြစ်တာ တော်သေးတယ်နော်။ ကမ္ဘာဦးမှာသာ လူဖြစ်လိုက်ရင် အဝတ်တွေလည်းမပါကြဘူး။ အဟိ ရှက်စရာကြီး၊ (ငါကတော့ ကာထားမှာပဲ)* |



http://www.cherrythitsar.org

ရေးမိတဲ့ကဗျာ

*'မယ့်ဖြစ်အင်'*
*ချစ်သူကမ်းလှမ်း*
*မေတ္တာပန်းကို*
*ဆင်မြန်းကေသာမှာ*
*မပန်သာသည့်*
*မယ့်မှာကတုံးရိတ်ထား၍။*

ဘေးမှာ ကဗျာသရုပ်ဖော်ပုံကိုပါ တစ်ခါတည်း ဆွဲပေးလိုက်တယ်။ ကတုံးမတစ်ယောက် ရုပ်ရှင်ထဲက ပင်လယ်ဓားပြလို မျက်လုံးတစ်ဖက်ကို အဝတ်နက်နဲ့ အုပ်ထားတယ်။ ပါးမှာ ပလာစတာကပ်ထားပြီး သွားနှစ်ချောင်းထဲနဲ့ ပြုံးနေတယ်။ ခေါင်းမှာလည်း ပန်းတစ်ပွင့်ကို ကြိုးနဲ့စည်းပြီး ပန်ထားတယ်။

အဲဒီအောက်ကမှ ကျွန်တော့်လက်မှတ်ထိုးလိုက်တယ်။

ဇေယျက တဟဲဟဲရယ်ရင်း စာအုပ်ကို ဆွဲယူသွားတယ်။ အတော်ကြီးကြာပြီး ကြည်ကြည်ဝေကို သူပြန်ပေးတော့ ကြည်ကြည်ဝေက ချက်ချင်း ဖတ်မကြည့်ဖြစ်ဘူး။ ကျွန်တော်နဲ့ဇေယျလည်း ကျောက်သင်ပုန်းမှာ ကျောက်တံတစ်ချောင်းနဲ့ သင်္ချာတွက်ကြတယ်။ သင်္ချာထဲမှာ စိတ်ဝင်စားနေလို့ ပတ်ဝန်းကျင်ကို သတိမမူမိဘူး။

ဇေယျက အမှတ်မထင် ခေါင်းမော့ကြည့်မိတော့မှ

"ဟာ ဂျိုကာ ဂျိုကာ ဟိုမှာလည်းကြည့်ဦး"



http://www.cherrythitsar.org

ကြည့်လိုက်တော့ ကျွန်တော် လန့်သွားတယ်။

ကြည်ကြည်ဝေအပါအဝင် မိန်းကလေးအတော်များများဟာ ကျွန်တော်နဲ့ ဇေယျကို မျက်စောင်းကြီးတွေခဲပြီး ခါးထောက်စိုက်ကြည့်နေကြတယ်။ နှုတ်ခမ်းကြီးတွေလည်း စူပွပွနဲ့။ (ဇေယျကလည်း အော်တိုစာအုပ်ထဲမှာ ဘာတွေရေးထည့်ထည့်လိုက်မှန်းမသိဘူး။ ရေးသေးတယ်)။

ကျွန်တော်နဲ့ဇေယျ သူတို့ကို မျက်လုံးပြူးကလေးတွေနဲ့ ပြန်ကြည့်နေတုန်းမှာ ကြည်ကြည်ဝေ့လက်ညှိုးကြီးက မြောက်တက်လာတယ်။

"နင်တို့"

"မွေးမေလေ့"

သူ ဘာဆက်ပြောသလဲတောင် မသိပါဘူး။ ဇေယျလက်ကို ဆွဲပြီး ခုံအောက်ငုံ့ဝင်လိုက်တယ်။ စစ်တိုက်တမ်းကစားသလို ခုံအောက်မှာ ဝပ်နေလိုက်တယ်။

ပြီးတော့မှ ကျွန်တော်တို့ရဲ့ အင်္ကျီအဖြူကလေးတွေကို ချွတ်။ ပေတံထိပ်မှာ အလံဖြူလွှင့်ထားလိုက်တယ်။

"သချ်ာဆရာမလာပြီ"

ဆိုတဲ့ အသံကြားမှပဲ ကျွန်တော်တို့ ခုံပေါ်ပြန်ရောက်ကြပါတော့တယ်။

ကြည်ကြည်ဝေနဲ့ အပေါင်းအပါတွေက အခဲကြေလှပုံ မပေါ်



http://www.cherrythitsar.org

သေးလို့ ဇေယျကို လှည့်မေးရသေးတယ်။

“မင်းက ဘာတွေရေးလိုက်သလဲ”

“ငါက သူတို့ရေးထားတာတွေကို လိုက်ပြောင်ပစ်လိုက်တာ။ ဥပမာ ရေမွှေးပုလင်းဆိုရင် နောက်ကနေ အလွတ်လို့ ထည့်လိုက်တာ”

“တော်တော်များလား”

“အားလုံးလိုလိုပဲ”

ကျွန်တော်တို့နှစ်ယောက်လုံး ခေါင်းငုံ့ပြီး ရယ်နေလိုက်ကြတယ်။ အဲဒီမှာပဲ ကျွန်တော့်နားထဲကို ငြိမ့်ညောင်းသာယာတဲ့ စကားသံလေးတွေ စီးဝင်လာတယ်။

“အေးလေ ယဉ်ကျေးမှုမရှိကြဘူး။ သူများက တန်ဖိုးထားလို့ ရေးခိုင်းတဲ့ဟာကို”

ကျွန်တော်လှည့်ကြည့်လိုက်တော့ ပပနန္ဒာကို အဲ့ဒီလိုပြောရင်း ကျွန်တော့်ဆီရောက်လာတဲ့ နှင်းဆီဖြူရဲ့ မျက်လုံးလက်လက်ကလေးတွေကို တွေ့လိုက်ရပါတယ်။ ပြီး မျက်နှာပြန်လွှဲသွားတယ်။ ကျွန်တော် မှတ်ထားလိုက်တယ်။

သင်္ချာဆရာမလည်း ထွက်သွားရော နှင်းဆီဖြူဆီ ကျွန်တော် ရောက်သွားတယ်။ အားလုံးက ခေါ်သလိုပဲ ခေါ်လိုက်တယ်။

“နှင်း”

တစ်ဖက်လှည့်စကားပြောနေရာကနေ

“ရှင်”



http://www.cherrythitsar.org

ဆိုပြီး လှည့်လာတယ်။

ပြုံးလဲ့နေတဲ့ မျက်နှာလေးက ကျွန်တော့်ကိုတွေ့တော့ တည်သွားတယ်။ ကျွန်တော်က သိမ်သိမ်မွေ့မွေ့ကလေး . . .

"ငါ့ကို အော်တိုရေးပေးပါဟာနော်"

သူက ဘာမှပြန်မပြောဘဲ ကျွန်တော့်ကို မယုံသလို စိုက်ကြည့်နေပါတယ်။ မယုံတာမှန်ပါတယ်။

ကျွန်တော်က နောက်မှာ ဖွက်ယူလာတဲ့ ကျောက်သင်ပုန်းနဲ့ ကျောက်တံကို ကမ်းပေးလိုက်ပြီး

"အော်တိုကလေး . . ."

မြန်လိုက်တာဗျာ။ စကားတောင် မဆုံးလိုက်ပါဘူး။

"ဒုန်း"

ကျောက်သင်ပုန်းကိုရော၊ ကျောက်တံကိုရော သူ ယူလွှင့်ပစ်လိုက်တယ်။ ချိုစောင်းကို လှမ်းမခုတ်လိုက်တာပဲ ကျေးဇူးတင်ရမှာပါ။

ကျောက်သင်ပုန်းကြီးကတော့ ကွဲမသွားဘူး။ အစွန်းမှာ နည်းနည်းပဲ့သွားတယ်။ ကျောက်တံကတော့ ဘယ်ရောက်သွားမှန်းကိုမသိပါဘူး။

ကျောက်သင်ပုန်းကိုပဲကောက်ပြီး ကျွန်တော် ပြန်ပြေးခဲ့ရတယ်။ ကျွန်တော်တို့ခုံမှာတော့ ဖေယျက အင်္ကျီမရှိတော့ဘူး။ အလံဖြူလေးကို ငေ့ယမ်းပြီး . . .

"ငါ လိုက်လာမလို့ပဲ"



http://www.cherrythitsar.org

အင်မတန်မောဟိုက်သွားပုံနဲ့ ခုံမှာ ကျွန်တော်ဝင်ထိုင်တော့ ဇေယျက ကျွန်တော့်ကို ယပ်ခပ်ပေးတယ်။

"သူငယ်ချင်းတွေပဲ တစ်ယောက်နဲ့တစ်ယောက် ညှာတာမှပေါ့"

လို့လည်း သူတို့ကြားအောင် အော်ပြောနေတယ်။

"အဲဒါပေါ့ သူငယ်ချင်းရဲ့"

"ဘာလဲ"

ဘာမှမဆိုင်တဲ့ စကားတစ်ခွန်းကို ကျွန်တော် ပြောလိုက်မိတယ်။

"ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းရပြီဆိုတာ"

ပြောပြီး ရယ်ကျဲကျဲနဲ့ နှင်းဆီဖြူဘက် လှည့်ကြည့်လိုက်တော့ သူ့မျက်ဝန်းလှလှလေးတွေကလည်း ကျွန်တော့်ကို မကျေမချမ်း လိုက်ကြည့်နေတယ်။

ကျွန်တော်နဲ့ မျက်လုံးချင်းဆုံတော့ သူ့နှုတ်ခမ်းကို ဆတ်ခနဲ ကိုက်ပစ်လိုက်တယ်။ ကျွန်တော့်ရင်ထဲမှာတော့ ခါခနဲဖြစ်သွားတာ ပါပဲ။

အသက်ရှူတွေ ဘာတွေတောင်မှားလို့။

❋ ❋ ❋

အဲဒီလိုနဲ့ ဒီကျောင်း ဒီစာသင်ခန်းထဲမှာ သူနဲ့ကျွန်တော် ဆန့်ကျင်ဘက်တွေ ဖြစ်လာကြတယ်။

တစ်ယောက်က ဥတ္တရယဉ်စွန်းတန်းဆိုရင် တစ်ယောက်က ဒက္ခိဏယဉ်စွန်းတန်းပါပဲ။ ကမ္ဘာနှစ်ခြမ်း၊ အိပ်မက်နှစ်ခြမ်း၊ လရောင်ကတောင် ပဲခွပ်နဲ့လွဲပြီး အခုတ်ခံထားရသလိုမျိုး အလင်းနှစ်ခြမ်း။

ဒီလောက်ဖီဆန်လှတဲ့ ကောင်လေးနဲ့ကောင်မလေးကိုမှ မောင်နှမလို့ ထင်လာသူက ရှိသေးတယ်။

ကျွန်တော်တို့ရဲ့ ဆရာမတစ်ယောက်ပါ။ ဒေါ်ခင်မျိုးသန်းဆိုတဲ့ ဆရာမအပျိုကြီးပါ။

အပျိုကြီးတွေရဲ့ သဘာဝအတိုင်း စိတ်တိုလွယ်ပါတယ်။



http://www.cherrythitsar.org

အပွေးကုန်နေတဲ့ သနပ်ခါးတုံးကြီးလို အရာရာကို ပြောင်တင်းမာ အိုနေတဲ့အကြည့်နဲ့ ကြည့်တတ်တယ်။ အတော်ခွကျတယ်လို့ ဆိုကြပါစို့။

ဥပမာ တစ်ခုပြောပြပါ့မယ်။

တော်သလင်းလမှာ သူ ကျောင်းလာရင်း သူ့ဆွဲခြင်းထဲမှာ လေးခွနဲ့ လောက်စာလုံးတွေ ထည့်လာပါတယ်။ လမ်းမှာ မြူးတူးနေတဲ့ ခွေးတွေကိုတွေ့ရင် အဲဒီလေးခွနဲ့ လိုက်ပစ်ပါတယ်။ လက်လည်း အတော်ဖြောင့်ပါတယ်။ အဲဒီလိုမျိုးပါ။

သူ့မေးစေ့မှာလည်း မှတ်ဆိတ်နှစ်ပင် ပေါက်နေပါတယ်။ ဘာဖြစ်လို့ နှုတ်မပစ်မှန်းလည်း မသိပါဘူး။

ကျောင်းသူတွေကဆို သူ့ကို အတော်ကြောက်ကြပါတယ်။ ဆူဆဲအော်ငေါက်လွန်းလို့ပါ။

တစ်နေ့ သူ စာသင်ချိန်ပြီးလို့ အခန်းထဲက ပြန်အထွက်မှာ ကျွန်တော့်ကိုတစ်လှည့် နှင်းဆီဖြူကိုတစ်လှည့် ကြည့်ရင်း မေးပါတယ်။

ကျွန်တော့်ကို မေးတာပါ။

"မင်းတို့နှစ်ယောက်မှာ မင်းက အစ်ကိုလား၊ သူက ညီမလား"

အကုန်လုံး ကြောင်သွားတာပေါ့။

နှင်းဆီဖြူနဲ့ ကျွန်တော်လည်း တစ်ယောက်ကိုတစ်ယောက်



http://www.cherrythitsar.org

အံ့သြပြီး လှမ်းကြည့်ဖြစ်ကြသေးတယ်။ ကံကောင်းလို့ပေါ့။

"ကျွန်တော်က ညီမ၊ သူက အစ်ကို"

ဆိုပြီး ပြန်ဖြေလိုက်မလို့။ ဘေးက ကျောင်းသားတွေက

"ဘာမှမတော်ဘူး ဆရာမ"

လို့ ဝိုင်းအော်လိုက်ကြတာ စောသွားလို့။

ဆရာမ အခန်းထဲက ထွက်သွားပြီးတော့ ကျွန်တော်နဲ့နှင်းဆီဖြူနဲ့ မျက်လုံးချင်း ဆုံမိကြသေးတယ်။

ကျွန်တော်က ယောကျ်ားလေးဆိုတော့ နှုတ်ခမ်းစူပြီး မျက်နှာလွှဲပစ်ဖို့ မကောင်းဘူးမို့လား။ ဆက်ကြည့်နေလိုက်တယ်။ သူက မိန်းကလေးပဲ၊ သူ နှုတ်ခမ်းစူပြီး မျက်နှာလွှဲသွားတယ်။

ဒါ ဖြစ်သင့်ပါတယ်...

✺ ✺ ✺

နောက်ပိုင်းရက်များမှာလည်း အဲဒီလိုပါပဲ။ သိပ် မထူး ခြားလှပေမယ့် သိပ်မရိုးသားတဲ့ ဖြစ်ရပ်ကလေးတွေ သူနဲ့ ကျွန်တော့်အကြားမှာ မထင်မရှားဖြစ်ပွားရင်း စာသင်နှစ် ကုန်ဆုံးချိန်ကို ရောက်လာပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် မတော်တဆ မျက်လုံးချင်းဆုံလိုက်၊ တစ်ယောက်ကိုတစ်ယောက် မတော်တဆသတိရလိုက်နဲ့။

(လွမ်းတယ်ကျောင်းတော်က နှင်းဆီရယ်)

တစ်ရက်မှာ ကျွန်တော်တို့စာသင်ခန်းကို သူ့စာသင်ချိန်မဟုတ်ဘဲ ဆရာမ ဒေါ်ခင်မျိုးသန်း ရောက်လာပြန်ပါတယ်။

ကျောင်းသားတွေထဲမှာ တစ်ယောက်ယောက်ကို ရှာသလိုမျိုး မျက်နှာတွေကို လိုက်ကြည့်ပါတယ်။ အားလုံး သို့လော သို့လော ဖြစ်ကြပါတယ်။ အဲဒီမှာပဲ

"ဟော့ မင်း မင်း"

သူ လက်ညှိုးလှမ်းထိုးတာ ကျွန်တော့်ကိုပါ။

"ဗျာ ကျွန်တော်"

"အေး ဟုတ်တယ်၊ မင်း"

"ဘာဖြစ်လို့လဲဆရာမ"



http://www.cherrythitsar.org

သူက ခဏစဉ်းစားပြီး လက်ညှိုးကြီးကို ထောင်လိုက်တယ်။

"မင်း ရုံးခန်းထဲသွားပါ"

"ဗျာ"

"မင်းကို စောင့်နေတယ်၊ မြန်မြန်သွားလိုက်"

"ဘယ်သူ...ဘယ်သူစောင့်နေတာလဲဆရာမ"

"ဟိုဒင်းလေ ဘယ်သူလဲ နာမည်က ပါးစပ်ဖျားတင်မေ့နေတယ်"

မကျေမချမ်း စုတ်သပ်ရင်း ကျွန်တော့်ကို ပြောရမယ့်နာမည်သူ စဉ်းစားပါတယ်။

တစ်ခန်းလုံးကလည်း စိတ်ဝင်တစား ဝိုင်းကြည့်နေကြပါတယ်။ နောက်ဆုံး သူ ဘယ်လိုမှ စဉ်းစားလို့မရဘဲ

"ဟိုဒင်းလေကွာ ငါတို့ကျောင်းအုပ်ဆရာကြီးဟာ..."

"ဗျာ ဆရာကြီး ကျွန်တော့်ကိုခေါ်တာ ဆရာကြီးလား"

"အေး"

ဒါများ...

အစောကြီးကတည်းက ဆရာကြီးခေါ်နေတယ်လို့ မပြောဘူး။ နာမည်စဉ်းစားနေသေးတယ်။ ပြီးတော့လည်း မေ့နေသေးတယ်။

ကျွန်တော် အခန်းထဲကထွက်တော့ ကိုအောင်နဲ့ မြင့်သူက လှမ်းမေးသေးတယ်။

"ဂျိုကာ ဘာပြဿနာလဲ"

လက်ခါပြလိုက်ပြီး ရုံးခန်းဆီ ထွက်သွားလိုက်တယ်။

ရုံးခန်းမှာ ခဏပဲကြာပါတယ်။

ဘာရယ်မဟုတ်ပါဘူး။ ဆရာကြီးက ကျွန်တော့်ကို စာမေးပွဲကြီးမှာ အကောင်းဆုံး ကြိုးစားဖြေဖို့ ခေါ်ပြောတာပါ။ ဒီနှစ် ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးထွက်နိုင်တဲ့ ကျောင်းသားတွေထဲမှာ ကျွန်တော်က အဓိကကျနေတယ်တဲ့။ သေသေချာချာ ကြိုးစားစေချင်တယ်တဲ့။ အဲဒါ ခေါ်ပြောတာပါ။

❋ ❋ ❋

ဒါပေမယ့် လောကကြီးဟာ မထင်မှတ်တာတွေ ဖြစ်တတ်ပါတယ်။ စာမေးပွဲကြီးဖြေဖို့ နှစ်ရက်အလိုမှာ ကျွန်တော် သံစူးသွားပါတယ်။ ခြေဖနောင့်ကိုစူးတာ မဟုတ်ပါဘူး။ စာရေးတဲ့ ညာဘက်လက်ညှိုးတည့်တည့်ကို စူးတာပါ။ အတော့်ကို နက်ဝင်သွားပါတယ်။ (ပန်းချီကားမှန်ပေါင် တစ်ခုကို ကိုင်ရင်း မတော်တဆ စူးသွားတာပါ)

"သားရယ်..."

ဒီစာမေးပွဲမှာ ကျွန်တော့်ကို သိပ်မျှော်လင့်ထားတဲ့ မေမေက ငိုပါတယ်။ ဖေဖေက နံရံကို လက်သီးနဲ့ထိုးပြီး မြင့်သူက တက်ခေါက်တယ်။ ကျွန်တော်ကတော့ ခပ်တည်တည်ပါပဲ။

"ဖြစ်မှဖြစ်ရလေ ဆရာကြီးရယ်"

ဆရာကြီးကိုပဲ အားနာနေမိတယ်။

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

အဲဒီလိုနဲ့…

ဆယ်တန်းအောင်စာရင်းထွက်မယ့်နေ့ကို ရောက်လာပါပြီ။

ကောင်းကင်မှာ မိုးစင်စင်မလင်းသေးပါဘူး။ အိပ်ချင်မူးတူး ဖြစ်နေတဲ့ နံနက်ခင်းဟာ မှောင်သလို လင်းသလိုနဲ့ မြူနှင်းတစိုစို ဖြစ်နေပါတယ်။

သူငယ်ချင်းတွေက ကျွန်တော့်ကိုခေါ်ရမှာ အားနာပြီး သူတို့ဖာသာ အောင်စာရင်းကြည့်ဖို့ သွားကြတယ်။

ကျွန်တော်လိုက်သွားလိုက်ပါတယ်။

လူအုပ်ကြီး တီးတိုးပြောဆိုသံတွေ ဆူညံနေတယ်။ ကျောင်းသားတွေ၊ ကျောင်းသူတွေ၊ ဆွေမျိုးပေါက်ဖော်တွေ၊ ကားတွေ၊ စက်ဘီးတွေ၊ ဆိုက်ကားတွေ ဟိုတစ်စု ဒီတစ်စု ပြန့်ကျဲသိုက်မြိုက်နေ



http://www.cherrythitsar.org

ပါတယ်။ သူငယ်ချင်းတွေကို ကျွန်တော် တစ်ယောက်မှ မတွေ့ဘူး။

"ဂျိုကာ"

နောက်ကခေါ်သံနဲ့အတူ ပခုံးပေါ် လက်တစ်ဖက် ကျလာလို့ လှမ်းကြည့်လိုက်တော့ အင်္ဂလိပ်စာဆရာ ဦးအောင်ကျော်ကို တွေ့ရတယ်။

ဆရာက ကျွန်တော့်ကို ပြုံးကြည့်ရင်း

"မင်း အောင်စာရင်း လာကြည့်တာလား"

"အဟဲ"

ကျွန်တော် ဘာမှမပြောဖြစ်သေးခင် ဆရာက ထပ်မေးတယ်။

"သူငယ်ချင်းတွေ မပါဘူးလား"

"မပါဘူးဆရာ၊ ဒီကောင်တွေ ကျွန်တော့်ကို မခေါ်ဘဲ ထွက်သွားကြတယ်"

"သြော်...အေးပေါ့ မင်း စိတ်မကောင်းဖြစ်မှာစိုးလို့ သူတို့ ချည်းပဲ ထွက်သွားကြတာနေမှာပေါ့။ ဘာပဲဖြစ်ဖြစ် ဂျိုကာရေ ဘဝကို အရှုံးမပေးနဲ့ကွ၊ ပြန်ကြိုးစားတာပေါ့"

ဆရာက ကိုယ့်အတွက် စေတနာနဲ့ပြောတာကို နားလည်မိတဲ့အတွက် 'ဟုတ်ကဲ့' လို့ပဲ အသံအက်အက်နဲ့ ခေါင်းညိတ်ပြလိုက်တယ်။ ဆရာက ကျွန်တော့်ကို လာအားပေးနေတာပါ။

"မင်း အောင်စာရင်းကြည့်ပြီးပြီလား"

"ဟင့်အင်း လူတွေသိပ်အုံနေလို့၊ ဆရာကတော့ တွေ့ပြီးရော



http://www.cherrythitsar.org

ပေါ့”

“ဟော့အေး ဆရာလဲ မတွေ့ရသေးပါဘူးကွာ”

“ဆရာကတော့ အောင်မှာပါ”

“ဟော”

အဲဒီအချိန်မှာပဲ ကျောင်းသူတစ်ယောက် မူးလဲလို့ လူတွေ ရုတ်ရုတ်သဲသဲဖြစ်ပြီး ကျွန်တော်နဲ့ဆရာ လူချင်းကွဲသွားပါတယ်။

ကျွန်တော်လည်း ပြာဝေလှုပ်ခတ်နေတဲ့ လူတွေကို ရှောင်ရင်း တိမ်းရင်း ထိုင်လို့ကောင်းမယ့်နေရာတစ်ခုကို ရှာတယ်။

မြောင်းကျော် တံတားလေးတစ်ခုမှာ သွားထိုင်ပြီး လူတွေ ပြုမူပြောဆိုကြတာကို လိုက်အကဲခတ်နေမိတယ်။

တံတားမှာထိုင်ရတာက ခြင်လည်းကိုက်၊ မြောင်းပုတ်စော် လည်း နံတယ်။ ဒါပေမယ့် ကျွန်တော်ထိုင်တာတွေ့တော့ (ထုံးစံ အတိုင်း) နောက်တစ်ယောက်ကလည်း လာထိုင်တယ်။

အောင်စာရင်းကြည့်ပြီးလို့ လူအုပ်ထဲက ပြန်တိုးထွက်လာတဲ့ သူတွေကို ကျွန်တော် လိုက်ကြည့်နေမိတယ်။

ကျွန်တော်နဲ့ ရင်းနှီးတဲ့ ကျောင်းသားတွေ အများကြီးပါတယ်။ ဒါပေမယ့် မျက်နှာအမူအရာ ကြည့်ရတာ အောင်ပုံမပေါ်သို့ ကျွန်တော် လည်း ခေါ်မနေတော့ဘူး။

အောင်ချက်ကောင်းနိုင်တာ ကျွန်တော်တို့ကျောင်းမှာ ကျွန်တော် တို့အခန်းပဲ ရှိတယ်။ (ကျွန်တော်တို့အခန်းက အတော်ဆုံးအခန်းပဲ)

ဒါပေမယ့် အဲဒီမောင်မင်းကြီးသားတွေ၊ မယ်မင်းကြီးမတွေကိုလည်း ခုထက်ထိ ရှာမတွေ့ဘူးဖြစ်နေတယ်။

ခြင်ရိုက်ရတာလည်း လက်အတော်ညောင်းလာပြီ။ တော်တော်ကြီးတဲ့ ခြင်တစ်ကောင် ဘယ်ဘက်လက်ခုံပေါ် လာနားတာကို ညာဘက်လက်နဲ့ အသက်အောင့်ပြီး ဖမ်းလိုက်တော့ မိတယ်။ သေသေချာချာ ကိုင်ကြည့်ပြီးမှ

"ကဲဟာ"

"ဟ"

ကျွန်တော့်ဘေးနားမှာ လာထိုင်တဲ့သူ လန့်သွားတယ်။ ကျွန်တော်က သူ့ကို တစ်ခုခုလုပ်တယ်ထင်ပြီး မသင်္ကာသလိုကြည့်တယ်။ သူလည်း ဘာမှမဖြစ်လို့ နားမလည်သလို...

"ဘာဖြစ်တာလဲ"

"ခြင်ကိုကိုင်ပေါက်တာ"

"ဟာကွာ"

မျက်နှာကြီးစူပုတ်ပြီး သူ ထထွက်သွားပါတယ်။ သွားပေါ့။ တစ်ယောက်ထဲထိုင်ရတာ ပိုတောင်လွတ်လပ်သေးတယ်။

တဖြည်းဖြည်း မိုးလင်းလာပြီ။ လူတွေ ပိုစည်ကားလာတယ်။

"ဟာ"

ကျွန်တော် ဝမ်းသာအားရ ထိုင်ရာက ထလိုက်တယ်။ ကျွန်တော့်အခန်းထဲက သူငယ်ချင်းတွေပါ။ တစ်အုပ်ကြီးပါပဲ။



http://www.cherrythitsar.org

ကျွန်တော် သူတို့ဆီ လျှောက်သွားဖို့ပြင်ပြီးမှ...

"သြော်"

သတိရပြီး အောင်စာရင်းစာရွက်ကို တိုးဖော့ကြည့်ရပါသေးတယ်။

နောက်တော့မှ သူတို့အုပ်စုကြီးရှိရာကို တစ်ဖက်လမ်းကနေ ပတ်သွားလိုက်တယ်။

သူတို့က ကျွန်တော့်ကို မမြင်ကြသေးဘူး။ တစ်ယောက်နဲ့ တစ်ယောက် ပျော်ပျော်ရွှင်ရွှင် နောက်ပြောင်နေကြတယ်။

တော်တော်များများက လမ်းပေါ်မှာ၊ နှင်းဆီဖြူနဲ့ ကြည်ကြည်ဝေက သူတို့နောက်က လက်ဖက်ရည်ဆိုင်ထဲမှာ...

"ဟော ဂျိုကာကြီး"

သူတို့တွေ ကျွန်တော့်ကို အနားကျမှမြင်သွားပြီး ဝမ်းသာအားရ လှမ်းခေါ်တယ်။ ကျွန်တော့်ဆီ ပြေးလာကြတယ်။ ခါးဖက်၊ ပခုံးဖက်နဲ့ ကျွန်တော့်ကို ဆွဲလွဲနှုတ်ဆက်ကြရင်း...

"ဂျိုကာ မင်းလည်းအောင်တယ်နော်"

ကျွန်တော်က မချိုမချဉ်ပြုံးရင်း

"အဟဲ...ဟဲ ဟဲ ဟဲ"

"ဂုဏ်ထူးလည်း နှစ်ဘာသာပါတယ်"

"ဟဲ ဟဲ ပါရမှာပေါ့လေ၊ ပါရမှာပေါ့"

"မင်းလက်က စာရေးလို့လည်း မရဘဲနဲ့...ဘယ်လိုလုပ်



http://www.cherrythitsar.org

အောင်လာတာလဲ”

အဲဒီနောက်မှာတော့ ကျွန်တော့်ဘေးကို ဝိုင်းအုံပြီး တစ်ယောက် တစ်ပေါက်မေးခွန်းတွေ ထုတ်ကြပါတော့တယ်။

“မင်းကို ရုံးခန်းထဲမှာ သီးသန့်စစ်တာပဲ၊ မင်း တစ်ခုခု ပညာပြပြီး ဖြေလိုက်တာလား”

“ဟဲ ဟဲ အဲဒီလိုတော့ မဟုတ်ပါဘူး”

“ဒါဆို မင်းအဖြေစာရွက်မှာ သွေးတွေပေသွားလို့ စာစစ်မှူး က သနားပြီး အအောင်ပေးလိုက်တာထင်တယ်”

“အို ငါ့အဖြေလွှာက သန့်သန့်လေးပါကွာ၊ ဘာမှ မပေပါ ဘူး”

“မင်းလက်က ဒဏ်ရာကြီးနဲ့ပဲ၊ စာရေးလို့ ရလို့လား”

“မရဘူးလေ”

“ဒါဖြင့် တစ်ယောက်ယောက်ကို ရေးခိုင်းပြီး ဒါမှမဟုတ် တိတ်ခွေထဲ အသံထည့်ပြီး ဖြေလိုက်တာလား”

“အဲဒီလိုဖြေလို့ရလို့လား၊ ကြားတောင် မကြားဖူးပါဘူးကွာ”

“ဒါဖြင့် မင်းက ဘယ်လိုလုပ်အောင်လာတာလဲ”

“ဟဲ ဟဲ ဟဲ ဟဲ ပေါ့ကွာ”

“ဟာကွာ”

ကျွန်တော့်ကို ဝိုင်းထုကြပါတော့တယ်။ မိန်းကလေးနှစ် ယောက်ရဲ့လက်လည်း ပါတယ်။ သူတို့က ဆိတ်ဆွဲတာ...



http://www.cherrythitsar.org

"ဟ ဟ နာတယ်ကွ၊ မလုပ်ကြပါနဲ့"

"ဒါဖြင့်ပြော"

"အေး အေး ပြောပါ့မယ်ကွာ"

သူတို့ စိတ်ဝင်တစား နားစွင့်နေကြပါတယ်။ ကျွန်တော့်မျက်နှာကိုလည်း မျက်တောင်မခတ် ငေးကြည့်နေကြတယ်။

ဖြေမယ်ဖြေမယ် ဆိုပြီး အင်္ကျီအိတ်ထဲကို ကျွန်တော် လက်နှိုက်လိုက်ပါတယ်။ ပြန်အထုတ်မှာ အစိမ်းရောင် မြေဖြူခဲတစ်ခဲ ပါလာလို့ ဝိုင်းရယ်ကြပါသေးတယ်။

ကျွန်တော်က သူတို့ကို လက်ကာပြရင်း လက်ဖက်ရည်ဆိုင်ထဲ လှည့်ဝင်လိုက်တယ်။ သူတို့ကလည်း လိုက်လာတယ်။ ကျွန်တော်က နှင်းဆီဖြူတို့ထိုင်နေတဲ့ စားပွဲမှာ အဲဒီမြေဖြူခဲနဲ့ စာရေးပြလိုက်တယ်။

*"ငါ့သမိုင်းကို ငါရေးမည်။*
*ငါ့ငှက်များ ကောင်းကင်သို့ ပျံစေသတည်း"*
*သီဟသစ်*

မြေဖြူခဲကို အိတ်ထဲပြန်ထည့်လိုက်တယ်။ အားလုံးက ပထမ



http://www.cherrythitsar.org

တော့ နားမလည်သေးဘူး။ နောက်မှာ မြင့်သူက လက်ဆွဲနှုတ်ဆက်တယ်။

"ကွန်ဂရက်ကျူလေးရှင်းပဲကွာ"

ကိုအောင်ကလည်း သက်ပြင်းကြီးချရင်း

"ဩော် မင်းက ဘယ်လက်နဲ့လည်း စာရေးတတ်တာကိုး"

မို့မို့က ကျွန်တော့်ကို တအံ့အံ့ထုပါတော့တယ်။

"အဲဒါကို အစောကြီးကတည်းက မပြောဘူး၊ ကြည့်စမ်း ခွေးကောင် ငါကဖြင့် သနားလိုက်တာ၊ မျက်ရည်တောင်လည်တယ်။ သူက သူက ဟွန်း"

ကျွန်တော် ရယ်နေလိုက်ပါတယ်။ ကြည်ကြည်ဝေကို လှျာထုတ်ပြပြီး

"တွေ့တယ်မို့လား၊ ဘယ်လက်နဲ့ဖြေတာတောင် ဂုဏ်ထူးနှစ်လုံးပါတယ်"

"ဟုတ်ပါတယ်၊ တော်ပါတယ်"

"တချို့ဆို ညာလက်နဲ့ဖြေပြီး ဂုဏ်ထူးသုံးလုံးထဲ"

အဲဒါ နှင်းဆီဖြူကို ကျွန်တော် မထိတထိစကြည့်တာပါ။ သူက ဂုဏ်ထူးသုံးဘာသာ ထွက်တယ်လေ။

ကျွန်တော်က အပျော်စပေမယ့် နှင်းဆီဖြူက နေရာက ထရပ်တယ်။ ကျွန်တော့်ကို စေ့စေ့ကြည့်တယ်။ နှုတ်ခမ်းလေးကိုက်တယ်။ ပြီးတော့မှ

"နင့်ကိုငါ...မုန်းကိုမုန်းတယ် သိလား"

ချာခနဲ လှည့်ထွက်သွားပါတော့တယ်။

နှင်းရယ်......

............ ............ ...............

✺ ✺ ✺

အဲဒီနေ့ကစပြီး ကျွန်တော် သူ့ကို သိပ်ချစ်သွားတယ်။

ညမှောင်ပိုးဝါးချိန်တွေမှာ သူတို့အိမ်ကြီးဆီ အရက်မူးမူးနဲ့ သီချင်းသွားဆိုချင်စရာ ဖြစ်နေပါတယ်။ 'မခင်နှင်းဆီရဲ့နှင်းဆီ' ဆိုတာမျိုးပေါ့။

ဒါပေမယ့် ကျွန်တော် အရက်လည်းမမူးပါဘူး။ အဲဒီလိုလည်း သီချင်းသွားမဆိုဖြစ်ပါဘူး။

သူငယ်ချင်းတွေရဲ့ ရှေ့မှာလည်း သူ့အကြောင်းတွေ မပြောဖူးဘူး။

နှင်းဆီဖြူက ကျွန်တော့်ကို တကယ်မုန်းနေတယ်ဆိုတာကိုလည်း သူတို့မသိကြဘူး။



http://www.cherrythitsar.org

ကျွန်တော်က နှင်းဆီဖြူကို သိပ်ချစ်နေမိပြီဆိုတာကိုလည်း သူတို့မသိဘူး။

ဆောင်းရာသီမှာ အုပ်စုခွဲပြီး အရပ်ဒေသပြောင်းကြတဲ့ ငှက်ကလေးတွေလိုပဲ။

အဲဒီနှစ်ရဲ့ နှင်းစက်တွေအောက်မှာ ကျွန်တော်တို့တွေဟာ တက္ကသိုလ်အသီးသီးကို ခိုဝင်ကြရပါတယ်။

နှင်းဆီဖြူက ဆေးတက္ကသိုလ်ကိုရောက်ပြီး ကျွန်တော်က ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှာပဲ ဆက်တက်ပါတယ်။

ကျောင်းစာသစ်၊ ဝန်းကျင်သစ်၊ သူငယ်ချင်းသစ်၊ ကျောင်းတော်ရင်ငွေ့သစ်တွေကြားမှာ ကျွန်တော်တို့ အထက်တန်းကျောင်းက သူငယ်ချင်းအုပ်စုလည်း တဖြည်းဖြည်း လွင့်ရှားပြိုကွဲနေပါတယ်။

နှင်းကိုသတိရပေမယ့် နှင်းရှိတဲ့ ဆေးတက္ကသိုလ်ကို ကျွန်တော် မသွား။ သူကလည်း ကျွန်တော်ရှိရာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကိုလည်း မလာပါဘူး။

ကျွန်တော် သူ့ကို မမြင်စေချင်လို့ဖြစ်မှာပါ။ ဒါမှမဟုတ်ရင် သူ ကျွန်တော့်ကို မမြင်ချင်လို့ ဖြစ်မှာပါ။

❋ ❋ ❋

၄

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

အဲဒီလိုနဲ့ . . .

"ဒါ ကိုသီဟ၊ ကိုသီဟသစ်တဲ့...ရာဇူးက ငါတို့လေးစား ရတဲ့ လူတစ်ယောက်ပေါ့။ သူကတော့ ဆေးတက္ကသိုလ်မှာ တက်နေ တယ် ကိုသီဟ...နှင်းဆီဖြူတဲ့"

မိုးစက်က အဲဒီလိုကြားက ဝင်မိတ်ဆက်ပေးပါတယ်။ ဒါပေ မယ့် သူနဲ့ ကျွန်တော်ကတော့ တစ်ယောက်ကိုတစ်ယောက် ဘာမှ မထူးခြားသလို အလိုအလျောက် နေနေမိကြပါတယ်။

ဘယ်သူကမှ မရိပ်မိလိုက်ကြပါဘူး။ မိတ်ဆုံစားပွဲက သူ့ ဖာသာသူ ဆက်လည်ပတ်သွားပါတယ်။

စီးပွားရေးတက္ကသိုလ်က ကင်တင်းန်တစ်ခုမှာပါ။

မိုးစက်တို့ ကဗျာဆရာအုပ်စုက သူတို့ရဲ့ကဗျာစာအုပ်လေး တစ်အုပ်နဲ့ပတ်သက်ပြီး အထိမ်းအမှတ်မိတ်ဆုံစားပွဲတစ်ခု လုပ်ပါ

တယ်။

အဲဒီမှာ မမျှော်လင့်ဘဲ နှင်းဆီဖြူနဲ့ကျွန်တော် မျက်နှာချင်းဆိုင် ပြန်တွေ့ကြပါတော့တယ်။

ဒါပေမယ့် သူ ကျွန်တော့်ကို မကြည့်ပါဘူး။ ရပါတယ်လေ။ ရှိပါစေ။

စားပွဲသောက်ပွဲကို စတင်ကြတော့ အသားမစားသူဖြစ်နေတဲ့ ကျွန်တော့်ကို ကေခိုင်က စူးစူးစမ်းစမ်းလေး မေးလာသေးတယ်။

"ကိုသီဟက ဘာသာရေး အတော်လိုက်စားလားဟင်"

"ကျွန်တော် အသားမစားတာ ဘာသာရေးတို့ ကျန်းမာရေးတို့ကြောင့် မဟုတ်ပါဘူး။ ကျွန်တော့်ဖာသာ မစားချင်လို့ မစားတာပါ"

ကေခိုင်က နှင်းဆီဖြူဘက်ကိုလှည့်ပြီး

"ကိုသီဟလည်း နင့်လို ထူးထူးဆန်းဆန်းပဲဟ"

လို့ လှည့်ပြောပါတယ်။

ပြီးတော့ ကျွန်တော့်ကို ဒီကိစ္စပဲ ထပ်မေးဦးမယ့်အသွင် သဏ္ဌာန်နဲ့ ကြည့်လို့ ကျွန်တော်ကပဲ အရင်ပြောလိုက်တယ်။

"ကျွန်တော်ရှင်သန်ဖို့ သူများအသားကို မစားချင်လို့ပါ"

"သြော်"

သူ ဘာမှ ဆက်မမေးတော့ပါဘူး။

မိတ်ဆုံစားပွဲကတော့ သူ့ဖာသာ အသက်ဝင်လည်ပတ်လာပါတယ်။ နောက်ရင်းပြောင်ရင်း တစ်ယောက်နဲ့တစ်ယောက် စကားတွေ



http://www.cherrythitsar.org

ဆူညံအောင် ပြောကြရင်း (အများအမြင်မှာ) ပျော်စရာကောင်းလောက် အောင် လုပနေပါတယ်။

တစ်ခြားဝိုင်းက ကျောင်းသားတွေက ကျွန်တော်တို့ဝိုင်းကို လှမ်းလှမ်းကြည့်ကြတယ်။ အထူးသဖြင့် နှင်းဆီဖြူကိုပေါ့။

(သူ...အစွမ်းကုန်လှနေပြီလေ။ ကျောင်းတော်မှာ သိပ် ကျော်ကြားတဲ့ အလှနတ်သမီးလေးတစ်ပါးအဖြစ် သူ့ကို အားလုံးက သိနေကြပြီလေ)

စားလို့သောက်လို့ပြီးတော့ မိုးစက်က နှင်းဆီဖြူကို လှမ်းစ တယ်။

"ဟဲ့ နှင်း...နင့်ကို လာရိုတ်နေတဲ့ ဦးတင်ကိုအောင်ဆိုတဲ့ လူကြီး လာသေးလား"

ကေခိုင်က ဝင်ဖြေတယ်။

"လာတာပေါ့၊ မနေ့ကတောင် လာသေးတယ်။ ခင်ဝမ်းရဲ့ သီချင်းစာအုပ်ကလေး လက်မှာကိုင်လို့"

"ဘာလဲ နှင်းဆီဖြူရဲ့ မကွေးကလူတစ်ယောက်လား"

"ဟင့်အင်း မင်းလှကတဲ့"

မိုးစက်က တဟားဟားအော်ရယ်တယ်။ ပြီး

"အခုလည်း တစ်ယောက်က လာစောင့်နေတာကြာပြီနော်"

လို့ ပြောတယ်။

ဆိုင်အပြင်လမ်းပေါ်မှာ နောက်ဆုံးပေါ် မော်တော်ဆိုင်ကယ်



http://www.cherrythitsar.org

တစ်စီး ရပ်ထားပါတယ်။ ဆိုင်ကယ်နဲ့ မလှမ်းမကမ်းမှာလည်း နိုင်ငံခြားမင်းသားတစ်ယောက်လို ဝတ်စားထားတဲ့ ကျွန်တော့်အရွယ် လူငယ်တစ်ယောက်ဟာ နှင်းဆီဖြူကို ပေစောင်းစောင်းနဲ့ လာငမ်းနေပါတယ်။

ကျွန်တော် ထိုင်ရာက ထရပ်လိုက်တယ်။

"ကဲ...အားလုံးပဲ ကျွန်တော် သွားလိုက်ဦးမယ်ဗျာ"

လူစုခွဲဖို့လည်း အချိန်တန်ပါပြီ။

အားလုံးက ကဗျာကယာ ပြန်နှုတ်ဆက်ကြတယ်။ နှင်းဆီဖြူကတော့ မပါဘူးပေါ့လေ။ ကေခိုင်က ပြောင်စပ်စပ်နဲ့ လက်ညှိုးလေး ထောင်ပြတယ်။ ဘာအဓိပ္ပာယ်မှန်းလဲ မသိပါဘူး။

လမ်းပေါ်အရောက်မှာ ဆိုင်ထဲတုန်းက ဟင်းချိုပူပူတွေ နင်းကန်သောက်တဲ့ အကျိုးကျေးဇူးကို ခံစားရတော့တာပဲ။

နှပ်ညှစ်ကြည့်တော့ ရတယ်။ ဟိုကောင့်ဆိုင်ကယ်လက်ကိုင်နဲ့ ဝမ်းသာအားရသုတ်ပစ်ခဲ့တယ်။

ဟိုကောင်ကတော့ ဒါတွေမမြင်ဘူး။ ဆွေးမြေ့ရီဝေတဲ့ အမူအရာမျိုးနဲ့ နှင်းဆီဖြူရှိရာကိုပဲ ဆံပင်တွေသပ်တင်ရင်း ငေးနေတယ်။ အဲဒါနဲ့ပဲ ကျွန်တော် ဘယ်ပြန်ညာပြန် သုတ်ပစ်ခဲ့တယ်။

အပြန်လမ်းမှာ အတွေးတွေလွင့်ဖြာ...လို့။

❋ ❋ ❋

http://www.cherrythitsar.org

# အပိုင်း၊ [၂]

ချစ်သူတို့ရယ်

ဘယ်လိုအင်အားတွေကများ

ငါတို့တွေကို  ဝေးကွာသွားစေနိုင်မလဲ

မနော်ဟရီ
(ပန်းလေ့လမ်းခွဲ)

# တာရာမင်းဝေ

## ရွှေဖီနပ်မှာအစိမ်းရောင်ကြက်ခြေခတ်နဲ့ ကောင်မလေး

ကွင်းထဲမှာ အနီနဲ့အစိမ်းတွေ အပြန်အလှန် အပြေးအလွှား ကစားနေတယ်။

ကျွန်တော်တို့ မြန်မာစာမေဂျာက အနီ၊ သချ်ာက အစိမ်း၊ ကျွန်တော်ရောက်သွားချိန်မှာ ဒုတိယပိုင်းတောင် စနေပါပြီ။

အရန်ဘောလုံးသမားတွေထိုင်ရတဲ့ ကွင်းစပ်က ခုံတန်းလေးဆီ ကျွန်တော်ရောက်သွားပါတယ်။ ကျော်ကျော်က ကျွန်တော့်ကို မော့ကြည့်ပြီး

"ဝင်းမြင့်နာနေပြီကွ၊ မင်း ဝင်မလား"

ကျွန်တော်က သူပြောတာကို ပြန်မဖြေဖြစ်ပါဘူး။



http://www.cherrythitsar.org

"ဆရာ ငါ့ကိုဆူနေသေးလား"

ခပ်တိုးတိုးမေးတော့ ကျော်ကျော်က

"အေးပေါ့"

လို့ ပြန်ဖြေတယ်။ ပြီးမှ

"မင်းကလည်း တကယ့်ပွဲမှ နောက်ကျနေတယ်။ ဆရာက မင်းကိုစောင့်နေတာကြာပြီ၊ ဝင်းမြင့်နာနေတာ မင်းကို ဝင်ခိုင်းမယ် ထင်တယ်"

ခေါင်းကို တစ်ချက်ညိတ်လိုက်ရင်း ဘောလုံးပွဲကို သေသေချာချာ လေ့လာလိုက်တယ်။ ကျွန်တော်တို့ဘက်က အရေးနိမ့်နေတယ်။ တစ်ဖက်အသင်းရဲ့ကစားကွက်အောက်မှာ ကျွန်တော်တို့အသင်း ကစားကွက်ပျောက်နေတယ်။ အားကိုးရတဲ့ကောင်တွေကလည်း ခြေမပေါ်လှဘဲ အချိတ်အဆက်လွဲနေတယ်။

အစိမ်းတွေကချည်းပဲ ကွင်းတစ်ဝက်ဖိထားပြီး ထိုးဖောက် ကစားနေတယ်။ သူတို့ကစားတာလည်း အတော်မြန်တယ်။

တစ်ချိမှာ သချာရှေ့တန်းလူတစ်ယောက်က ဂိုးစည်းနားအထိ ရောက်အောင် ဖောက်လာတယ်။ ဘောလုံးကို လှည့်ပတ်ထိန်းရင်း တိုက်ရိုက်ဂိုးသွင်းမယ့်ဟန် ပြင်လိုက်တယ်။ ကန်လုဆဲမှာပဲ မြန်မာစာ ကျောင်းသူတစ်အုပ်က

"ဟေး...သာကေတပိလိကွ၊ သာကေတပိလိ၊ ခင်ခင်စုဆီ သွားတွေ့မယ်။ သာကေတပိလိကွ၊ ဝေး ကန်ပြီ ကန် ဝေး"



http://www.cherrythitsar.org

လွဲသွားပါတယ်။ ရယ်သံတွေကလည်း အုန်းခနဲထွက်လာပါတယ်။ ဘောလုံးနဲ့ ဂိုးပေါက်လွဲတာ မဟုတ်ပါဘူး။ ခြေထောက်နဲ့ ဘောလုံး လွဲသွားတာပါ။ အဲဒီ့ကောင်မလေးတွေ ဝိုင်းအော်လိုက်တာမှာ သာကေတပီလီ တုန့်ခနဲဖြစ်သွားပြီး ဘောချော်သွားတာပါ။

သာကေတပီလီလည်း ရှက်ကိုးရှက်ကန်းနဲ့ ကွင်းလယ်ကို ပြန်လျှောက်သွားတယ်။

မြန်မာစာဘက်က တိုက်စစ်ပြန်ဆင်ပါတယ်။ အချိတ်အဆက်ပြန်မိလာပါတယ်။ အလယ်တန်းလူ ဝင်းမြင့်က နာနေတဲ့ကြားက ဘောလုံးကို လှလှပပ အကွက်ဆင်ယူပါတယ်။

ဝင်းမြင့် ဘောလုံးယူပြီဆိုရင် တစ်ဖက်အသင်းက ပျာယာခတ်အောင် ဂရုစိုက်ကြရပါတယ်။ ဝင်းမြင့်က ဘောလုံးကို ကွင်းလယ်က ဖောက်သည်လာပါပြီ။

တစ်ဖက်အသင်းက ဝင်လုတာကို ဝင်းမြင့်က အေးအေးဆေးဆေး လိမ်ထွက်သွားတယ်။ နောက်တစ်ယောက်က ဝင်အပူးမှာ ညာဘက်မှာရှိနေတဲ့ အသင်းခေါင်းဆောင်ဆွေဦးကို ထိုးပေးပြီး ပြေးထွက်လိုက်တယ်။

ဝင်းမြင့်ကစားသွားတာ သေသပ်ပါတယ်။

"ဟေး အဲဒါ မြန်မာစာကွ၊ မှတ်ထား သချ်ာတွေ ရင်နာရတော့မယ်။

မြန်မာစာက သချ်ာဘက်ကို ကွင်းတစ်ဝက် ပြန်ဖိလာတယ်။

သင်္ချိုင်းရှေ့မှာ မြန်မာစာရှေ့တန်းလူတွေ တက်လိုက်ဆင်းလိုက်ဖြစ်နေတယ်။

ဘယ်သူ့ ဘယ်သူမှ ဂိုးမသွင်းနိုင်သေးတဲ့ အခြေအနေမို့ ပရိသတ်ကလည်း မျက်တောင်မခတ်ဘဲ စောင့်ကြည့်နေကြတယ်။

တစ်ချိမှာ မြန်မာစာနောက်တန်းက တင်ပေးလိုက်တဲ့ ဘောလုံးကို မြန်မာစာရှေ့တန်း ဘယ်အစွန်လူ ကုလားလေးသိန်းဝင်းက ဆွဲယူလာတယ်။ အရှိန်ပြင်းပြင်းလိမ့်လာတဲ့ ဘောလုံးကို အမြန်မီအောင်လိုက်ရင်း သယ်ယူလာတာမို့ မြန်မာစာကျောင်းသားတွေက ခုန်ပေါက်အားပေးကြတယ်။

"အေး ဟုတ်ပြီ၊ ကုလားလေးကွ မောင်သိန်းဝင်းကွ...သယ်ထား သယ်ထား ဟုတ်ပြီ"

ဒါပေမယ့် သိန်းဝင်းက ပြေးရင်းသယ်ရင်းနဲ့ပဲ ဘောလုံးကိုရော လူကိုရော အရှိန်သတ်လို့မရဘဲ တစ်ဖက်ဂိုးစည်းနောက်နားရောက်ပြီး အောက်သွားပါတယ်။

"လခွီးထဲမှပဲ၊ လက်ချမားက ကလကတ္တားအထိ သယ်နေတာကိုး"

ရယ်သံတွေ ဝါးခနဲထွက်လာကြပြန်တယ်။ ကုလားလေးသိန်းဝင်းက သွားအဖြဲသားကလေးနဲ့ ပရိသတ်ကို လှည့်ရယ်ပြနေရှာပါတယ်။ အသားမဲမဲမှာ သွားပဲမြင်လိုက်ရလို့ ရယ်ကြပြန်ရော။

ဘောလုံးပွဲကတော့ အပြန်အလှန်ထိုးဖောက်လာတယ်။ ကြည့်



http://www.cherrythitsar.org

ရင်းကြည့်ရင်းနဲ့ ကျွန်တော် မျက်မှောင်ကြုတ်မိတာက တစ်ဖက်အသင်းရဲ့ အသင်းခေါင်းဆောင်ကိုပါ။ သူကစားတာ အဆင့်မြင့်ပါတယ်။ ဒါပေမယ့် နည်းနည်းညစ်ပတ်တယ်လို့ ကျွန်တော်ထင်တယ်။

သချ်ာနောက်တန်းကနေ သူ ဘောလုံးသယ်လာတယ်။ မြန်မာစာကွင်းတစ်ဝက်အထိ ရောက်တယ်။ ကုလားလေးသိန်းဝင်းက ဝင်လုတယ်။ မရဘူး။ သိန်းဝင်းကို လိမ်သွားတယ်။ သူ့ရှေ့ကို လှမ်းတင်ပေးပြီး သူက ပြေးတယ်။ ဘောလုံးက ပြေးနေတဲ့သူ့ရှေ့ကို ပြန်ရောက်လာတယ်။

မြန်မာစာနောက်တန်းတစ်ယောက်က ဝင်ဖျက်တယ်။ နှစ်ယောက်ယှဉ်အလုမှာ

ကျော်ကျော်က ခေါင်းညိတ်ရင်း

“ဟုတ်တယ်၊ ဒီကောင်ညစ်တယ်၊ ဝင်းမြင့်နာတာလည်း သူချလိုက်လို့၊ သူက ရုပ်ရှင်သရုပ်ဆောင်သင်တန်းဆင်းပြီးသားတဲ့။ အခုလည်း ရုပ်ရှင်အဖွဲ့ကလူတချို့ လာကြည့်ကြတယ်။ ဒီကောင့်လှုပ်ရှားဟန်နဲ့ ဘောလုံးကစားကွက်တွေကို ရုပ်ရှင်ထဲ ထည့်သုံးရင်သုံးမှာ၊ ဒါကြောင့် ဒီကောင် ရှိုးများနေတာ”

ဘောလုံးပွဲကိုကြည့်ရင်း ကျွန်တော် မထီတရီပြုံးနေမိတယ်။ သူ့နာမည်က ‘ထူးမြတ်ကျော်ခေါင်’ တဲ့။

ဝီစီသံ ဆောင့်ထွက်လာတယ်။

“ရှိုး”

သချ်ာဂိုးရှေ့မှာ လူတွေ ပြုံထပ်နေတယ်။ လူချင်းခွဲကြတော့ ဝင်းမြင့်လဲနေပြီ။ ပြန်မထနိုင်ဘူး။

ကြက်ခြေနီတွေ ပြေးသွားကြတယ်။ ဝင်းမြင့်က သူ့ဖာသာ အားယူပြီး ပြန်ထတယ်။ ဒါပေမယ့် ခြေထောက်တစ်ဖက် မထောက်နိုင်တော့ဘူး။ ကျွန်တော့်ရှေ့ကို ဆရာဦးဝင်းရွှေ ရောက်လာတယ်။

ကျွန်တော်လည်း ထိုင်ရာက ဆတ်ခနဲထလိုက်ပြီး

"ဆရာ ကျွန်တော်ဝင်မယ်"

"မင်း တကယ်ကန်မှာလား"

"စိတ်ချပါဆရာ၊ ကျွန်တော် တကယ်..."

ဆရာက မေးဆတ်ပြတယ်။ ကွင်းထဲကို...

"သွား"

ဝင်းမြင့်ထွက်မယ်ဆိုတော့ မြန်မာစာကို အားပေးတဲ့ ကျောင်းသားတွေ စိတ်ဓာတ်ကျသွားတယ်။ သချ်ာကျောင်းသားတွေက လက်ခုပ်ဝိုင်းတီးတယ်။

"မြနမာစာတော့ ဒီနေ့ ရှာပြန်ရတော့မယ်ဟေ့"

ဝင်းမြင့်နဲ့ ကျွန်တော်နဲ့ လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။

"အသင်းခေါင်းဆောင်ကို သတိထား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

ကျွန်တော်ဝင်တဲ့အချိန်ဟာ ကျွန်တော်တို့ဘက်က ပြစ်ဒဏ်ဘောကန်ရမယ့်အချိန်ပါ။ ကျွန်တော်ကလည်း တခြားလူတွေလို ဘောလုံး

ကွင်းထဲက ကိုယ်ကန်ရမယ့်ဝင်းဆီ ပြေးသွားတာ မဟုတ်ပါဘူး။ 'ငါကန်မယ်' ဆိုပြီး တည်ထားတဲ့ ဘောလုံးဆီ တစ်လှမ်းချင်းလျှောက်သွားလိုက်တယ်။

ကျွန်တော့်ကို ဖယ်ပေးကြတယ်။ ကွင်းထဲမှာ ခဏလေးတိတ်သွားတယ်။ ဘောလုံးရှေ့မှာ ကျွန်တော်အရပ်

"ဟော့ ဂျိုကာကွ၊ ဂျိုကာ၊ ဟော့ကောင် ထူးမြတ်ကျော်ခေါင် အဲဒီမှာ မင်းဘိုးအေ လာပြီ၊ သေဖို့သာပြင်"

အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတစ်ယောက် ပရိသတ်ထဲ ရောက်နေတယ်။ ကျွန်တော်က ဘောလုံးနဲ့ လူအခင်းအကျင်းကို အကဲခတ်တွက်ချက်နေရင်း ကန်ဖို့ ခြေလှမ်းပြင်တယ်။ တစ်ဖက်ဂိုးသမားက ဝပ်လိုက်ကွလိုက် ဖြစ်နေတယ်။ ဂိုးနဲ့ ကန်ရတဲ့နေရာက ဝါးသုံးရိုက်လောက်ပဲ ဝေးပါတယ်။

ကန်တယ်။

"ဖောင်း"

"ဟာ"

"ဖောင်း"

ဝေါခနဲအသံတွေ ညံထွက်သွားတယ်။ လူတွေကာထားတဲ့ကြားက ဘောလုံးက ဂိုးထဲကို တည့်တည့်ဝင်တယ်။ ဘောလုံးက မြန်ပြီးပြင်းတယ်။ ဂိုးသမားက ပုတ်ထုတ်လိုက်တယ်။ သူလည်း လည်ထွက်သွားတယ်။ သူပုတ်ထုတ်လိုက်တဲ့ဘောလုံးက ဂိုးတိုင်နဲ့



http://www.cherrythitsar.org

ထိပြီး ဂိုးထဲကို ပြန်ဝင်မလိုဖြစ်တယ်။

သူတို့နောက်တန်းလူတစ်ယောက်က ဘောလုံးကို အသေအလဲ ပတ်ကန်လိုက်ရတယ်။ ထောင့်ကန်၊ ဘယ်ထောင့်ကန်ရတယ်။

ပရိသတ်ရဲ့အသံတွေကတော့ ပွက်ပွက်ညံသွားတော့တာပါပဲ။

"သီဟသစ်ကွ၊ သီဟ မော်ဒန်ခြသေ့်ကွ၊ မကန်ချင်လို့ ကြည့်နေတာကြာပြီ၊ သီဟသစ်ကွ၊ မင်းတို့တစ်သင်းလုံးကိုတောင် သူတစ်ယောက်တည်းနဲ့ ကန်လို့ရတယ်ကွ၊ ဘရာဇီးလ်မှာ နည်းပြဆရာသွားလုပ်နေလို့ကွ၊ ခုမှပြန်လာတာ"

"ဟော့...မင်းလှကျော်ခေါင် မဟုတ်ပါဘူး၊ မျိုးမြင့်ရန်နောင် မဟုတ်ပါဘူး၊ အေး...မင်း...မင်းသွား။ မင်းဖာသာ အိမ်သာသွားတက်နေတော့ မင်းတို့ ရှုံးတော့မယ်"

ဘောလုံးက ကွင်းလယ်ကို ပြန်ရောက်လာတယ်။ ထူးမြတ်ကျော်ခေါင်က သူ့လူတွေအားလုံးကို လက်နဲ့အချက်ပြရင်း ဘောလုံးကို ထိန်းထားတယ်။ ဒီကောင် တော်တော့တော်ပါတယ်။

သူ့ခြေထောက်ထဲမှာပဲ ဘောလုံးကအတော်ကြာတယ်။ တစ်ကွင်းလုံးကို မွှေကစားတယ်။ ကျွန်တော်က ကွင်းထဲမှာ လျှောက်ပြေးနေတယ်၊ ဒါမှမဟုတ် ဘောလုံးနောက်ကို လျှောက်လိုက်နေတယ်လို့ မထင်ပါနဲ့။

ကွင်းထဲမှာ ခါးပေါ်လက်ထောက်ပြီး ထူးမြတ်ကျော်ခေါင်ကစားကွက်ဆင်တာကို ခပ်တည်တည်ရပ်ကြည့်နေတာပါ။ (အဲဒီ

အချို့တွေကြောင့်လည်း ဆရာက ကျွန်တော့်ကို အရံထဲထည့်လိုက်တာပါ)

သချ်ာကျောင်းသားတွေက ကျွန်တော့်ကို မလိုလားကြဘူးပေါ့။

"ဟော့ကောင် မင်းက ဘာရပ်လုပ်နေတာလဲ"

အဲဒီမှာပဲ ဒူးဆစ်လောက်အမြင့်က ဖြတ်ဝင်လာတဲ့ ဘောလုံးကို ကျွန်တော် ဖမ်းထားလိုက်ပါတယ်။ အရှိန်ပြင်းပြင်းဝင်လာတဲ့ ဘောလုံးက မူလီနဲ့ အစုပ်ခံရသလို ကျွန်တော့်ခြေထောက်ထဲမှာ သေပြီးပါလာတယ်။

လက်ခုပ်သံတွေ ညံသွားပါတယ်။ မြန်မာစာကျောင်းသားတွေက သချ်ာကျောင်းသားတွေကို ပြန်အော်ကြတာပေါ့။

"ဘာလို့ရပ်နေတယ်ဆိုတာကို မင်းတို့တွေ့ပြီမို့လား၊ မင်းတို့ဘိုးအေက ဘောလုံးလမ်းကြောင်းကို မင်းတို့ထက် သိတယ်ကွ"

ပွဲက ကြမ်းလာပါတယ်။ မြိုင်လာ၊ မြန်လာပါတယ်။

နှစ်သင်းလုံး အချိတ်အဆက်မိနေပြီး သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးဖောက်ကြတယ်။ ဘောလုံးသမားအားလုံးလည်း ဇောကပ်နေပြီ။ ဆရာဝင်းရွှေက

"သီဟ အသင်းနဲ့တွဲကစား၊ ဟော့ကောင်တွေ မင်းတို့ သီဟကို ထိန်းကစား"

လို့ ဘေးက တစာစာအော်နေတယ်။

ဘောလုံးက ကျွန်တော့်ခြေထဲမှာ အနေများလာတယ်။



http://www.cherrythitsar.org

တစ်ချီမှာ ကျွန်တော်က ဘောလုံးကို ကွင်းလယ်ကနေဖြတ်ဆွဲတယ်။ တစ်ဖက်အသင်းက တစ်ယောက်ပြီးတစ်ယောက် ဝင်ဖျက်တယ်။ သုံးယောက်ဆက်တိုက် ကျွန်တော် လိမ်ပစ်လိုက်လို့ မြန်မာစာကျောင်းသားတွေ လက်ခမောင်းထခတ်ကြတယ်။

တစ်ချီမှာတော့ တစ်ဖက်ရှေ့တန်းလူတစ်ယောက်က ဆွဲပြေးလာတယ်။ အသင့်စောင့်နေတဲ့ ကျွန်တော်က ပြေးကပ်လိုက်တယ်။

"သာကေတပိလိကွ၊ မင်းဘောလုံး ကျန်ခဲ့တော့မယ်၊ မယုံရင် လောင်းမလား၊ ခင်ခင်စုကြေး လောင်းမလား၊ ဟေး...ဝါး ပြောသားပဲ"

ဘောလုံးက ကျွန်တော့်ဆီမှာ ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော်တို့ တစ်သင်းလုံးတက်၊ တစ်သင်းလုံးဆင်း ကစားကြတယ်။

ဘောလုံးပွဲကလည်း အချိန်ကုန်စပြုလာပြီ။ ထူးမြတ်ကျော်ခေါင်ကလည်း ဂိုးသွင်းနိုင်ဖို့ အပြင်းအထန် ကြိုးစားနေတယ်။

"သချ်ာကွ၊ ဟုတ်ပြီကွ"

ထူးမြတ်ကျော်ခေါင် ဘောလုံးသယ်လာတယ်။

ဆွေဦးက ဝင်လုမလို့အလုပ်မှာ ကျွန်တော်က လက်ကာလိုက်တယ်။ ဆွေဦးတို့အသွားမှာ ကျွန်တော် ဖြတ်ဝင်လိုက်တယ်။ ကျွန်တော်နဲ့ ထူးမြတ်ကျော်ခေါင်နဲ့ မျက်နှာချင်းဆိုင်၊ အလယ်မှာ ဘောလုံး။

ထူးမြတ်ကျော်ခေါင်က တစ်ချက်လိမ်လိုက်တယ်။ ဘောလုံးက လွတ်သွားပြီးမှ ကျွန်တော့်ခြေထောက်နဲ့ ပွက်ကာသီကာ ငြိကျန်ရစ်



http://www.cherrythitsar.org

တယ်။ ဘောလုံးကို သူကလည်း ဆွဲတယ်။ ကျွန်တော်ကလည်း ဆွဲတယ်။ လူချင်းအပူးမှာ

"ရှိး"

ဒိုင်လူကြီးက တားပြီး ပြေးလာတယ်။ ဘောလုံးကို သူကောက်ယူလိုက်တယ်။

"ဒိုင်လူကြီးက ဘောလုံးကို ပြေးကောက်တယ်ခင်ဗျား၊ သူ့ဘောတဲ့ခင်ဗျ၊ ဒိုင်လူကြီးဘောတဲ့ခင်ဗျ"

ရယ်သံတွေ ထွက်လာပေမယ့် ကျွန်တော်တို့ကတော့ နားတွေလျှံနေပြီ။ ဘာကိုမှ မကြားတော့ဘူး။

ဒိုင်လူကြီးဘော...။

ကျွန်တော်နဲ့ ထူးမြတ်ကျော်ခေါင်မှာ ဒိုင်လူကြီးက ဘောလုံးကို ကိုင်ထားတယ်။ ထူးမြတ်ကျော်ခေါင်ရော ကျွန်တော်ရော အသက်ရှူမြန်နေတယ်။ တစ်ယောက်ကိုတစ်ယောက်လည်း ကြည့်မိတယ်။

ဒိုင်လူကြီးက ဘောလုံးကို လွှတ်ချလိုက်တယ်။

ထူးမြတ်ကျော်ခေါင်က ခြေဦးတယ်။ ဘောလုံးကို ခြေဖျားနဲ့ သိမ်းယူတယ်။ ဒါပေမယ့် မထိလိုက်ဘူး။ နောက်တစ်ခါ၊ နောက်ထပ်တစ်ခါ သူ့ခြေဦးပါလျက်နဲ့ တစ်ခါမှ ဘောလုံးကို မထိလိုက်ဘူး။

ကျွန်တော်က ဘောလုံးကို လှမ်းလှမ်း တော့ထုတ်ပစ်လိုက်လို့ပါ။ ဩဘာသံဝေါခနဲ ထွက်လာပြန်ပါတယ်။

ကျွန်တော်က ဘောလုံးကို ဆွဲယူလိုက်တယ်။ ဘောလုံးနဲ့အတူ



http://www.cherrythitsar.org

လှည့်အထွက်မှာ ထူးမြတ်ကျော်ခေါင်က ရိပ်ခနဲ ဖြတ်လုပါတယ်။ သိပ်မြန်ပါတယ်။

"ဟေး"

ဩဘာသံကြီးက မစဲတော့ဘူး။

ဘောလုံးပါမသွားဘူး။

ဘောလုံးက ကျွန်တော့်ခြေထောက်ထဲမှာ ရှိလျက်နဲ့ ကျွန်တော်တို့နှစ်ယောက် နေရာချင်းလဲပြီးသား ဖြစ်သွားပါတယ်။ ထူးမြတ်ကျော်ခေါင်ကို ကျောပေးထားရက်နဲ့ ကျွန်တော်က ဘောလုံးကို နောက်ပြန်ဆွဲလိမ်လိုက်လို့ အော်သံဟစ်သံ သည်းသည်းညံသွားတာပါ။

"ဟေး သောက်ရမ်းလှတယ်ဟေ့"

ထူးမြတ်ကျော်ခေါင် ကြောင်အမ်းပြီး ကျန်ရစ်စဉ်မှာပဲ ကျွန်တော် သိန်းဝင်းကို ထိုးပေးလိုက်တယ်။ သူ ဆွဲပြေးပါတော့တယ်။

"ဟေး မြန်မာစာကွ၊ သီဟသစ်ကွ"

"သချ်ာကို မကြင်နာလို့တော့ မဟုတ်ပါဘူး၊ မြန်မာစာတဲ့ကွနော်"

ထူးမြတ်ကျော်ခေါင်က ကျွန်တော့်မျက်နှာကို နာနာကျင်ကျင်တစ်ချက်ကြည့်ပြီး ဘောလုံးနောက်ကို ပြေးလိုက်သွားပါတယ်။ သူတို့ဂိုးစည်းနားမှာ ဘောလုံးကို သူပြန်ရတယ်။ ဒါပေမယ့် အရှိန်ကို မထိန်းနိုင်ဖြစ်ပြီး ဘောလုံးလျှံအထွက်မှာ ဆွေဦးက ဖြတ်ဆွဲသွားတယ်။

"ဟေး"



http://www.cherrythitsar.org

ဆွေဦးက ဂိုးစည်းညာဘက်ထောင့်က ရှေ့တန်းလူကို ထိုးအပေး မှာ ထူးမြတ်ကျော်ခေါင်က ခုန်ဝင်တယ်။ ဆွေဦးက နောက်ယို့ပေး လိုက်ပေမယ့် ဗိုက်ကို ဒူးနဲ့တိုက်သွားတယ်။ ဆွေဦးမျက်နှာ ရှုံ့မဲ့ပြီး ခါးကိုင်းသွားတယ်။

"ဟော့ ဖောင်းဘောကွ၊ ဖောင်းဘော ဘာလို့မပေးတာလဲ"

ဒိုင်က မမြင်ပါဘူး၊ ဘောလုံးက သချၤာဂိုးရှေ့မှာ စွန်ဝဲသလို ဝဲနေတယ်။ ထူးမြတ်ကျော်ခေါင်က ဘောလုံးကို ဖျက်ထုတ်ဖို့ကြိုးစား နေတယ်။ ကျွန်တော်က ဂိုးစည်းရဲ့ ဘယ်ဘက်ဝင်းကနေ ပြေးဝင်လိုက် တယ်။ ကုလားလေးသိန်းဝင်းက ဘောလုံးကို ကျွန်တော့်ဆီထိုးအပေး

"ဟေး ပယ်နယ်လ်တီကွ၊ ပယ်နယ်လ်တီ"

မြန်မာစာကျောင်းသားတွေ ကျွမ်းလိုမ့်ထိုးကုန်ပါတော့တယ်။

ထူးမြတ်ကျော်ခေါင်က ဘောလုံးကို လက်နဲ့လှမ်းပုတ်လိုက်လို့ ပယ်နယ်လ်တီရပါတယ်။ ပွဲပြီးဖို့က သုံးမိနစ်လောက်ပဲ လိုပါတော့ တယ်။ ကွင်းထဲက ပရိသတ်တွေ ကွင်းအပြင်ကို အိကွဲထွက်ကုန်ပါ တော့တယ်။

"ဂိုး"

ဘောလုံးပွဲပြီးသွားပါပြီ။

"ဟေး မြန်မာစာကွ"

ခုန်သူခုန်၊ ကသူက၊ နိုင်သူပြုံးလို့ ရှုံးသူမှိုင်ကြ။

လူတွေ တဖွဲဖွဲပြန်ကြတဲ့အချိန်မှာ ကျွန်တော်က ကွင်းရဲ့တစ်ဖက်



http://www.cherrythitsar.org

အစပ်ကိုသွားပြီး တစ်ယောက်တည်း ထိုင်နေလိုက်တယ်။ အသက်ကို မှန်မှန်ရှူနေတုန်းမှာပဲ ကျွန်တော့်မျက်လုံးကို နူးညံ့တဲ့ပဝါတစ်စနဲ့ နောက်ကနေ လာစည်းနှောင်တာ ခံလိုက်ရတယ်။

"ဘယ်သူလဲ"

သင်းရှတဲ့ ရေမွှေးရနံ့၊ 'ခစ်' ခနဲ လွင်တဲ့ရယ်သံ၊ ပြီးတော့...

"ဘယ်သူထင်လဲ"

ကျွန်တော် ပြုံးလိုက်မိတယ်။

"သိပါတယ်"

"ဘယ်သူလဲ"

"မှတ်မိပါတယ်၊ ကေခိုင့်အသံများ"

မျက်လုံးပေါ်က ပဝါကို ကျွန်တော် ဆွဲဖြုတ်တော့ ကေခိုင်က လွှတ်ပေးလိုက်တယ်။ လှပတဲ့ ခေါင်းစည်းပဝါလေးက ကျွန်တော့် လက်ထဲ ပါလာတယ်။ ကေခိုင်က ကျွန်တော့်ကို ကြည်ကြည်လင်လင် ပြုံးကြည့်နေတယ်။

"ကိုသီဟက ဘောလုံးကန်လည်း တအားတော်တာကိုး"

"ကေခိုင် ဘယ်တုန်းကရောက်လဲ"

"ပွဲစကတည်းက ရောက်နေတာ၊ နှင်းနဲ့အတူတူလာကြည့်တာ"

"နှင်း နှင်းဆီဖြူလား"

ကျွန်တော်မေးတော့ ကေခိုင်က မျက်စောင်းထိုးပါတယ်။



http://www.cherrythitsar.org

"အင်းပေါ့၊ ဟွန်း...သူတို့က သူငယ်ချင်းတွေကိုး"

"ဘာလဲ အခု သူက အဲဒီလိုပြောလို့လား"

"နေစမ်းပါဦး၊ နားထောင် ကေခိုင်ပြောပြမယ်"

"အင်း ပြော"

"နှင်းနဲ့ကေခိုင်လာကြည့်တာက ကိုထူးမြတ်ကျော်ခေါင် ဖိတ်လို့"

"အင်း"

"ကိုထူးမြတ်က နှင်းကို ပရိုပို့စ်လုပ်ထားတယ်။ သူက မင်းသားတစ်ယောက်အနေနဲ့ ရုပ်ရှင်ရိုက်ဖို့ အစီအစဉ်လည်းရှိတယ်။ ဒီနေ့ဘောလုံးပွဲကို ရုပ်ရှင်ကုမ္ပဏီကလူတွေ လာကြည့်ကြတယ်။ သူက နှင်းနဲ့ကေခိုင်ကိုလည်း လာကြည့်ဖို့ဖိတ်ရင်း ဘောလုံးပွဲအပြီးမှာ နှင်းက သူ့ကို အဖြေပေးဖို့ ပြောထားတယ်"

ကျွန်တော့်ရင်ထဲမှာ လှိုင်းအိလေးတစ်ချက် လွန့်သွားတယ်။

"ဒါ့ကြောင့် ဒီနေ့ဘောလုံးပွဲကို သေသေချာချာအစွမ်းပြပြီး ကန်တယ်။ ကိုသီဟရောက်မလာခင်အထိ ဒီပွဲမှာ သူဇာတ်လိုက်ပဲ"

ဒါကြောင့် သူနဲ့ယှဉ်ကစားနိုင်မယ့် ဝင်းမြင့်ကို ချိတ်ပစ်လိုက်တာပဲလို့ ဆက်စပ်တွေးမိလာတယ်။

ကေခိုင်က ကျွန်တော့်မျက်နှာကိုကြည့်ရင်း ဆက်ပြောတယ်။

"ကိုသီဟရောက်လာတော့ သူလည်း ပုံပျက်ပန်းပျက် အရှက်တွေကွဲတယ်။ ဘောလုံးပွဲလည်းရှုံးတယ်။ ရုပ်ရှင်ကုမ္ပဏီက လူတွေ



http://www.cherrythitsar.org

ရှေ့မှာရော၊ နှင်းရှေ့မှာရော မျက်နှာပန်းမလှ ဖြစ်သွားတယ်၊ ခစ် ခစ်”

“နှင်းဆီဖြူကလည်း အဖြေမပေးတော့ဘူးလား”

“ခစ်...ခစ် ဟင့်အင်း၊ ကိုထူးမြတ်ကကို မတောင်းတော့ဘူး၊ ရှက်သွားတယ်၊ ကောင်းပါတယ်၊ တောင်းလည်း နှင်းက ငြင်းမှာပါ၊ နှင်းက သူ့ကို မကြိုက်ဘူး”

“သြော်”

“အခု သူရယ် နှင်းရယ် ကေခိုင်ရယ် စကားပြောနေကြရင်း ကေခိုင် လစ်ထွက်လာတာ၊ ကိုထူးမြတ်က မျက်နှာကြီးပုပ်နေတယ်၊ ဟို သီဟသစ်ဆိုတဲ့ကောင် ကိုယ့်ကို နှစ်ခါတောင် တက်နင်းတယ်ဆို ပြီး သူ့ခြေထောက်ကို မ,ပြနေတယ်”

ကျွန်တော် ရယ်လိုက်မိတယ်။

“နှင်းက ပြန်ပြောတယ်၊ သီဟသစ်ကို နိုင်ဖို့မလွယ်ဘူးတဲ့၊ ကိုထူးမြတ် မျက်လုံးပြူးသွားတယ်၊ နှင်းနဲ့ ဒီကောင်နဲ့ သိသလားတဲ့”

အဲဒီအချိန်မှာပဲ ဆရာဝင်းရွှေက ကျွန်တော်ကို လာခေါ်တယ်။ ကေခိုင်က

“သွားလိုက်၊ သွားလိုက် ကိုသီဟ၊ နောက်မှတွေ့ကြတာပေါ့”

ကေခိုင် လှစ်ခနဲပြန်ပြေးသွားတယ်။ ကျွန်တော် လှမ်းခေါ်ပါ သေးတယ်။ သူမကြားတော့ဘူး။ သူ့ခေါင်းစည်းပဝါလေးက ကျွန် တော့်လက်ထဲမှာ ကျန်ရစ်ခဲ့တယ်။ ကွင်းထဲကို ကျွန်တော် မျက်လုံး

ငှေ့ယမ်းကစားမိတယ်။

တစ်နေရာမှာ ကေခိုင့်ကို ရပ်စောင့်နေသူ

နှင်းဆီဖြူ…

ကျွန်တော့်ကို မကြည့်ဘူး။ သူ ဟိုးအဝေးကြီးကို ငေးနေတယ်။

❋ ❋ ❋

"အဲဒီတုန်းက အော်လိုက်တာ ငါမှန်းမသိဘူးလား"

"ဘယ်သိမလဲ၊ ဒါပေမယ့် အထက်တန်းကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်ယောက်ပဲ ဆိုတာကိုတော့ သိလိုက်တာပေါ့၊ ဒီတက္ကသိုလ်မှာ ငါ့ကို ဂျိုကာလို့ခေါ်တဲ့လူမှ မရှိဘဲ"

ကျွန်တော်နဲ့ကိုအောင် ဘောလုံးပွဲအကြောင်း ပြန်ပြောနေမိတာပါ။ ကိုအောင်ကလည်း အဲဒီနေ့က ဘောလုံးပွဲလာကြည့်ပါတယ်။ ကိုအောင်ကလည်း တက္ကသိုလ်မှာ ကျွန်တော့်လိုပဲ မြန်မာစာယူထားတယ်။ ဒါပေမယ့် ကျောင်းမှာ ဌာနမှာ၊ စာသင်ခန်းမှာ တစ်ခါမှ ဒီကောင်နဲ့ကျွန်တော် မဆုံကြပါဘူး။

သူက ကလပ်စ်လစ်၊ ကျွန်တော်က ကလပ်စ်လစ်နဲ့ ဒီနေ့မှာ သမ္မတရုံမှာတွေ့ကြပြီး အတူလျှောက်သွားနေလိုက်ကြတာ၊ သူ



http://www.cherrythitsar.org

မြန်မာစာဆိုတာကို ကျွန်တော်ဖြင့် မေ့တောင်နေတယ်။

သူကလည်း ဘောလုံးပွဲလာကြည့်မှ ကျွန်တော့်ကို မြန်မာစာ ကမှန်း သတိရတယ်။

"ထူးမြတ်ကျော်ခေါင်က မင်းကို အတော်မကြည်တာကွ"

ကျွန်တော် ဘာမှ ပြန်မပြောလိုက်ဘူး။ လမ်းချိုးလေးတစ်ခုထဲ ကို ကွေ့ချလိုက်တယ်။

ပြဿနာဟာ အဲဒီလမ်းနံဘေးက မခမ်းနားလှတဲ့ အအေးဆိုင် လေးတစ်ဆိုင်မှာထိုင်ပြီး ကျွန်တော်တို့ကို မမြင်ချင်ယောင်ဆောင်ဖို့ ကြိုးစားပါတယ်။

ဒါပေမယ့် ကံအားလျော်စွာ ကျွန်တော်တို့က မြင်လိုက်ပါ တယ်။

"ဂျိုကာ ဟိုမှာ နှင်းနဲ့မိုမို့ အအေးထိုင်သောက်နေတယ်"

"အင်း တွေ့တယ်"

"သူတို့နဲ့ ထိုင်နေတာ ဘယ်သူလဲမသိဘူး"

လူငယ်တစ်ယောက်ပါပဲ။

မိန်ကလေးနှစ်ယောက် ခြံရံပြီး ပွဲနေပွဲထိုင် အဝတ်အစားမျိုးနဲ့ ဒီလမ်းကြားမှာ ကြံရည်ဝင်သောက်နေတာ ကြောင်စီစီနိုင်လွန်းလှပါ တယ်။

ကျွန်တော်သာ ဒီလမ်းထဲက ခွေးဆိုရင် လာဟောင်ပစ်မှာပဲ။ ဒါမျိုးကို နည်းနည်းမှကြည့်မရဘူး။ ဒီကောင် ဘယ်ရွာက သူကြီး



http://www.cherrythitsar.org

သားလည်း မသိဘူး။

အဲဒီ သူကြီးသားက စားပွဲပေါ်လက်ထောက်ပြီး နှင်းဆီဖြူရဲ့ မျက်နှာရှေ့ကို ကိုင်းလို့ စကားတွေ တွင်တွင်ပြောနေတယ်။

နှင်းဆီဖြူက ခေါင်းကို နောက်ဘက်ယိမ်းထားပြီး စိတ်ပျက်နေပုံရတယ်။ မျက်နှာကလည်း နည်းနည်းတင်းမာနေတယ်။

အဲဒီမှာပဲ ကျွန်တော်တို့ကို မိုမိုမြင်သွားပြီး သူ့မျက်နှာဝင်းခနဲ ဖြစ်သွားတယ်။ ဒါပေမယ့် ခေါ်ရကောင်းနိုး၊ မခေါ်ရကောင်းနိုး ဖြစ်နေပုံရတယ်။ နှင်းဆီဖြူနဲ့ သူကြီးသားကို ငဲ့စောင်းကြည့်တယ်။ ကျွန်တော်တို့ဆီ ပြန်ကြည့်တယ်။ သူ့မျက်နှာတစ်မျိုးပဲ။

"ဂျိုကာ တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်"

"အင်း"

ဒီအအေးဆိုင်ဟာ အထက်တန်းကျောင်းသားဘဝကတည်းက ကျွန်တော်ထိုင်နေကျ အအေးဆိုင်ပါ။ ဆိုင်ရှင် ကိုအေးကြည်နဲ့ရော၊ အခု သူမွေးထားတဲ့ ခွေးကြီးဘလက်ကီနဲ့ရော ရင်းနှီးပါတယ်။

နှင်းဆီဖြူတို့ မိုမိုတို့ ဒီဆိုင်ထိုင်တာကိုတော့ အရင်က မတွေ့မိပါဘူး။ သူကြီးသားက နှင်းဆီဖြူကို ခေါင်းကြီးနဲ့လိုက်တိုးပြီး စကား တွေ သက်သက်မဲ့လိုက်ပြောနေတယ်။

တစ်ဆိုင်လုံးမှာလည်း ဒီစားပွဲတစ်လုံးပဲ လူရှိပါတယ်။

"ဂျိုကာ မိုမိုက လက်ခိုးပြတယ်၊ ဘာလဲ မသိဘူး"

"အေး ငါမြင်တယ်၊ တို့ ဒီဘက်ဝိုင်းမှာ ဝင်ထိုင်မယ်"



http://www.cherrythitsar.org

ဆိုင်ထဲဝင်လိုက်ကြတော့မှ နှင်းဆီဖြူက ကျွန်တော်တို့ကို မြင်သွားပါတယ်။ မျက်နှာလုလုလေးမှာ အားတက်တဲ့အရိပ်တွေ ငွေ့ငွေ့ပြေးသွားတယ်လို့ ထင်ရတယ်။

ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီးမှ ကိုအောင့်ကို လှမ်းပြုံးပြတယ်။

သူကြီးသားကလည်း ကျွန်တော်တို့ကို လှည့်ကြည့်ပါတယ်။ အသားက မည်းချိတ်နေပြီး မျက်နှာမှာလည်း ကျောက်ပေါက်မာတွေနဲ့ပါ။ နှာခေါင်းက ချပ်ချပ်ရပ်ရပ် ပြားနေပြီး ပါးစပ်ထဲမှာလည်း ကွမ်းသွားတဝင်းဝင်းနဲ့။ ကျွန်တော်တို့ကို လှည့်ကြည့်ပုံကလည်း လူမှုရေးနားမလည်သူတစ်ယောက်ရဲ့ ခပ်ရိုင်းရိုင်းအကြည့်ပါ။

ကျွန်တော်နဲ့ ကိုအောင်ရဲ့မျက်နှာကို သူ စေ့စေ့ကြည့်ပါတယ်။ ကျွန်တော်က သူ့ကို သိဟောင်းကျွမ်းဟောင်းတစ်ယောက်လို နှုတ်ဆက်လိုက်တယ်။

"နေကောင်းတယ်မို့လား"

သူက ကျွန်တော့်ကို သေသေချာချာ ထပ်စိုက်ကြည့်ရင်း...

"ကောင်းတယ်"

"သူကြီးမင်းလည်း နေကောင်းတယ်မို့လား"

"ဘယ်က တကြီးမင်းလဲ၊ ကျုပ်မတိဘူး"

"ဟင် မသိဘူးလား၊ သိတယ် အောက်မေ့နေတာ"

"ခင်ဗျားပြောတဲ့ တကြီးမင်းကိုလည်း ကျုပ်မတိဘူး၊ ခင်ဗျား

ကိုလည်း ကျုပ်မတိဘူး"

"သြော် သြော် ဆောရီးဗျာ"

ကိုယ့်ဘာသာပြောရင်း ရယ်ချင်လာတယ်။

မို့မို့လည်း နှုတ်ခမ်းကို ဖိကိုက်ပြီး မရယ်မိအောင် ထိန်းထားတယ်။ နှင်းဆီဖြူရဲ့ ခပ်ညို့ညို့ဖြစ်နေတဲ့ မျက်နှာကလည်း ကြည်လင်လာတယ်။ သူကြီးသားက ကျွန်တော့်ကို မကြည့်တော့ဘဲ နှင်းဆီဖြူဆီ မျက်နှာပြန်မူတယ်။

"ကိုယ့်သဘောကို နှင်းတိပါတယ်။ နှင်းကို ကိုယ်တစ်တက်လုံး စောင့်ရှောက်တွားမယ်၊ နှင်းကို တတိရလို့ ကိုယ်အရက်တောက်တယ်၊ အရက်တောက်တော့ ပိုတတိရတယ်၊ နှင်းရယ် တကယ်တော့ နှလုံးတားရေးရာဆိုတာ..."

ကျွန်တော်က ကိုအေးကြည်ကို လှမ်းမေးလိုက်တယ်။

"ကိုအေးကြည် ဘယ်မှ မတွားဘူးလား"

"မတွားဘူး၊ အဲ မသွားဘူး"

ကိုအေးကြည် မနေတတ်မထိုင်တတ် ဖြစ်သွားပါတယ်။ "မင်းကလည်းကွာ" ဆိုတဲ့ ပုံစံမျိုးနဲ့ ကျွန်တော့်ကို လှမ်းကြည့်တယ်။

အဲဒီမှာပဲ ပြုံးယောင်ယောင်ဖြစ်နေတဲ့ မို့မို့ရဲ့မျက်နှာကလည်း တည်သွားတယ်။ သူ့အကြည့်က ကျွန်တော်တို့ရဲ့နောက်ကို ရောက်သွားတယ်။

ဆိုင်ထဲကို လူငယ်နှစ်ယောက် ဝင်လာတယ်။ တစ်ယောက်ကို



http://www.cherrythitsar.org

မသိပေမယ့် တစ်ယောက်ကိုတော့ ကျွန်တော်သိပါတယ်။ ဒီအပိုင်းမှာ နာမည်ကြီးနေတဲ့ ကုလားလူမိုက် အောင်စိုးပါ။

ကျွန်တော်နဲ့ကိုအောင်ကို မထိတထိပွတ်တိုက်ပြီး ဆိုင်ထဲဝင်တယ်။ အောင်စိုးနဲ့ပါလာသူကလည်း ခွေးခြေကို ခြေနဲ့ကလော်ပြီး မယူတယ်။ ကျွန်တော်နဲ့ကိုအောင်ကို မိုက်ကြည့်ကြည့်ပြီး ကိုးရို့ကားရား ဝင်ထိုင်တယ်။

သူကြီးသားက လှည့်ကြည့်တယ်။ ဘဝင်ကျသွားဟန်နဲ့ မျက်နှာကြီး ပြုံးသွားပြီး နှင်းဆီဖြူကိုပြောနေတဲ့ သူ့ရည်းစားစကားလည်း ပိုကျယ်လာတယ်။

"တို့အချစ်က ပေတတီး ကျီးတတားလိုအချစ်မျိုးပဲ၊ ယုံလားတော့ မတိဘူး"

ကိုအောင်က ဒီနှစ်ယောက်နဲ့ သူကြီးသား အတူတူပဲလားဆိုတဲ့သဘော မို့မို့ကို မျက်လုံးနဲ့ လှမ်းမေးတယ်။ မို့မို့က ခေါင်းညိတ်ပြတယ်။

ကိုအေးကြည်က ကျွန်တော်တို့ရှေ့ကို သံပုရာရည်ခွက်လာချပေးရင်း

"သူတို့က ကွမ်းယာဆိုင်မှာ သွားထိုင်နေကြတာ၊ မင်းတို့ကြောင့် ဆိုင်ထဲပြန်ဝင်လာတာ၊ ဒီကောင်တွေနဲ့ ဖက်ရန်မဖြစ်နဲ့နော်ဂျိုကာ"

လို့ တီးတိုးပြောရှာတယ်။

ကုလားအောင်စိုးက သူကြီးသားကို လေသံပြတ်ပြတ်နဲ့ လှမ်း



http://www.cherrythitsar.org

ပြောတယ်။

“ကိုကြီးလှ မြန်မြန်ပွဲဖြတ်လိုက်လေဗျာ၊ အချိန်မရှိတော့ဘူး”

ကိုကြီးလှဆိုတဲ့ သူကြီးသားက

“အိုကေ”

ဆိုပြီး ခေါင်းတစ်ချက်ညိတ်လိုက်ပါတယ်။ နှင်းဆီဖြူကို ပြုံးပြုံးကြီးကြည့်လိုက်ပြီး...

“နှင်း ကိုယ်လိုရင်းတက်တက်ကိုပဲ ပြောတော့မယ်ကွာ၊ နှင်း ကိုယ်နဲ့တစ်ခါတည်းတာ လိုက်ခဲ့တော့၊ ကိုယ့်မှာ ကားပါတယ်၊ ဟိုဘက်မှာ ရပ်ထားတယ်။ ကိုယ်အားလုံးစီစဉ်ပြီးပြီ”

“ဘာ”

မို့မို့ကိုယ်လေး ဆတ်ခနဲဖြစ်သွားပြီး ကျွန်တော့်ကို လှမ်းကြည့်တယ်။

ကျွန်တော့်မျက်နှာကတော့ ကျောက်ဆစ်ခဲတစ်ခဲလို တင်းမာသွားလိမ့်မယ်ထင်တယ်။ ခွေးသူတောင်းစားကြီးလှ။ ရင်ထဲမှာ မျက်သွားတယ်။

နှင်းဆီဖြူက ကြီးလှကို ရွံရှာသလိုပြန်ကြည့်ရင်း

“ဘာလို့ လိုက်ရမှာလဲ၊ မလိုက်နိုင်ဘူး”

“မငြင်းနဲ့နှင်း၊ ကဲလာ တွားကြရအောင်”

ကြီးလှက နှင်းဆီဖြူရဲ့လက်ကို လှမ်းဆွဲတယ်။ နှင်းဆီဖြူက ပုတ်ထုတ်လိုက်ရင်း တစ်ဖက်စားပွဲက ကိုအေးကြည် သံပုရာသီးလှီးတဲ့



http://www.cherrythitsar.org

ဓားကို လှမ်းဆွဲလိုက်တယ်။

"ဩော်"

ကြီးလှက ကိုယ်ကို နောက်ယို့လိုက်သလို ကိုအေးကြည်လည်း ပျာပျာသလဲဖြစ်သွားတယ်။

"အို ဘယ်လိုဖြစ်ကြတာလဲ၊ မလုပ်ကြနဲ့လေ"

ဒီလမ်း ဒီနေရာက လူအသွားအလာ အတော်ပြတ်တောက်ပါတယ်။ လမ်းကွေ့တစ်ဖက်မှာ မမြင်ရတဲ့ ကွမ်းယာဆိုင်တစ်ဆိုင်ပဲ ရှိတယ်။ အောင်စိုးက ကိုအေးကြည်ကို ကြောက်စရာကောင်းအောင် ပြုံးပြရင်း...

"ရှူး တိုးတိုး"

ကိုအေးကြည်ခမျာ ကတုန်ကယင်ဖြစ်နေရှာတယ်။ ကြီးလှကလည်း နှင်းဆီဖြူကို ဖျောင်းဖျတယ်။

"နှင်းကလည်းကွာ၊ ဒီဓားကြီးကို ပြန်ချထားလိုက်"

လမ်းကြားထဲကို နောက်ထပ်လူတစ်ယောက် ထပ်ဝင်လာတယ်။ ဂျာကင်အိတ်ထဲ လက်နှိုက်ပြီး အောင်စိုးရဲ့အဖော်ကို ခေါင်းညိတ်ပြတယ်။

ကျွန်တော်က ကိုအောင့်ကို ပြောလိုက်တယ်။

"မင်း ကိုအေးကြည်နားမှာ သွားနေလိုက်"

ကိုအောင်က ထိုင်ရာကထတယ်။ ဒါပေမယ့် အောင်စိုးက အထမခံဘူး။ ကိုအောင့်ပခုံးကို လက်နဲ့ ဖိထားတယ်။ ငုံ့ကြည့်ခေါင်း



http://www.cherrythitsar.org

ခါပြရင်း...

"သူငယ်ချင်းတို့ ငြိမ်ငြိမ်နေကြကွာ"

အောင်စိုးရဲ့အဖော်က

"ကဲ ကိုကြီးလှ ခင်ဗျားကားဆီသွားတော့ စက်နှိုးထား၊ ဒီကောင်မလေးကို ကျွန်တော်တို့ခေါ်လာမယ်"

ယောင်အမ်းအမ်းဖြစ်နေတဲ့ကြီးလှက ဆိုင်ထဲက ထွက်သွားဖို့ပြင်တယ်။ ကျွန်တော်က တစ်ချက်ရယ်ရင်း...

"တွားတော့မလား၊ တကြီးမင်းကိုလည်း ကျွန်တော်က တတိရကြောင်း ပြောလိုက်ပါဗျာ"

ကြီးလှ ကြောင်သွားပြီးမှ အစီအစဉ်ချမှတ်ပေးတဲ့ပုဂ္ဂိုလ်ကိုတိုင်သလို လှမ်းကြည့်တယ်။ အဲဒီပုဂ္ဂိုလ်က မျက်နှာတင်းမာသွားပြီး ကျွန်တော့်ဆီ လျှောက်လာတယ်။

"သူငယ်ချင်းက..."

'ဖျောင်း'

'ဒုန်း'

ဆိုင်ထဲမှာတော့ ရုတ်ရုတ်သဲသဲဖြစ်သွားပြီ။ ကြီးလှက လမ်းထိပ်က ဂျာကင်နဲ့လူဆီ ပြေးသွားပြီ။ ကိုအောင်က ကိုအေးကြည်နံဘေးကို ရောက်သွားပြီ။

နှင်းဆီဖြူနဲ့မိုမို ထရပ်တယ်။ မိုမိုက အောင်စိုးကို ဖန်ခွက်နဲ့ရွယ်ထားတယ်။ ကိုအောင်နဲ့ကိုအေးကြည်လက်ထဲမှာ ခွေးခြေ



http://www.cherrythitsar.org

တစ်ယောက်တစ်လုံးစီနဲ့။ ကျွန်တော့်နားကို ကပ်လာတဲ့ ပုဂ္ဂိုလ်ကျော် ကတော့ မြေပေါ်မှာ အားလျားကြီးမှောက်ပြီး သတိလစ်နေပါပြီ။ (သူ့ခြေဖမိုးက အကြောတစ်ခုကို ဆောင့်နင်းပြီး နားအုံကို ပိတ်ရိုက် လိုက်တာပါ။)

ကျွန်တော်က ဆိုင်ထဲကို ဝေ့ကြည့်လိုက်တယ်။ အကြည့်က အောင်စိုးရဲ့မျက်နှာမှာ ဆုံးတယ်။

"မင်းက လူမိုက်အောင်စိုးဟုတ်လား"

အောင်စိုးက ဘာမှပြန်မပြောဘူး။ ကျွန်တော့်ကို ပြူးပြူးရဲရဲ ပြန်ကြည့်နေတယ်။ ပြုံးပြလိုက်ရင်း…

"ငါ့နာမည် သီဟသစ်"

ဆိုင်အပြင်ကလူက ဆိုင်ထဲကို ဝင်မလာဘူး။ ကြီးလှကို ကားဆီသွားခိုင်းတယ်။ ကြီးလှ ကပျာကယာထွက်သွားတယ်။

"နှင်း ငါ့ကို နင့်လက်ထဲက ဓားပေးစမ်း"

နှင်းဆီဖြူက ဓားကို ကျွန်တော့်ဆီ ပစ်ပေးမလိုလုပ်ပြီးမှ မပစ်တော့ဘဲ အောင်စိုးနဲ့လွတ်တဲ့ဘက်က ကွေ့လာပြီးပေးတယ်။ ကျွန်တော်က ဓားကို စားပွဲပေါ် တင်လိုက်တယ်။

"အောင်စိုး အခု မင်းနဲ့ငါကြားမှာ စားပွဲတစ်လုံးရှိတယ်။ စားပွဲပေါ်မှာ ဓားတစ်လက်ရှိတယ်။ တကယ်လို့ မင်းသတ္တိရှိရင် ငါတို့ တစ်ခု စမ်းကြည့်ရအောင်"

အောင်စိုး ငြိမ်နေတယ်။



http://www.cherrythitsar.org

"မင်း လက်တစ်ဖက်နဲ့ ငါ့လက်တစ်ဖက်ကို ကြိုးနဲ့အတူ တုပ်ချည်လိုက်မယ်။ ပြီးရင် ဘေးလူတစ်ယောက်က တစ်၊ နှစ်၊ သုံးအော်ပေးမယ်။ သုံးဆိုတာနဲ့ စားပွဲပေါ်ကဓားကို ဦးရာလူက ကောက်ပြီးထိုး၊ နောက်ကျတဲ့ကောင် သေမယ်။ ကြိုးတွဲချည်ထားလို့ ထွက်ပြေးလို့မရဘူး။ သိပ်လည်းအချိန်ကြာမှာ မဟုတ်ဘူး၊ ခဏလေး ဘယ်လိုလဲ၊ ချမလား"

အောင်စိုးဆီက ဘာသံမှ ပြန်ထွက်မလာဘူး။ တစ်ဆိုင်လုံးငြိမ် နေတယ်။

"ဟေ့ကောင် ဘယ်လိုလဲ"

ကျွန်တော်က ခပ်ဆတ်ဆတ်မေးလိုက်တော့ အောင်စိုးတုန်သွား တယ်။ အဲဒီမှာပဲ

"အောင်စိုး"

လမ်းပေါ်က လူရဲ့အသံပါ။

"မင်းရှေ့ကလူကို တောင်းပန်ပြီး ပြန်လာခဲ့"

"ဗျာ ဆရာ"

"မင်းရှေ့ကလူကို တောင်းပန်ပြီး ပြန်လာခဲ့"

"ဟုတ် ဟုတ်ကဲ့"

အောင်စိုးက ကျွန်တော့်မျက်နှာကို မကြည့်ဘူး၊ ကိုယ်ကိုညွှတ် ပြီး

"ကျွန်တော် တောင်းပန်ပါတယ်"



http://www.cherrythitsar.org

သတိလစ်နေတဲ့ပုဂ္ဂိုလ်ကိုထမ်းပြီး အောင်စိုး ဆိုင်ထဲက ထွက်သွားတယ်။ လမ်းပေါ်ကလူက ဆိုင်ဝကို လျှောက်လာပြီး…

"မေ့ပစ်လိုက်ပါ ကိုသီဟ"

ပြောပြီး လှည့်ထွက်သွားတယ်။

လမ်းကွေ့လေးအတိုင်း သူပျောက်သွားတဲ့အခါ၊ လဲပြိုနေတဲ့ စားပွဲကုလားထိုင်တွေနဲ့အတူ ကျွန်တော်တို့တွေချည်းပဲ ကျန်ရစ်ခဲ့တယ်။ ကျွန်တော်က နှင်းဆီဖြူနဲ့ မို့မို့ကို

"ဒီ ကြီးလှဆိုတဲ့ကောင်က ဘယ်ကလဲ"

မို့မို့က ပြန်ဖြေတယ်။

"မုံရွာက"

ကျွန်တော် တစ်ချက် စဉ်းစားလိုက်ရင်း

"ကိုအောင်၊ သူတို့နှစ်ယောက်ကို ပြန်လိုက်ပို့လိုက်"

"မင်းကရော"

ကျွန်တော်က ဘာမှပြန်မဖြေဘဲ သွားကြတော့လို့ လက်ပြလိုက်တယ်။ ဘာမှ အထွန့်တက်မနေတော့ဘဲ သူတို့သုံးယောက် ထွက်သွားကြတယ်။ မို့မို့က ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်သွားလေရဲ့။



http://www.cherrythitsar.org

"မြင့်သူက ငါ့ကိုလာပြီး အဲဒီ့အကြောင်းတွေ မေးသေးတယ်"

"အေး ငါ့ဆီ အရင်ဆုံးလာမေးတာ၊ ဒါပေမယ့် သူ ဝင်ပါမှာစိုးလို့ ငါ ဘာမှ သိပ်မပြောပြလိုက်ဘူး"

ကျွန်တော် မိုမိုနဲ့ ကြည်ကြည်ဝေကို အဲဒီ့ရန်ပွဲ၊ အဲဒီ့အဖြစ်အပျက်ကို ပြန်ပြောနေကြတာပါ။

ကျွန်တော်တို့ သူငယ်ချင်းအုပ်စုထဲမှာတော့ 'မြင့်သူ' က 'ငတုတ်ကြီး' ပါပဲ။ 'ငပွကြီး' မဟုတ်ပါဘူး။ အထက်တန်းကျောင်းမှာ တုန်းက ရန်ခဏခဏဖြစ်လွန်းတဲ့ဒီကောင့်ကို ဆရာမ ခေါ်ခင်မျိုးသန်းက

"မင်းက တစ်ယောက်တည်းနဲ့ အားလုံးကို ဒိုင်ခံရန်ဖြစ်တဲ့



http://www.cherrythitsar.org

အကောင်ပဲ၊ တေတ်ကြီးပဲ”

လို့ ပြောပါတယ်။

ကျောင်းသားတွေက ‘ငပွကြီးပါ’လို့ ပြန်ပြောပေမယ့် ဒေါ်ခင်မျိုးသန်းက လက်မခံပါဘူး။ ‘တေတ်ကြီး’ လို့ပဲ အတင်းပြန်ငြင်းသွားပါတယ်။ အဲဒါနဲ့ ဒီကောင့်မှာလည်း အဲဒီနေ့ကစပြီး ‘တေတ်ကြီး’ ဆိုတဲ့ နာမည်တစ်လုံး တိုးလာပါတယ်။

“အစကတည်းက မြင့်သူက အောင်စိုးကို လက်ယားနေတာ”

ကြည်ကြည်ဝေ စကားကို ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

“တကယ်ပါ ဂျိုကာရယ်။ အဲဒီနေ့က သူတို့ရောက်လာကတည်းက ငါရိပ်မိတယ်။ မဟုတ်ဘူးဆိုတာကိုသိလို့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ နင်တို့ရောက်လာလို့ တော်သေးတယ်”

“ဂျိုကာ ဂျိုကာ”

မို့မို့ရဲ့စကားအဆုံးမှာ ကြည်ကြည်ဝေက အအေးခွက်ကို ပိုက်ကလေးနဲ့ ဆော့နေရာက လှမ်းခေါ်တယ်။ အရေးတကြီးမေးတယ်။

“အဲ့ဒီကောင်တွေထဲက တစ်ယောက်က နင့်ကို သိနေတယ်ဆို”

ကျွန်တော် ဘာမှ ပြန်မဖြေရသေးခင် မို့မို့က ကျွန်တော့်ရင်ဘတ်ကော်လံကို လှမ်းဆွဲပြီး ခေါင်းလေးတမော့မော့နဲ့

“အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ငါလည်း အဲဒါမေးမလို့၊



http://www.cherrythitsar.org

အဲဒီလူက ဘယ်သူလဲဟင် ဂျိုကာ၊ သူတို့ထဲက ခေါင်းဆောင်ထင်တယ်၊ နင်နဲ့ ဘယ်လိုသိနေတာလဲ”

မပြောချင်ပေမယ့် ကျွန်တော် ပြောပြလိုက်တယ်။

“သူက ရန်ကုန်အရှေ့ပိုင်းမှာ နာမည်ကြီးလူမိုက်တစ်ယောက်ပေါ့ဟာ၊ ငါ ကွန်ဖူးကစားနေတဲ့အချိန်တုန်းက သင်တန်းမှာ လက်ထောက်နည်းပြအဖြစ် ကူပြပေးနေတုန်းက ငါတို့ဆီမှာ လာတက်ဖူးတယ်”

“သြော်”

ကြည်ကြည်ဝေက ခေါင်းကလေးညိတ်ပြီး ငြိမ်သွားတယ်။ မို့မို့က ကျွန်တော့်ကို မချိုမချဉ်နဲ့ကြည့်ပြီး

“ဆရာကြီး၊ ဆရာကြီး”

လို့ လှမ်းစတယ်။ ကျွန်တော် သူ့နားရွက်ကို လှမ်းဆွဲထားလိုက်တာပေါ့။

မို့မို့က ခေါင်းလေးငုံ့သွားရင်း သူ့နားရွက်ကို သာသာဆွဲထားတဲ့ ကျွန်တော့်လက်ကို လှမ်းရိုက်တယ်။

“ဟော့ကောင် လွှတ်၊ တော်ကြာ ဘေးလူတွေက ငါ့ကို နင့်ရည်းစားလို့ ထင်နေဦးမယ်”

ကြည်ကြည်ဝေကလည်း မို့မို့ဘက်က စစ်ကူလိုက်ပါတယ်။

“အေးလေ၊ သူများသားသမီးကို သူ့ရည်းစားကျနေတာပဲ၊ မို့မို့ ဆိတ်ဆွဲလိုက်”

မို့မို့က ရယ်တယ်။ ကျွန်တော်က နားရွက်ကို ပြန်လွှတ်ပေးလိုက်ရင်း

"ငါ သူ့ကို သူငယ်တန်းကတည်းက…"

"အေးပါ၊ အဲဒါကို ငါသိပါတယ်…"

မို့မို့နဲ့ကျွန်တော်က သူငယ်တန်းကတည်းက တစ်ခန်းတည်း အတူတူ စာသင်ခဲ့ရတဲ့ သူငယ်ချင်းတွေပါ။ အဲဒီအချိန်ကတည်းက ကျွန်တော်က မို့မို့ကို နားရွက်ကလေး သွားသွားဆွဲလေ့ရှိပါတယ်။ ဘာမှဖြစ်လို့လဲမဟုတ်ပါဘူး။ သူ့နားရွက်လေးကို ဆွဲကြည့်ချင်လို့ သွားဆွဲတာပါ။ မို့မို့ငိုလို့ ကျွန်တော် အရိုက်ခံရဖူးပါသေးတယ်။

ဒါပေမယ့် အကျင့်ကတော့ မပျောက်ပါဘူး။ ကြီးကောင်တွေ ဝင်ကြတဲ့အချိန်ထိ တစ်ခါတစ်ခါ မို့မို့ရဲ့နားရွက်ကလေးကို ကျွန်တော် သွားဆွဲတုန်းပါပဲ။ မိဘချင်းကလည်း သိပ်ရင်းနှီးကြလို့ ဒါဟာ ရယ်စရာကိစ္စတစ်ခု ဖြစ်နေပါတော့တယ်။

"ငါ နင့်ကို နားရွက်ဆွဲခဲ့တာ အခုဆို ဆယ့်လေးနှစ်လောက်ရှိပြီ"

မို့မို့က မျက်စောင်းခဲပါတယ်။

"အဲဒီတုန်းက နင် ဘောင်းဘီတိုကလေးနဲ့"

"ဟာ ဒီကောင်"

မို့မို့ရှက်သွားပါတယ်။ ကြည်ကြည်ဝေက ရယ်ပါလေရော

"ကလေးပဲဟဲ့"



http://www.cherrythitsar.org

လို့လည်း ပြောတယ်။

"နေပါဦး၊ ငါကလည်း နင်တို့ကို ပြန်မေးရပါဦးမယ်"

"ဘာလဲ"

"တကယ်လို့သာ၊ အဲဒီနေ့က ငါတို့ရောက်မလာဘူးဆိုရင် နင်တို့ ဘယ်လိုလုပ်မလဲ"

မို့မို့က အေးအေးလူလူပဲ ပြန်ပြောတယ်။

"နှင်းက သူ့လက်ထဲကဓားနဲ့ သူ့ကိုယ်သူ ပြန်ထိုးလိုက်လိမ့်မယ်၊ သူတို့နဲ့တော့ ဘယ်လိုက်မလဲဟ"

ကျွန်တော်က သူ့ကို စိုက်ကြည့်နေတုန်းမို့

"နင်မယုံဘူးလား"

"………"

"ဟင် နင်မယုံဘူးလား"

ကြည်ကြည်ဝေက ဝင်ပြောတယ်။

"ဟုတ်တယ် ဂျိုကာ၊ နင် နှင်းကို သိပ်တော့လျှော့မတွက်နဲ့"

ကျွန်တော်က မို့မို့မကုန်တဲ့ အအေးခွက်ကို ယူသောက်လိုက်တယ်။

"ဟဲ့ သြော် ဂျိုကာ မကောင်းပါဘူးဟယ်၊ ထပ်မှာလိုက်တာ မဟုတ်ဘူး"

"မို့မို့"

"ဟင်"



http://www.cherrythitsar.org

"နှင်းဆီဖြူ ငါ့ကို ဘာပြောသေးလဲ"

မို့မို့နဲ့ ကြည်ကြည်ဝေ 'တွေ' သွားပါတယ်။ သူတို့မျက်လုံး၊ သူတို့မျက်နှာတွေမှာ အလွယ်တကူ ကောက်ယူလို့မရတဲ့ အဓိပ္ပာယ်တွေ ဖြာထွက်လာပါတယ်။

ကျွန်တော်က ဟက်ခနဲရယ်ရင်း ထိုင်ရာက ထရပ်လိုက်တယ်။

"ကဲ ငါသွားတော့မယ်"

လှည်းတန်းမီးပွိုင့်ဘက်ကို ပြန်လျှောက်လာခဲ့တယ်။ တစ်မျိုးဖြစ်နေတယ်။

ငုံ့ကြည့်တော့ ပလက်ဖောင်းဖြူဖြူ၊ မော့ကြည့်တော့ ကောင်းကင်ဖြူဖြူ၊ အဝေးကိုကြည့်တော့ မီးခိုးဖြူဖြူ၊ အနီးကိုကြည့်တော့ နံရံဖြူဖြူ။

ရင်ထဲမှာတော့ နှင်းဆီဖြူဖြူ...

❋ ❋ ❋

သက်ပြင်းတစ်ချက်ကို ခပ်ဝါးဝါးချလိုက်မိတယ်။

အချိန်က ညနေခင်းပါ။ သကြၤန်ရဲ့လင်းညိုစိုအေးတဲ့ နောက်ဆုံး ညနေခင်းကလေးပါ။ ဒီနေရာကို မရောက်ခင်ကတည်းက ကျွန်တော် သတိထားနေမိခဲ့တဲ့ မြေသင်းနံ့ဟာ အခုတော့ ပိုပြီးမွှေးရှလာပါပြီ။

ငှက်ကလေးတွေက လေထဲမှာ လှုပစွာ ကူးခတ်မျောရွေ့နေတယ်။ လမ်းနံ့ဘေး၊ အရိုင်းပန်းပွင့်တွေကလည်း ကြည်နူးကြေကွဲ၊ ပွင့်မြဲပွင့်ကြ၊ မကြာမီမှာ ဆည်းဆာရောင်တွေ ဝေတော့မယ့်... ညနေ...။

ဘာဖြစ်လို့လဲ ဆိုတဲ့ အကြောင်းအချက်တွေကို တွေးမရပါဘဲနဲ့ ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းသလိုလို နာကျင်ညှိုးလျလာပါတယ်။ ကြည့်နေရင်း ကြည့်နေရင်းက မျက်လုံးတွေ စုံလုံးကန်းသွားလောက်အောင် လှတဲ့ကောင်မလေးရယ်။

"သီဟ သူ ဆေးကျောင်းကမို့လား"

"အင်း"

ဝင်းမြင့်ရဲ့စကားကို ခေါင်းညိတ်ပြပြီး ဖြေတယ်ဆိုရုံဖြေလိုက်မိတယ်။

တချို့တစ်ဝက် ဖျက်သိမ်းပြီးပြီဖြစ်တဲ့ မဏ္ဍပ်ရဲ့နောက်ဘက် ရေတိုင်ကီတွေကြားမှာ နှင်းဆီဖြူ ရပ်နေပါတယ်။

အနက်ရောင်လုံချည်နဲ့ အနက်ရောင်တီရှပ်ကို တွဲစပ်ဝတ်ဆင်ထားပါတယ်။ ရွှေလိုဝင်းအိနေတဲ့ သူ့ရဲ့အသားအရေနဲ့လည်း လိုက်ဖက်နေပါတယ်။

သူ့ခြေထောက်ကလေးမှာ ဖိနပ်မပါဘူး။ စိုနေတဲ့ သဲမြေပွပွပေါ်မှာ ခြေဗလာနဲ့။ နွဲ့နွဲ့လျလျ မတ်တပ်ရပ်ပြီး အဝေးကြီးကို ငေးနေတယ်။

သူငယ်ချင်း နှင်း၊ သူငယ်ချင်း နှင်းဆီဖြူ။

နှုတ်ခမ်းကို ခပ်တင်းတင်း ဖိကိုက်ရင်း ကျွန်တော် ခေါင်းငုံ့ပစ်လိုက်တယ်။ တစ်ခါမှ မခံစားခဲ့ရဖူးတဲ့ ရူးသွပ်ချောက်ချားဖွယ်ရာ ဝေဒနာဟာ ရင်ထဲမှာ ဆူးတွေထွက်သလို ထွက်လာပါတယ်။

ကိုယ့်သူငယ်ချင်းတွေနဲ့ ကိုယ်ရေပက်ခံထွက်လာတာပါ။ လည်ပြီးလို့ ပြန်တောင်လာပါပြီ။

ဒါပေမယ့် ဒီအနားမှာ ရေပက်သူမရှိဘဲ လာရပ်ထားတဲ့ ရေပက်ခံကားတချို့ရယ်၊ အဲဒီကားပေါ်က လူငယ်တချို့ရဲ့ တစ်နေရာ



http://www.cherrythitsar.org

ကို စိုက်ကြည့်ရင်း ရှိဝေတမ်းမောနေတဲ့ မျက်လုံးတွေရယ်ကို သတိထား မိလို့ သူ့ကို မြင်တာပါ။

ကျော်တင့်က သက်ပြင်းချတယ်။

“လှတယ်ကွာ”

“သီဟ ရေသွားလောင်းကွာ၊ သွား မင်းနဲ့လိုက်တယ် တကယ်”

ကျွန်တော့်ရင်ထဲမှာ လင်းလိုက်မှောင်လိုက် ဖြစ်နေသလိုပဲ။ မျက်လုံးထဲမှာ အမြင်အာရုံတွေ မှုန်ဝေတောက်ပလို့။ ပင့်သက်ကိုတော့ ရှိုက်လိုက်တယ်။ ဒါပေမယ့် လမ်းတစ်ဝက်မှာ အဲဒီပင့်သက်က ဘယ်ရောက်သွားလဲ မသိဘူး။

“သီဟ သွားလိုက် ဟ့ကောင်”

ကျော်တင့်ကလည်း ဆွေဦးလိုပဲ တိုက်တွန်းတယ်။ ဆွေဦးက ဂျစ်ကားပေါ်မှာတင်လာတဲ့ ရေတွေကို ဖလားတစ်လုံးနဲ့ ခပ်ပေးတယ်။ အဲဒီဖလားထဲကနေ ခပ်လောင်းဖို့ ပလတ်စတစ်ရေခွက်သေးသေးလေး တစ်လုံးကိုလည်း ထည့်ပေးတယ်။

“သွားကွာ သီဟ”

ဆွေဦးပေးတဲ့ ရေဖလားကိုကိုင်ပြီး ကားအောက်ရောက်လာ တယ်။

နှင်းဆီဖြူရှိရာကို လှမ်းကြည့်တော့ သူနဲ့ကျွန်တော့်အကြားမှာ ရွှေရောင်မြူနှင်းတွေ ဝိုးဝါးနေသလိုပဲ။ သူက ကျွန်တော့်ကို ကျော



http://www.cherrythitsar.org

တစ်စောင်းပေးပြီး ရပ်နေတယ်။

ခြေလှမ်းမှန်မှန်နဲ့ လျှောက်သွားလိုက်တယ်။ တခြားဂျစ်ကား ပေါ်က လူငယ်တွေကလည်း ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ တစ်လှမ်းချင်းလှမ်းသွားရင်း နှင်းဆီဖြူရဲ့အနီးကို ကျွန်တော်ရောက်သွား ပါတယ်။

သူကတော့ လှည့်လည်းမကြည့်လို့ ကျွန်တော်ရောက်နေတာကို လည်း သိပုံမပေါ်ပါဘူး။ ရေဖလားကိုင်ရက်က ကျွန်တော် သူ့ကို ငေးနေမိသေးတယ်။ နောက်မှ မထူးတော့ပြီမို့လို့ ဖလားထဲကရေကို ပလတ်စတစ်ခွက်ကလေးနဲ့ခပ်ပြီး သူ့ပခုံးဝါဝါလေးပေါ်ကနေ ဖြည်း ဖြည်းညင်းညင်း လောင်းချလိုက်တယ်။

ရုတ်တရက်...

ကောင်းကင်ကြီးဟာ လမင်းကို ထွေးပိုက်ထားရာက လွတ်ကျ သွားသလိုမျိုး နက်မှောင်တဲ့ ဆံနွယ်ခက်တွေ ဖွားခနဲ လွင့်ဝဲသွားရင်း ကျွန်တော့်ကို သူလှည့်ကြည့်တယ်။

ကျွန်တော်နဲ့ မျက်လုံးချင်း တဖျတ်ဖျတ် ဆုံမိကြတယ်။ ကျွန်တော့်ကို ခါးကလေးလိမ်ပြီး လည်ပြန်လှည့်ကြည့်နေရက်က သူ့ခန္ဓာကိုယ်လေး ငြိမ်သက်သွားတယ်။

"လန့်သွားလားဟင်"

သူက ကျွန်တော့်ကို ကြည့်ရက်နဲ့ပဲ ခေါင်းကလေးဖြည်းဖြည်း ခါတယ်။

"ခုနက နင် လန့်သွားသလိုပဲ"

သူက တစ်ချက်မျက်လွှာချတယ်။ ပြီးမှ မျက်လုံးကို ပြန်ဝင့်ရင်း

"မဟုတ်ဘူး၊ ငါ့ကို နောက်ကနေရေလောင်းလိုက်တာ နင်ပဲဆိုပြီး အလိုလိုသိလိုက်လို့"

"အို"

ကျွန်တော်က ဘယ်ဘက်ရင်အုံမှာ နွေးခနဲ၊ နှင်း နှင်းရယ်၊ ငါ...

"ဟုတ်တယ်၊ ရေထဲမှာလည်း လျှပ်စစ်ဓာတ်တွေ ပါလာသလိုပဲ၊ အဲဒါကြောင့် ငါ ချက်ချင်းပြန်လှည့်ကြည့်လိုက်တာ ထင်တဲ့အတိုင်း နင်ပဲ ဖြစ်နေတာကိုး"

"သြော်"

နှစ်ယောက်သား ခဏငြိမ်သက်သွားကြတယ်။ ပြီးမှ ကျွန်တော်က

"ငါ သင်္ကြန်တွေမှာ အပြင်မထွက်တာ ဘယ်သူ့မှလည်း ရေမလောင်းတာ ငါးနှစ်ရှိပြီ။ ဒီနှစ်သင်္ကြန်လည်း ဒီနေ့မှ ငါအပြင်ထွက်တာ၊ ငါရေလောင်းတာ နင့်တစ်ယောက်တည်းကိုပဲ"

သူက ကျွန်တော့်ကို မယုံသလိုကြည့်ရင်း အင်မတန် ချစ်စရာကောင်းတဲ့ မဲ့ပြုံးလေးတစ်ခုကို ပြုံးပါတယ်။

"ဟုတ်တယ်၊ ငါ တကယ်ပြောတာ"

သူက နှုတ်ခမ်းလေးစူပြပြီး လှောင်ရယ် ရယ်တယ်လေ။

"ဟာ...ဟ"

ပြီးတော့ ကျွန်တော့်မျက်လုံးထဲကို သူ စိုက်ကြည့်တယ်။ ကျွန်တော်နဲ့အကြည့်ဆုံကြတာပေါ့။ သူ့မျက်လုံးကလေးတွေက ကြယ်လိုလက်လာတယ်။ ဘယ်သူကမှ အကြည့်မလွှဲမိကြဘူး။

ကျွန်တော့်ရင်ထဲမှာလည်း အပြာရောင်ဝတ်မှုန်တွေ အုံ့မှိုင်းလာတယ်။

ပန်းတွေ ပန်းတွေ

လေထဲမှာ တဆတ်ဆတ်ပွင့်၊ လေထဲမှာ တဖျတ်ဖျတ်ကြွေ။

ရေဖလားထဲကရေကို ပလတ်စတစ်ခွက်ကလေးနဲ့ခပ်ပြီး သူ့ကို တသွင်သွင်လောင်းနေလိုက်တယ်။ သူက ခေါင်းငုံ့ထားရင်း သူလက်လှမ်းမီရာ ရေတိုင်ကီတစ်လုံးကို လက်ညှိုးလေးနဲ့ လှမ်းလှမ်းတောက်နေတယ်။

အဲဒီမှာပဲ နှင်းနဲ့ကျွန်တော့်ကြားကို ကံ့ကော်တစ်ပွင့်ကျလာတယ်။

ကောင်မလေးတစ်အုပ်က ဘေးကဖြတ်သွားရင်း ပစ်ချပေးသွားတာပါ။ နှင်းရော ကျွန်တော်ရော မြေပေါ်မှာ ဖူးကြွဖြူညက်နေတဲ့

ကံ့ကော်ပန်းကလေးကို ငေးကြည့်နေမိတယ်။

"ဂျိုကာ"

"ဟင်"

"ငါချမ်းပြီဟာ"

သူ့တစ်ကိုယ်လုံး ရွှဲစိုနေပါပြီ အဝတ်အစားတွေ ရေစိုနေတဲ့ သူ့အလှဟာ ဂရိဒဏ္ဍာရီထဲက ဟယ်လင်မင်းသမီးကို ပုန်ကန်တုပ နိုင်ပါတယ်။ သူက ပြောတယ်။

"သွားတော့ဟာ"

"ဟင်"

"သွား ...တော့"

သံရှည်လေးဆွဲပြီး အဲဒီလို ချိုနွဲ့နွဲ့ပြောတာ ကျွန်တော့်နှလုံးသား ကို ကျွမ်းပြန်ကျသွားစေပါတယ်။

"ဘာဖြစ်လို့လဲ"

"သွားတော့ဆို၊ ဘာဖြစ်ဖြစ်"

သူက အံလေးကြိတ်ပြပြီး ကျွန်တော့်ကို တိတ်တိတ်မောင်း ထုတ်နေတာပါ။

ကျွန်တော့်ရှေ့မှာ ရေစိုအဝတ်တွေနဲ့ နီးနီးကလေး ကပ်ရပ် နေရတာကို သူ ရှက်နေတာပါ။ ကျွန်တော်က ခေါင်းကို နောက်လှန်ပြီး ရယ်လိုက်တယ်။

"အေး သွားပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ပြောရဦးမယ်"



http://www.cherrythitsar.org

"ဘာလဲ"

"နင်နဲ့ငါနဲ့ သူငယ်ချင်းဖြစ်သွားပြီနော်"

"ဟွန်း"

ကျွန်တော်က သူနဲ့ကျွန်တော့်အကြားက ကံ့ကော်ပွင့်ကလေးကို ကောက်ယူလိုက်တယ်။ လက်ထဲမှာ လှည့်ပတ်ကိုင်တွယ်ကြည့်ရင်း သူ့ရှေ့မှာ ပြန်ပစ်ချလိုက်တယ်။

သူ့ကို မော့ကြည့်တော့ သူနဲ့ မျက်လုံးချင်းဆုံတယ်။

"နှင်း"

"ဟင်"

"ငါသွားတော့မယ်"

"အင်းပါ"

မျက်လုံးချင်းတစ်ချက် ပြန်ဆုံတယ်။

ကျွန်တော်လှည့်ထွက်တော့ သူက အဝေးကိုငေးပြီး ကျန်ရစ်ခဲ့တယ်။ ဂျစ်ကားဆီပြန်ရောက်တော့ ဆွေဦးက ကျွန်တော့်ပခုံးကို တင်းတင်းကျပ်ကျပ် ဖက်တယ်။ ကျွန်တော်တို့ ဘာစကားမှ မပြောဖြစ်ကြဘူး။

❋ ❋ ❋

ထုံးစံအတိုင်းပါပဲ။ ကျွန်တော်ရောက်သွားတဲ့အချိန်မှာ လူစည်နေပါပြီ။ သာရေးတွေသွားလေ့လာလေ့မရှိတဲ့ ကျွန်တော်ဟာ ဒီတစ်ခါတော့ ရောက်လာရပါပြီ။

ကျွန်တော်တို့အထက်တန်းကျောင်းတုန်းက ဆရာကြီး (ပင်စင်ယူသွားပြီးနောက်ပိုင်း) ပြုလုပ်တဲ့ မွေးနေ့ပွဲလေးပါ။

ကျွန်တော်တို့ ကျောင်းသားဟောင်းတွေက ကျောင်းအုပ်ဆရာကြီးရဲ့အိမ်မှာပဲ ဆရာကြီးရယ်၊ ဝါရင့်ဆရာမကြီး ဒေါ်လှရီရယ်ကို စုပေါင်းကန်တော့ဖို့ စီစဉ်ကြပါတယ်။

ဆရာကြီးရဲ့ မွေးနေ့ပွဲဖြစ်သလို ကျွန်တော်တို့သူငယ်ချင်းတစ်အုပ် ပြုလုပ်တဲ့ ဆရာကန်တော့ပွဲလည်း ဖြစ်ပါတယ်။

ရောက်ရောက်ချင်း အိမ်နောက်ဖေး မြေကွက်လပ်ကို လှမ်း



http://www.cherrythitsar.org

ကြည့်လိုက်တော့ ကျွန်တော် ပျော်သွားတယ်။

သူတို့က ကျွန်တော့်ထက်စောပြီး ရောက်နေကြတာကိုး။ ချက်နေပြုတ်နေကြလို့ ကျွန်တော်ရောက်အလာကို သူတို့ချင်ချက်းမှာ မသိဘူး။

တကယ်အလုပ်လုပ်နေကြတာက နှင်း၊ မို့မို့နဲ့ မိုးကြည်ကြည်ဝေ၊ ဟိုလိုလို ဒီလိုလိုနဲ့ ဝင်ရှုပ်နေကြတာက ဇေယျာတို့၊ မြင့်သူတို့ . . .။ ကျွန်တော့်ကိုမြင်တော့ မြင့်သူက အော်တယ်။

"ဟော့ကောင် သူတောင်းစား၊ ဘာကိစ္စ အခုမှ လာရတာလဲ၊ ခွက်ကို ဘယ်မှာဝှက်ထားခဲ့လဲ"

"မသာကောင်တွေ၊ မင်းတို့ကရော ဘယ်တုန်းထဲက ရောက်နေတာလဲ၊ မင်းတို့အခေါင်းတွေကော ဘယ်မှာ ထောင်ထားခဲ့လဲ"

"ဟာ ဒီကောင်တွေ"

ကျွန်တော်တို့ရဲ့ ပဋိသန္ဓာရစကားတွေကြောင့် ကောင်မလေးတွေ မျက်နှာရှုံ့မဲ့ကုန်တယ်။ ကြည်ကြည်ဝေကလည်း ယောက်မကြီးကိုကိုင်ပြီး

"ဘယ်လိုကောင်တွေတုန်း"

လို့ ငေါက်တယ်။ ကျွန်တော်က ကြည်ကြည်ဝေကို တစ်ချက်လှမ်းကြည့်ပြီး

"ကြည်ကြည်ဝေက ယောက်မတွေဘာတွေတောင် ရနေပြီကိုး၊ ငါဖြင့် သိတောင်မသိလိုက်ဘူး"



http://www.cherrythitsar.org

ကြည်ကြည်ဝေ ရှက်သွားတယ်။ ကျွန်တော့်ကို အဲဒီယောက်မ နဲ့ရွယ်ပြီး

"အေး အေး ပြီးမှ ငါ့ယောက်မနဲ့ နင့်ကိုမိတ်ဆက်ပေးရဦး မယ်"

ကျွန်တော်က ရယ်နေလိုက်ရင်း နှင်းကိုခိုးကြည့်တယ်။ နှင်းက မုန့်ဟင်းရည်အိုးကို မီးထိုးနေတယ်။ တစ်ချက်တစ်ချက် မီးခိုးမွှန် တော့ သူ့ခမျာ မျက်ရည်ကလေးတွေဝဲလို့။

'မငိုပါနဲ့နှင်းရယ်၊ ငါ ရောက်လာပြီပဲ' လို့ နှောက်မလို့ လုပ်ပြီးမှ မနှောက်တော့ဘဲ သီသီလေး ပြန်ထိန်းချုပ်လိုက်နိုင်တယ်။

နှင်းက ထင်းတွေကို နေသားတကျဖြစ်အောင် လုပ်နေရင်းက ကျွန်တော့်ဘက် ဝေ့ကြည့်တယ်။ နောက်တော့ နဖူးပြင်ထက်က သူ့ ဆံပင်လေးတွေကို လက်နဲ့သပ်တင်ရင်း ကျွန်တော့်ဘက် လှည့်လာ တယ်။ ကျွန်တော်နဲ့ မျက်လုံးချင်းဆုံနေကြတယ်။

ပြုံးမလို တည်မလိုနဲ့ နှစ်ယောက်လုံး မျက်နှာပြန်လွှဲလိုက်ကြ တယ်။

ကျွန်တော်ကတော့ လှလွန်းပလွန်းတဲ့ ဒီသူငယ်ချင်းမလေးကို တွေ့ရကြုံရတိုင်း ရင်ခုန်သံစည်းချက် မမှန်တော့ပါဘူး။

မို့မို့က ကျွန်တော့်ကိုမေးတယ်။

"ဂျိုကာ အခု လိုင်းကားစီးပြီးလာတာမို့လား"

"အင်း လိုင်းကားကြီးကို ဇက်ကြိုးတပ်ပြီး ခွစီးလာတာတော့



http://www.cherrythitsar.org

မဟုတ်ဘူးပေါ့ဟာ၊ လိုင်းကားထဲဝင်ပြီး ခုံမှာငြိမ်ငြိမ်နေ၊ လက်ကိုင်ကို တင်းတင်းဆုပ်ပြီး စီးလာတာပေါ့"

မို့မို့က ကျွန်တော့်ကို မျက်စောင်းထိုးတယ်။

"ဦးတို့ ဒေါ်ဒေါ်တို့လည်း နေကောင်းကြတယ်မို့လား၊ ကျန်းကျန်းမာမာ မဟုတ်လား"

"စက်ရုပ်ကြီးတွေလိုတော့ မားမားမားမား လျှောက်သွားမနေနိုင်ဘူးပေါ့ဟာ၊ တစ်ခါတလေ ခေါင်းကိုက် ဗိုက်နာလောက်တော့ ဖြစ်တာပေါ့၊ အဲဒါကလွဲရင်တော့ ကောင်းပါတယ်"

မို့မို့က မျက်ခုံးအတွန့်ချိုးပြီး ကျွန်တော့်ကိုကြည့်နေပါပြီ။ ပြီး

"နင့်ကိုတောင် မတွေ့တာကြာပြီ၊ တစ်နေ့တစ်နေ့ ဘာတွေလုပ်နေသလဲ"

"များသောအားဖြင့်တော့ ဝဲတွေကုပ်နေတာပါပဲဟာ၊ တစ်ချက်တစ်ချက်တော့ နင့်ကို သတိရတာပေါ့"

ကြည်ကြည်ဝေက ကျွန်တော့်ကို တစ်ခုခုပြောမလို့ နှုတ်ခမ်းပြင်တယ်။ အဲ့ဒါနဲ့

"တစ်ချက်တစ်ချက်တော့ နင်ရယ်၊ ကြည်ကြည်ဝေရယ် နှင်းရယ်ကို သတိရတာပေါ့"

အားလုံး ဝိုင်းရယ်ကြတယ်။ မိန်းကလေးသုံးယောက်လုံးက

"တော် တော်"

လို့ ဝိုင်းအော်ကြတယ်။ ကြည်ကြည်ဝေက ခုမှ သတိရ



http://www.cherrythitsar.org

သလို

"ဟဲ့ ဂျိုကာ နင် ဆရာကြီးနဲ့ စကားလေးဘာလေး ပြောခဲ့ပြီးပလား"

"အင်း ရုပ်ရှင်ထဲကလို ဆရာကြီး ရင်ခွင်ထဲ ခေါင်းဝင်ပြီး 'ဆရာကြီး' ရယ် ဘာညာတော့ မလုပ်ဘူးပေါ့ဟာ၊ ဆရာကြီးကလည်း ငါ့ခေါင်းကို လက်နဲ့ပုတ်ပြီး 'အို ချစ်တပည့်' ဘာညာ ပြန်မပြောပါဘူး။ ရိုးရိုးတန်းတန်းတော့ စကားထိုင်ပြောပြီးပါပြီ"

ဖေယျတို့ တဟားဟားအော်ရယ်ကြတယ်။ ကြည်ကြည်ဝေကတော့ နှုတ်ခမ်းကြီးစူသွားတယ်။

"တော်ပြီဟာ နင့်ကို စကားပြောရတာ အပေါက်အလမ်းမတည့်ဘူး"

နှင်းနဲ့ကျွန်တော် မျက်လုံးချင်း တစ်ခါဆုံကြတယ်။ ကျွန်တော်က နှင်းကို လျှာထုတ်ပြီး ပြောင်ပြလိုက်တယ်။ နှင်းက ပြုံးမူပြုံးရာနဲ့ တစ်ဖက်ပြန်လှည့်သွားပြီး ထင်းတွေကို အစီအခြောက်ရွေးနေတယ်။ ကျွန်တော် သူ့ကို ငေးကြည့်နေမိတုန်းမှာပဲ...

"ကဲ အောက်က အုပ်စုတွေ"

အပေါ်က ယဉ်ယဉ်မင်းအသံကြားလို့ လှမ်းကြည့်လိုက်ကြတယ်။

"လာကြဦး၊ ဒီမှာ ဆရာကြီးနဲ့ ဆရာမကြီးကို ကန်တော့ကြမယ်၊ ပြီးမှ စားဖို့သောက်ဖို့ပြင်ကြ"



http://www.cherrythitsar.org

"လာပြီ လာပြီ"

အပေါ်ကို တဝုန်းဝုန်း ခုန်တက်ကြတယ်။

"အိမ်ပြိုမယ်ဟဲ့၊ အိမ်ပြိုမယ်"

လို့ ငေါက်တယ်။ (အိမ်ပြိုရင် သူလိမ့်ကျသွားမှာ ကြောက်လို့ထင်ပါတယ်။) အစုလိုက်၊ အပြုံလိုက် အိမ်ရှေ့ခန်းကို အကူးမှာ ပညာစုံတဲ့ ကျွန်တော်က မိုဗိုရဲ့နားရွက်ကိုရအောင် လှမ်းဆွဲခဲ့ပါသေးတယ်။

အိမ်ရှေ့ခန်းမှာ ဆရာကြီးတို့ကို ကန်တော့ဖို့ အစစအရာရာ ပြင်ဆင်ထားပြီးပါပြီ။ စနစ်တကျ ပုဆစ်တုပ်ထိုင်သူတွေကလည်း ထိုင်နေကြပြီးပြီ။ ကျွန်တော်တို့တွေက သူတို့နောက်မှာ အစီအရီ ဝင်ထိုင်ကြတယ်။

အဲဒီမှာလည်း ပညာစုံတဲ့ကျွန်တော်က မတော်တဆလိုလို၊ တိုက်ဆိုင်မှုလိုလိုနဲ့ နှင်းဘေးနားကပ်ရက်ကို ရောက်သွားပါတယ်။

နှင်းက ကျွန်တော့်ကိုလှည့်ကြည့်တယ်။ ကျွန်တော်က အပြစ်ကင်းစင်တဲ့ မျက်နှာမျိုးနဲ့ မသိချင်ယောင်ဆောင်ပြီး ဆရာကြီးတို့ကို လှမ်းငေးနေလိုက်တယ်။

ဆရာကြီးရယ်၊ ဆရာမကြီးဒေါ်လှရီရယ်။ သူတို့နံဘေးမှာ ညှော်သည်တော်ဆရာမ ဒေါ်ခင်မျိုးသန်းရယ် (သူက ဒီပွဲကို မသိဘူး၊ သူ့ဘာသာ ဆရာကြီးဆီ လာလည်တာ၊ ရောက်လက်စနဲ့ သူ့ကိုပါ ကန်တော့ကြတာ)



http://www.cherrythitsar.org

မကန်တော့မီမှာ ဆရာကြီးနဲ့ ဆရာမကြီးက စကားပြောပါတယ်။

ဆရာကြီးကတော့ လေသံအေးအေးနဲ့ အားလုံးကို ခြုံရုံပြီး ဩဝါဒပေးတာပါ။ မှတ်သားနာယူစရာတွေ အများကြီးပါပါတယ်။ ဒေါ်ခင်မျိုးသန်းက ကျောင်းသားတွေမျက်နှာကို လိုက်ကြည့်ရင်း မြင့်သူကိုတွေ့တော့ "ဟာ ငတုတ်ကြီးမို့လား" လို့ အေးကဝင်ပြောပါတယ်။

သူပြောနေတဲ့စကားကို ဝင်ထောက်တယ်အောက်မေ့ပြီး ဆရာကြီးက ဇဝေဇဝါနဲ့ "ဘယ်က ငတုတ်ကြီးလဲ" လို့ လှည့်မေးတယ်။ ရယ်ကြရပါသေးတယ်။

ပြီး ဆရာမကြီး ဒေါ်လှရီ စကားပြောတယ်။ ဆရာမကြီးရဲ့ စကားမှာ အားလုံးက အာရုံစိုက်နားထောင်နေတုန်း ကျွန်တော်က နှင်းကို တိုးတိုးလေး ကပ်ခေါ်လိုက်ပါတယ်။

"နှင်း"

နှင်းက မကြားပါဘူး။ မကြားချင်ယောင်ဆောင်တာလည်း ဖြစ်နိုင်ပါတယ်။ ထပ်ခေါ်လိုက်တယ်။

"နှင်း"

ကြားသွားတယ်။ အခုမှ ကြားချင်ယောင်ဆောင်တာလည်း ဖြစ်နိုင်တယ်။ မျက်လုံးထောင့်ကပ်ပြီး ကျွန်တော့်ကို ကြည့်တယ်။ တိုးတိုးပြန်မေးတယ်။



http://www.cherrythitsar.org

"ဘာလဲ"

"နင် ကေခိုင်နဲ့တွေ့သေးလား"

သူက ကျွန်တော့်ကို အကဲခတ်သလို ကြည့်ပါတယ်။

"တွေ့သားပဲ"

"သူ့ပဝါ ငါ့ဆီမှာ"

"ဟင်၊ ဘာ"

"သူ့ခေါင်းစည်းပဝါ ငါ့ဆီကျန်ရစ်ခဲ့တယ်၊ တစ်ခါ မေဂျာ ဘောလုံးပွဲကို သူလာကြည့်တုန်းက ငါ့ဆီကျန်ရစ်ခဲ့တာ၊ အဲဒါ ပြန်ပေးရဦးမယ်"

"ပဝါက ဘာရောင်လဲ"

"ပန်းနုရောင်"

"သူ့ပဝါမဟုတ်ဘူး၊ အဲဒါ ငါ့ပဝါ"

"ဟင် ဟုတ်လား"

ကျွန်တော်နဲ့ နှင်းနဲ့ နီးနီးလေးကပ်ပြီး တစ်ယောက်ကို တစ်ယောက် ကြည့်နေမိကြတယ်။ သူ့ရဲ့ကိုယ်သင်းနံ့လေးက ယဉ်ယဉ်ရှရှကလေးမွှေးလို့၊ ကျွန်တော် စိတ်လှုပ်ရှားလာပြီး သက်ပြင်း တစ်ချက်ချမိသေးတယ်။ သူက ဆံနွယ်ခက်ကလေး ပြန်သပ်တင်ရင်း

"အဲဒါ ငါ့ပဝါ၊ ပြန်ပေး"

"မပေးဘူး"

"ဘာ"



http://www.cherrythitsar.org

"မပေးဘူး"

"အောင်မာ ဘာဖြစ်လို့"

အသံက ဘေးကို ညံ့စွက်သွားမှာစိုးလို့ နှစ်ယောက်စလုံး ခဏငြိမ်နေလိုက်ကြပါသေးတယ်။

ပြီးမှ နှင်းက ကျွန်တော့်ဘက် ပြန်လှည့်လာတယ်။ နှုတ်ခမ်းထွေးထွေးလေးကို ဖိကိုက်စိတ်တိုပြရင်း

"ဘာဖြစ်လို့ ပြန်မပေးရမှာလဲ"

"အမှတ်တရပေါ့ဟာ၊ နှင့်ပဝါကို ငါယူထားမယ်၊ နှင့်ကို ပဝါအသစ်တစ်ထည် ပြန်ဝယ်ပေးမယ်"

"မလုပ်နဲ့၊ မယူဘူး"

"လှလှလေး ပြန်ဝယ်ပေးမယ်လေ"

"အောင်မာ"

သူ ရယ်ချင်သွားပုံရတယ်။

"ငါက ခေါင်းမှာမစည်းရင် နင်ဘာတတ်နိုင်မှာလဲ"

"နင့်ဘာသာမစည်းရင် ငါစီးပေးမယ်"

"ဘာ"

"ငါ စည်းပေးမယ်လို့၊ နင့်မျက်လုံးလေး မှိတ်ထားလေ"

"အောင်မာ"

သူ ပြန်တော့ပြန်ပြောမလို့ပဲ။ ဒါပေမယ့်...

"ကဲ အားလုံးကန်တော့ကြမယ်"



http://www.cherrythitsar.org

အားလုံး ကန်တော့ဖို့ပြင်ကြတယ်။ တစ်ယောက်က ရှေ့ကနေ တိုင်ပေးတာကို အားလုံးက လိုက်ဆိုပြီး ဆရာကြီး၊ ဆရာမကြီးနဲ့ ဆရာမဒေါ်ခင်မျိုးသန်းကို ကန်တော့ကြတယ်။

ကန်တော့ပြီးလို့ လူစုပြန်ခွဲကြတဲ့အခါကျတော့ ပညာစုံတဲ့ ကျွန်တော်က နှင်းနဲ့မဆုံအောင် (ဘယ်အပေါက်က ရှောင်သွားမှန်းမသိ စေရဘဲ) ရှောင်နေလိုက်တယ်။

အဲဒီလို သူ့ကို စရ နောက်ရတာ ဘာနဲ့မတူအောင် ကျွန်တော့် ရင်ထဲမှာ ကြည်နူးလှပါတယ်။

"ဂျိုကာ"

မြင့်သူက လှမ်းခေါ်တယ်။ ကျွန်တော်က သူ့အနားရောက် တော့

"မင်းကြားပြီးပြီမို့လား"

ကျွန်တော်က သူ့မျက်နှာကို စိုက်စိုက်ပြန်ကြည့်ရင်း

"အင်း...ကြားပြီးပြီ"

ကြီးလှနဲ့ သူ့လူမိုက်အုပ်စုနဲ့ ပြဿနာတွေရှုပ်ရင်း အကုန်လုံး ထောင်ထဲကို ရောက်သွားကြပါပြီ။ အဲဒီအကြောင်းကို ပြောနေကြ တာပါ။

အဲဒီနောက်မှာ မြင့်သူဖာသာ မဆိုင်တဲ့စကားကို ဆက်ပြော တာပါ။

"မင်းနဲ့နှင်းနဲ့ ခင်ခင်မင်မင် ခေါ်ခေါ်ပြောပြောဖြစ်နေပြီပဲ၊

မင်းမမေးကြည့်ဘူးလား”

“ဘာကိုလဲ”

“ဟိုတုန်းကတော့ မုန်းတယ်ဆိုလို့”

“ဩော်”

✺ ✺ ✺

၁၈

တစ်ခါတစ်ခါ ရန်ကုန်မြို့လယ်ခေါင်မှာ ဘယ်သွားရမှန်းမသိ ဖြစ်နေရတာ အတော်ကတ်သီးကတ်သတ်နိုင်တဲ့ကိစ္စပါ။ အချိန်က မွန်းလွဲ ၂း၀၀ နာရီကျော်ကျော်ပေါ့။

ရန်ကုန်မြို့တော်ရဲ့ ဆူးလေဝန်းကျင် ပလက်ဖောင်းမှာ ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း ကျွန်တော် လျှောက်သွားနေတယ်။

ကျူရှင်တစ်ခုဆီ လာတာပါ။ ဆွေဦးရဲ့ ပုံမှန်တက်နေကျ ကျူရှင်ပါ။ ဒီနေ့ကျမှ ဆွေဦးက လာမတက်ပါဘူး။ (အဆောင်မှာ ဖဲသွားရိုက်တယ် ထင်တာပါပဲ)

ကျွန်တော့်မှာသာ အိမ်ကိုလည်း မပြန်ချင်သေး။ တခြား သွားစရာလည်း မရှိတဲ့အတွက် ဟိုလိုလို ဒီလိုလိုနဲ့ ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ပလက်ဖောင်းပေါ်မှာ လျှောက်နေရတယ်။

"ဂျိုကာ"

"ဟင်"

မွန်းလွဲချိန်ကြီးမှာ ရွှန်းမြတဲ့လရောင်ခြည်တွေ လွင့်ဖြာစီးကျ



http://www.cherrythitsar.org

လာတယ်။

"နှင်း"

"အင်း ခဏစောင့်ပါဦး"

ကျွန်တော် ရပ်စောင့်နေလိုက်တယ်။ နှင်းက ကျွန်တော့်အနား ရောက်လာပြီး

"နင် ဘယ်ကိုသွားမလို့လဲ"

"ဟင့်အင်း ဘယ်မှသွားစရာမရှိဘူး၊ သူငယ်ချင်းဆီလာတာ မတွေ့လို့"

"အေးဟာ ငါလည်း အဲဒီလိုပါပဲ ငါကတော့ တွေ့ခဲ့ပါတယ်"

သူက အဝါရောင်ဝတ်စုံလေးနဲ့ပါ။ တွေ့ရမြင်ရတာ သိပ်လှပါတယ်။ သူ ရောက်မလာခင်ကဆို ဒီပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေတဲ့ ရောင်စုံကောင်မလေးတွေဟာ သူတို့နည်း သူတို့ဟန်နဲ့ လှလို့ယဉ်လို့ပါပဲ။

အခု နှင်းရောက်လာတော့ သူတို့တွေ အားနည်းမှိန်ဖျော့ပြီး မျက်စိရှေ့က ပျောက်သွားပါတယ်။

"ခု ငါ အရက်မူးနေလို့ဟ"

"ဟမ်"

ကျွန်တော် မျက်လုံးပြူးသွားပါတယ်။ ကမန်းကတန်းမေးရတယ်။

"ဘယ်လိုဖြစ်လို့ အရက်မူးရတာလဲ"



http://www.cherrythitsar.org

ကျွန်တော်ဖြစ်ပျက်သွားပုံကိုကြည့်ပြီး သူက ရယ်ပါတယ်။ ကျွန်တော်ကလည်း အသက်ရှူရင်း လေသီးသလို ဖြစ်သွားတာပါ။ ချိုရှတဲ့ သူ့ရယ်သံလေးက နားထောင်လို့တောင် ကောင်းလှပါတယ်။

"ငါ့သူငယ်ချင်းက ငါ့ကို လိမ္မော်ရည်နဲ့ ညှော့ခံတာပါ၊ သူ့ မောင်လေးအရက်တွေ စပ်ထားတဲ့ လိမ္မော်ရည်ဖြစ်နေလို့"

"ဟောဗျာ"

လှတော့လှပါတယ်။ သူ့မျက်လုံးတွေ ရီလဲ့ရီဝေနဲ့။ ကျွန်တော် က မျက်မှောင်ကြုတ်လိုက်ရင်း

"နင့်ပါးစပ်ဟစမ်း"

သူက ပါးစပ်လေး ဟပြပါတယ်။ နှုတ်ခမ်းလေးတွေ ဝိုင်းဟ ထားပြီး ကျွန်တော့်ကို ကြည့်နေပုံက သိဝိမင်းသာမြင်ရင် ဆင်ပေါ်က ပြုတ်ကျဦးမှာပါပဲ။ ကျွန်တော်က သူ့နှုတ်ခမ်းလေးတွေရှေ့မှာ မျက်နှာ ငုံ့ပြီး အနံ့ခံလိုက်တယ်။

"အင်း ဝီစကီအုပ်စုထဲက ဟ"

"ဩော် ဝီစကီဆိုတာလား"

ကျွန်တော်တို့နှစ်ယောက်လုံး လောကကြီးကို သတိထားဖို့ မေ့နေကြတာလေ။

အဲ့ဒါ ရန်ကုန်မြို့လယ်ခေါင် လူအသွားအလာ စည်ကားတဲ့ ပလက်ဖောင်းပေါ်မှာပါ။ လူတွေက ကျွန်တော်တို့ကို ကွက်ကြည့်ကွက် ကြည့်နဲ့ ကွင်းရှောင်ထွက်သွားရတာပါ။



http://www.cherrythitsar.org

ဒါပေမယ့် သူနဲ့ကျွန်တော်ရဲ့ အပြုအမူတွေအရ ရိုးရိုးသားသားမှန်း သူတို့ နားလည်ကြပါတယ်။

"လိုက်တယ်ဗျာ"

လို့ ကပ်အော်တဲ့သူတွေက အော်သွားပါတယ်။

ဗီဒီယို ရိုက်နေတယ်အောက်မေ့ပြီး ကင်မရာ လိုက်ရှာသူကလည်း ရှာပါသေးတယ်။

သူက သိပ်လှတဲ့ကောင်မလေးကိုး။ နောက်တစ်ချက်လည်း ရှိသေးတယ်။ အစကတည်းက ပြောရမှာဖြစ်ပေမယ့် ရှက်လို့မပြောခဲ့တာပါ။

ကျွန်တော်ကလည်း ခပ်ချောချော ကောင်လေးတစ်ယောက်ဆိုတာ။

သူရယ် ကျွန်တော်ရယ် လျှောက်သွားနေလိုက်ကြတယ်။

လမ်းချိုးတစ်ခုကိုအကွေ့မှာ သူကိုင်လာတဲ့ ကဗျာစာအုပ်လေးထဲက စာအိတ်တစ်အိတ် ထွက်ကျလာတယ်။ ကျွန်တော်က ပြောလိုကတော့ သူက ခဏလှည့်ကြည့်ပြီး

"ထားလိုက်ပါဟာ ကောက်မနေတော့ပါဘူး"

သူက ဆက်လျှောက်လို့ ကျွန်တော်လည်း လိုက်လျှောက်ရတာပေါ့။ မနေနိုင်လို့ မေးလိုက်မိတယ်။

"ရည်းစားစာမို့လား"

သူက ပါးစပ်ပိတ် "အင်း" လို့ဖြေတယ်။



http://www.cherrythitsar.org

"ဘယ်သူ့ကို ပေးမလို့လဲ"

သူက မျက်စောင်းထိုးပြီး စူစူအောင့်အောင့်ပြန်ပြောတယ်။

"နင့်ကိုပေးမလို့၊ နင့်ကို...ကဲ..."

အိုး၊ သူက ကျွန်တော်နောက်လို့ ပြန်နောက်တာပါ။

ဒါပေမယ့် အဲဒီစကားက ကျွန်တော့်ရင်ကို ဖျန်းခနဲ အေးစက်သွားစေတယ်။ ပင်လယ်ရေနဲ့ ခွက်စောင်းခုတ်တာ ခံလိုက်ရသလိုပါပဲ။

"ငါ မြို့ထဲအလာ လမ်းမှာ ကိုမင်းထက်မောင်ပေးလိုက်တဲ့ ကဗျာစာအုပ်၊ အခုမှ ကဗျာစာအုပ်ထဲမှာ စာပါလာမှန်း ငါသိတယ်"

"ဟိုကတော့ ခုလောက်ဆိုရင် နင်ဖတ်နေလောက်ပြီ အောက်မေ့မှာပဲ"

"ရည်းစားစာတွေ ဖတ်ရတာ ပျင်းပြီဟာ"

လူရှင်းတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ကျွန်တော်တို့ရောက်သွားကြပါတယ်။ ထောင့်ဖက်က စားပွဲတစ်လုံးမှာ နှစ်ယောက်သားဝင်ထိုင်ပြီး ကျွန်တော်က စားပွဲထိုးလေးကို ဘလက်ကော်ဖီမှာ သံပုရာသီး ညှစ်ထည့်လာပေးဖို့ မှာလိုက်တယ်။ ရောက်လာတော့

"အင့် သောက်၊ အရက်နာကျရင် အဲ့ဒါသောက်ရတယ်"

"ဟုတ်လား၊ တစ်ခါမှ ငါမသောက်ဖူးဘူး"

"ခါတိုင်းမူးတော့ ဘာသောက်လဲ"

"ဘာမှမသောက်ဘူး၊ ရပ်ကွက်ကို အော်ဆဲနေလိုက်တယ်"

ရယ်ဖြစ်ကြပါတယ်။ ဆိုင်ကလူရှင်းလို့ ကျွန်တော်တို့အတွက်



http://www.cherrythitsar.org

လွတ်လပ်ပါတယ်။ တစ်ဖက်ထောင့်မှာ စုံတွဲတစ်တွဲ ထိုင်နေတယ်။ ကျွန်တော်တို့ကို ကြည့်နေတယ်။

နှင်းက သူ့နောက်ကနံရံကို ခေါင်လေးမှီပြီး မျက်လုံးခဏစင်း ထားလိုက်တယ်။ ပြီး မျက်နှာကို လက်ကိုင်ပဝါနဲ့အုပ်တယ်။ ကျွန်တော်က သူ့နှာခေါင်းဝကို ရှုဆေးဘူးလေး တေ့ပေးလိုက်တော့ သူ့မျက်လုံးတွေ ပြန်ပွင့်လာတယ်။ ကျွန်တော့်လက်ထဲက ဖက်ဖူးရောင် ရှုဆေးဘူးလေးကို ဆွဲယူပြီး သူ့ဖာသာရှုတယ်။

ငြိမ်ငြိမ်ကလေးနေပြီး သူ အမူးပြေအောင် ဖြေနေတယ်။

ကျွန်တော်လည်း ဆိုင်နံရံမှာကပ်ထားတဲ့ နိုင်ငံခြားရုပ်ရှင် ကြော်ငြာတွေကို လျှောက်ကြည့်နေလိုက်တယ်။ ဂျပန်နင်ဂျာကား တစ်ကားရဲ့ကြော်ငြာကို ကျွန်တော် သေသေချာချာ လှမ်းကြည့်နေတော့ သူက

"နင့်ကို ကေခိုင်ကပြောတယ်၊ နင်က ဆာမူရိုင်းနဲ့တူတယ် တဲ့"

ကျွန်တော် မျက်မှောင်ကြုတ်သွားမိတယ်။

"ငါကလည်း ပြန်ပြောလိုက်တယ်၊ အေးဟုတ်တယ်၊ ဆာမူ ရိုင်းတွေက မျက်နှာသေကြီးတွေဖြစ်နေပြီး သိဟသစ်က ရယ်နေတတ် တာတစ်ခုပဲကွာတယ်လို့၊ နင့်ကိုတွေ့ရတာ ဆာမူရိုင်းတစ်ယောက် ကို တွေ့နေရသလို ငါလည်း ခံစားရဖူးတယ်လို့"

နှင်းရယ် ရင်ထဲမှာ သမုဒယကြိုးတွေ ရှုပ်ထွေးလူးလွန့်လာခဲ့



http://www.cherrythitsar.org

ပြီး စားပွဲပေါ်က ကော်ဖီပန်းကန်လေးကို စိုက်ကြည့်ရင်း

"ချစ်တယ် နှင်းရယ်"

နှုတ်ခမ်းလှုပ်ရုံ၊ အသံမထွက်ဘဲ ညည်းမိတာပါ။ ပြုံးလဲ့လဲ့ မျက်နှာနဲ့ တိုးတိုးကလေး သူမေးတယ်။

"နင် ကော်ဖီပန်းကန်ကို ဘာတွေပြောနေတာလဲ"

"နင်ကြားလို့လား"

သူ့မျက်နှာ တစ်မျိုးလေးဖြစ်နေပါတယ်။

"ကြားတာပေါ့"

"ဟာ"

ကျွန်တော် ဘာပြောရမလဲ မသိတော့ဘူး။ ဖော်ပြလို့မရအောင် ရင်ထဲမှာ လှုပ်ခတ်သွားပြီး ကြက်သေ သေသလိုဖြစ်သွားတယ်။ စိတ်ကိုတင်းပြီး သူ့ကိုပြန်ကြည့်လိုက်တယ်။

နှင်း…နှင်းရယ်။

သူက ကျွန်တော့်မျက်လုံးထဲကို စိုက်ကြည့်နေတယ်။ ကျွန်တော့်မျက်လုံးထဲကို စိုက်ကြည့်တာဟာ ကျွန်တော့်ရင်ထဲကို ဆင်းကြည့်တာပါပဲ။ ကျွန်တော့်သွေးခုန်နှုန်းတွေ မြန်လာတယ်။ သူမေးသလိုပဲ သူ့ကို တိုးတိုးလေးပြန်မေးလိုက်တယ်။

"နင် တကယ် ကြားတာလား"

သူက သူ့လက်ထဲက ရှုဆေးဘူးလေးကို ကြည့်နေရင်း

"အင်း"

"နင် တကယ်လည်း မကြားဘဲနဲ့"

"ကြားတယ်...ဆို"

သံရှည်ကလေးဆွဲပြီး အဲဒီလို သူ ချွဲချွဲနွဲ့နွဲ့ပြောတဲ့အခါ ကျွန်တော်ဟာ အသူတရာတောင်ထိပ်ဖျားကနေ အောက်ကို ငုံ့ကြည့်မိသူလို အသည်းတယားယား ဖြစ်လာပါတယ်။

"ငါ ငါပြောတာ အသံမှမထွက်ဘဲ"

သူက စိတ်မရှည်တဲ့ အမူအရာပြပါတယ်။ ရှူဆေးဘူးလေးကို စားပွဲပေါ် ချပ်ခနဲပြန်ချလိုက်ရင်း

"ဟွန်း မသိရင်ခက်မယ်"

အိုး...၊ တောင်ထိပ်က ငုံ့ကြည့်နေတဲ့ကောင်တောင် တောင်အောက်ကို ပြုတ်ကျတော့တာပါပဲ။ လေတဟူးဟူး၊ လူနဲ့ ဝိညာဉ်တလွင့်လွင့် တလူးလူး၊ ခြေဖျားလက်ဖျားတွေ အေးစက်၊ လည်ချောင်းထဲမှာ ခြောက်ကပ်နာကျင်။

ကျွန်တော် တစ်စုံတစ်ရာပြောဖို့ ပြင်လိုက်တယ်။ ဒါပေမယ့် အဲဒီအချိန်မှာပဲ သူက သက်ပြင်းနဲ့အတူ

"ပြန်ကြရအောင်ကွာ"

လို့ ပြောပြီးနေပါပြီ။

✱ ✱ ✱

၁၂

ကျောင်းရှေ့မှာပါ။ ကျွန်တော်တစ်ယောက်တည်း ခေါင်းငုံ့လျှောက်လာနေတုန်း

"ကိုသီဟ"

မော့ကြည့်လိုက်တော့ ကေခိုင်ရယ်၊ ကျောင်းသူတစ်ယောက်ရယ်၊ မိုးစက်တို့ ကဗျာဆရာအုပ်စုရယ်...

"ကိုသီဟက ကေခိုင်တို့ကို မမြင်ယောင်ဆောင်သွားတာမို့လား"

ကေခိုင်က တိုက်စစ်နဲ့ စတင်နှုတ်ဆက်ပါတယ်။

"မဟုတ်ဘူး၊ တကယ်ကိုမမြင်တာပါ၊ အစောကြီးကတည်းကမြင်ရင် အဝေးကြီးကတည်းက ပြန်ကွေ့သွားမှာပေါ့"

သူတို့တစ်အုပ်စုလုံး ရယ်ကြပါတယ်။ အရယ်ဆုံးကြတော့ ကေခိုင်ကပဲ

"နက်ဖြန် နှင်းရဲ့မွေးနေ့ကို ကိုသီဟလာမယ်မို့လား"

ကျွန်တော့်ရင် ဒိတ်ခနဲခုန်သွားပါတယ်။



http://www.cherrythitsar.org

"ဘယ်အချိန်လဲ"

"ဖိတ်စာမှာပါတယ်လေ၊ ကိုသီဟရဲ့ သူမွေးတဲ့အချိန် ည ၇ နာရီခွဲ"

"ဟုတ်လား ကျွန်တော်က ဖိတ်စာကို မရသေးဘူး"

"ပေးလိမ့်မယ်၊ ပေးလိမ့်မယ်၊ ဖိတ်စာမှာ နံပါတ်ကလေးတွေ ပါတယ်၊ သူက လက်ဆောင်ပစ္စည်းတွေကို မဲဖောက်ပြီး အဲဒီနံပါတ် အတိုင်း ပေးမှာ"

"သြော်"

"ကိုသီဟ အခုပြန်ရင်တောင် အိမ်မှာ ဖိတ်စာရောက်နေ လောက်ပြီ၊ လာခဲ့နော် ကိုသီဟ၊ ဆက်ဆက်လာခဲ့"

အဲဒီနောက် လူချင်းခွဲလိုက်ကြတယ်။

ကျွန်တော့်စိတ်ထဲမှာ မဆိုသလောက် လှုပ်ရှားမှုရှိတယ်။ သူ့ မွေးနေ့အတွက် ကျွန်တော်ဘာလက်ဆောင်ပေးရင်ကောင်းမလဲ။ ကျွန် တော့်ဖိတ်စာနံပါတ်ကရော ဘယ်လောက်ကျပြီး ကျွန်တော်က ဘာ လက်ဆောင် ပြန်ရမလဲ။

ကျွန်တော့်အတွေးကို လေတွေ ခပ်ကျဲကျဲ ဝင်တိုက်သွားကြ တယ်။

နက်ဖြန်ခါ...

❋ ❋ ❋

၁;

# အပိုင်း [၃]

ဘယ်တော့မှ မရှုံးကြမယ့်ပုံမျိုးနဲ့

သံယောဇဉ်ကြိုးတွေခိုင်မြဲ

အနေရဲကြရအောင်

မနော်ဟရီ
(ပန်းလှေလမ်းခွဲ)

# တာရာမင်းဝေ

## ရွှေဖိနပ်မှာအစိမ်းရောင်ကြက်ခြေခတ်နဲ့
## ကောင်မလေး

၁၃

ထိုသော မနက်ဖြန်ခါ၏ လရောင်ခြည်ဦးသည် ကံ့ကော်ဝတ်ဆံများ စိုလူးကာ စီးဆင်းကျလာပြီဖြစ်၏။

လရောင်မှိုင်းမှိုင်းများကြားမှာ ပျံသန်းသွားလာနေကြသော မြူနှင်းပြာပြာတို့က ပီပြင်စွာ မမြင်ရသည့်တိုင်အောင် သိပ်လှ၏။

တသုန်သုန် တိုက်သောလေစီးက ဘောင်မဲ့အလွမ်းများကို ညှုကလီးယားဖုံးတစ်ပွင့်လို ကျဲချ၏။ ဘဝမှာ တစ်ညလောက်တော့ ပေါက်ကွဲလူးလိမ့်ခွင့်ကို လိုချင်သည်။

ထိုညသည်လှ၏။ သို့သော် ထိုညသည်မလှပတော့ပါ။ ကောင်းကင်ဘုရား၏လက်ချောင်းများကြားမှ လျှောဆင်းလွတ်ကျသောအနက်ရောင်ဖဲတစ်ချပ်ပမာ ထိုညသည် မိုက်မှောင်ခေါင်ခိုက်ကာ လှ၏။



http://www.cherrythitsar.org

ထိုညသည် ကချေသည်အဆင်းကိုဆောင်ကာ မျက်နှာမှာ ဇာပဝါလွှမ်းထားသည်။ မျက်နှာကို လက်နှင့်အုပ်ထားလိုက်သည့်ကြားက ရွှန်းတောက်သော သနပ်ခါးရနံ့ပါးပါးကလေးကို ရှူရှိုက်မိသည်။

လူမိုက်ကိုရှာသော် ရေထဲမှာတွေ့၏။ ထိုလူမိုက်က ထိုရေကို လက်ခုပ်ဖြင့် ဆယ်သောက်ပြန်၏။ ထို့အတွက် သူဒူးထောက်ခဲ့ရသေးသည်။ သူ့အပါးသို့ ကျည်ဆံမှန်ထားသော အိပ်မက်တစ်ခု ပြုတ်ကျလာသည်။ ထိုအိပ်မက်သည် ရင်ဟက်တက်ကွဲနေ၏။

အို...အိပ်မက်ရင်ကွဲ...

❋ ❋ ❋

"ဟာ...ဟေ့ကောင်"

ကျွန်တော့်ကိုမြင်တော့ ဇေယျအံ့သြသွားတယ်။

"မင်း ဘယ်ကိုလာတာလဲ"

"ဘယ်လာရမှာလဲကွ၊ မင်းဆီကို လာလည်တာပေါ့"

"အောင်မာ...ထူးထူးဆန်းဆန်း"

ကျွန်တော်တို့ သူငယ်ချင်းတွေ ဆယ်တန်းအောင်ကြတော့ ဆေးတက္ကသိုလ်ကို အလုံးအရင်းနဲ့ရောက်ကြပါတယ်။ အဲ့ဒီထဲမှာ နှင်းပါသလို ဇေယျလည်းပါတယ်။ ဇေယျက သူ့ဆီလာလည်ဖို့၊ သူ့ကျောင်းကို လိုက်ခဲ့ဖို့ ခေါ်ပေါင်းများပါပြီ။ ကျွန်တော်ကသာ ငြင်းရင်ငြင်း၊ မငြင်းရင်လည်းမကြားချင်ယောင်ဆောင်နေခဲ့တာ၊ ခု...ကျွန်တော်



http://www.cherrythitsar.org

ရောက်လာတော့ ဇေယျအတွက် ထူးဆန်းသွားတယ်။

"လာကွာ...ကင်တင်းသွားကြရအောင်"

ကျွန်တော်တို့ ကင်တင်းဆီ ထွက်လာခဲ့ကြတယ်။ စကားတပြော ပြောလျှောက်လာခဲ့ရင်း...

"ဟော..."

"ဟာ..."

နှစ်ယောက်လုံး တစ်ပြိုင်တည်း အာမေဋိတ်သံထွက်သွားရတာက နှင်းတို့နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံလိုက်ရလို့ပါပဲ။

ကျွန်တော့်ရင်ထဲမှာ စူးကနဲ နာသလိုလေးဖြစ်သွားတယ်။

ကျွန်တော် သူ့ကိုတွေ့လည်း တွေ့ချင်တယ်။ တွေ့လည်းမတွေ့ချင်ဘူး။ အခုတွေ့တယ်။ ရင်ထဲကို ရွှေရောင်အဆိပ်တစ်စက်ကျလာသလို ခံစားရတယ်။ သူ သိပ်လှတယ်။ နောက်ပြီး သူ့အဖော်က ထူးမြတ်ကျော်ခေါင် ဖြစ်နေတယ်။

"နှင်း...ဒီနေ့ မိုးအုံ့တာ သိပြီးပြီလား"

နှင်း ကျွန်တော့်ကို ခပ်တည်တည်နဲ့ တစ်ချက်ကြည့်ပြီး "ဘာလဲ" ဆိုတဲ့ အမူအရာနဲ့ ဇေယျကို မေးဆတ်ပြပါတယ်။

"ဒီကောင် ငါတို့ကျောင်းကို လာလည်လို့ဟ"

ကျွန်တော်ခေါင်းငုံ့နေလိုက်တယ်။ ဇေယျရယ်နေတာကို နှင်းက လိုက်မရယ်ပါဘူး။ သိပ်မထူးဆန်းလှတဲ့လေသံနဲ့...၊

"နင်က သူ့ကို တို့ကျောင်းထဲလိုက်ပြပြီးပြီလား"



http://www.cherrythitsar.org

"မကြည့်ဘူးတဲ့ဟာ၊ နင့်ကောင်ကို ငါ ခုနကတည်းက ပြောပါတယ်။ သူက စိတ်မဝင်စားဘူး"

"နင့်ကောင်" တဲ့။ ကျွန်တော် မဲ့ပြုံးပြုံးမိတယ်။

အိတ်ထဲက စီးကရက်ကို ထုတ်လိုက်တယ်။ ထူးမြတ်ကျော်ခေါင်ရဲ့ လက်ကြားမှာလည်း မီးမညှိရသေးတဲ့ စီးကရက်တစ်လိပ်ကို ညှပ်ထားတယ်။

သူ ကျွန်တော်နဲ့ဖေယျာကို မကြည့်ဘူး။ ကျွန်တော့်ကိုလည်း ကျွန်တော်မှန်း သတိမထားမိသေးဘူး။ အမှတ်တမဲ့ပါပဲ။

ကျွန်တော် စီးကရက်ကို မီးညှိတော့ သူ စီးကရက်ကို သတိတရဖြစ်ပြီး ...

"အေးဗျာ ...မီးတစ်တို့လောက်"

သူ ရှေ့ကိုတိုးကပ်တယ်။ ငုံ့လာတဲ့သူ့မျက်နှာအနားမှာ မီးခြစ်ကို အလိုက်သင့် ထပ်ခြစ်ပေးလိုက်တယ်။ ဒါပေမယ့် ...

သူ မျက်နှာကို နောက်ပြန်ဆွဲယူသွားပါတယ်။ မျက်နှာက မအီမသာဖြစ်သွားပြီး ဘေးဘီကို ဟိုလိုလိုဒီလိုလို ကြည့်ပါတယ်။ အခုမှ သူ ကျွန်တော့်ကို မှတ်မိသွားတာပါ။

ကျွန်တော့်ကို ခုထိကြည်လင်ပုံမရပါဘူး။ ကျွန်တော်မှန်းသိတော့ မီးတောင်မညှိတော့ဘဲ ဘေးကဖြတ်သွားတဲ့ စီးကရက်သည်လေးကို လှမ်းခေါ်ပါတယ်။ ကောင်လေးက စီးကရက်ဗန်းမှာ မီးခြစ်ချိတ်ထားတယ်။ ဒါပေမယ့် သူခေါ်တာကိုမသိလိုက်ဘဲ ကျော်သွားတယ်။



http://www.cherrythitsar.org

ကျွန်တော်က မီးတောက်နေတဲ့ မီးခြစ်ကို ကိုင်ထားရက်ပါ။ ဇေယျာနဲ့ နှင်းက ပြောလက်စ စကားတွေရပ်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ ထူးမြတ်ကျော်ခေါင်က မကောင်းတတ်လို့ လိုက်လျောရတဲ့ ပုံစံမျိုးနဲ့၊ ကျွန်တော့်မီးခြစ်ကနေ မီးပြန်ညှိပါတယ်။

ဒါပေမယ့် မီးစွဲလုစွဲခင်မှာပဲ...

"ဖူး"

ကျွန်တော်က မီးတောက်ကို မှုတ်ပစ်လိုက်တယ်။ မီးငြိမ်းသွားတယ်။

"အဲ..."

သူ ကြောင်သွားတယ်။ ကျွန်တော့်ကို မော့ကြည့်တော့ ကျွန်တော်က သူ့နောက်ကို မေးငေါ့ပြလိုက်တယ်။

စီးကရက်သည်လေးက ကျော်သွားပြီးမှ သူခေါ်မှန်းသိလို့ ပြန်လှည့်လာပြီး သူ့ဘေးနားမှာ ရောက်နေပါပြီ။

"ဩော်..."

ထူးမြတ်ကျော်ခေါင်က ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး စီးကရက်သည်လေးဆီက မီးညှိပါတယ်။ ဒါတွေကိုမြင်ရတော့ ဇေယျာရဲ့မျက်နှာမှာ အရိပ်အယောင်တစ်မျိုး ထင်ဟပ်လာတယ်။ နှင်းကလည်း မျက်တောင်တဖျတ်ဖျတ် ခတ်နေပါတယ်။

ဇေယျာကို ကျွန်တော်က

"သွားကြမယ်"



http://www.cherrythitsar.org

လို့ ပြောလိုက်တယ်။ ဇေယျာက…

"ကဲ…နှင်း…ငါတို့သွားတော့မယ်"

"သြော်…အေး"

ကျွန်တော်က နှင်းကိုကြည့်တော့ သူကလည်း ပြန်ကြည့်တယ်။ ဒါဟာ အခုတွေ့ဆုံမှုရဲ့ ပထမဆုံးနဲ့ နောက်ဆုံး မျက်လုံးချင်းဆုံတာ ပါပဲ။

ကျွန်တော်တို့ ထွက်လာခဲ့ကြတယ်။ လမ်းမှာ ဇေယျာကလည်း ငြိမ်နေတယ်။ နှစ်ယောက်သား တိတ်ဆိတ်လို့ပေါ့။

❋ ❋ ❋

ဖြစ်ချင်တော့ အဲဒီနေ့က ဖေယျဆီကအပြန် လမ်းမှာ ကျွန်တော့်ကို နောက်ကနေ ကားလေးတစ်စီး ဝင်ဆောင့်ပါတယ်။ ကျွန်တော်ကလည်း အတွေးလွန်နေတော့ ကားဟွန်းသံကို မကြားလိုက်မိဘူး။ ကြီးကြီးကျယ်ကျယ်တော့ ဘာမှမခံလိုက်ရပါဘူး။ ပွန်းရုံပဲ့ရုံပါပဲ။ ကျွန်တော် လမ်းဘေးအုတ်ခုံမှာ ဝင်ထိုင်လိုက်တော့ ကားမောင်းတဲ့ အန်ကယ်လ်က ဆင်းလာပြီး ပြောရှာပါတယ်။

"မင်းကို ငါ တစ်ခုခု လုပ်ပေးပါ့မယ်" တဲ့။

ကျွန်တော်က ဒိုင်အိုဂျီးနီးစတိုင်လ်နဲ့

"အဲ့ဒါဆိုလည်း တစ်ခုပါပဲ။ ကျွန်တော့်ဘာသာ လွတ်လွတ်လပ်လပ်နေချင်လို့ အန်ကယ်လ်ထွက်သွားပေးပါ"

လို့ ပြောလိုက်တယ်။ ဘုကြည့်ကြည့်ပြီးမှ ထွက်သွားလေရဲ့။ သူ ထွက်သွားမှ ကျွန်တော်လည်း တင်ပါးကို လက်နဲ့ပွတ်ရင်း နှင်းကို ဆက်လွမ်းနေလိုက်တယ်။ နှင် . . . ငါ့ကို ဒုက္ခပေးလွန်းပါတယ် နှင်းရယ် . . . လို့။

❋ ❋ ❋

"ငါပြောနေတုန်းမှာ နင်ဝင်မနှောက်ရဘူးနော်။ မပြောင်ရဘူး။ ကြားဖြတ်မမေးရဘူး။ မပြီးခင် ထထွက်မသွားရဘူး။ အဲ့ဒီလိုမှမဟုတ်ဘူးဆိုရင် ငါကလည်း မပြောတော့ဘူး။ နောက်မှလာပြီး မိုးကြည်ကြည်ဝေရယ်...ငါတောင်းပန်ပါတယ်။ ပြောပြပါဆိုလို့လည်း ငါမပြောတော့ဘူး"

"အေး...ဟုတ်ပြီနော် ဒါပဲ"

"နှင်းရဲ့မွေးနေ့ပွဲကို နင်မလာဘူးလေ။ သူငယ်ချင်းတွေစုံစုံလင်လင် ပျော်ပျော်ပါးပါးတွေ့ကြရပေမယ့် နင်ကတော့ မပါဘူး။ ပထမတော့ ငါတို့က ကိစ္စတစ်ခုခုရှိလို့ နင်မလာတာ အောက်မေ့နေတာ၊



http://www.cherrythitsar.org

ဒါပေမယ့် နောက်တစ်ရက်နှစ်ရက်အတွင်းမှာ နှင်းက မဖိတ်လို့ဆိုတာ ငါကြားလိုက်တယ်၊ ငါ အတော်စိတ်မကောင်းဘူး"

"နှင်းက နင့်ကိုစိမ်းတယ်ဆိုရင်တောင် ငါ့မှာ နင့်ကိုပြောပြ စရာအကြောင်းတွေ ရှိလာတယ်။ အခု အဲဒါကို ငါပြောပြမယ်။ တို့ရဲ့ အထက်တန်းကျောင်းကို သူပြောင်းလာတာကနေ စပြောရမှာပဲ"

"တို့ကျောင်းကို သူရောက်ရောက်ချင်းမှာ စ,ကြုံတွေ့ရတဲ့ ကျောင်းသားကနင်ပဲတဲ့။ ငါ့ကို အဲ့ဒီလို သူပြောပြဖူးတယ်။ သူစတွေ့ ရကတည်းက နင်ဟာ တော်လည်းတော်၊ ဆိုးလည်းဆိုး၊ ရဲလည်းရဲတဲ့ ကောင်ဆိုတာ သူနားလည်ခဲ့တယ်။ နင် အနောက်အပြောင်သန်လွန်း တာကိုတွေ့တော့ သူက မေးတယ်။ အဲ့ဒီလိုရယ်စရာတွေ **Joke** တွေ လုပ်လွန်းလို့ ဂျိုကာ **(Joker)** လို့ ခေါ်တာလားတဲ့"

"ငါက 'မဟုတ်ဘူး၊ ဖဲချပ်ထဲက ဂျိုကာလို နေရာတိုင်းမှာ သုံးလို့ရလို့၊ စွယ်စုံတော်လို့ ဂျိုကာခေါ်တာ' ဆိုတော့ သူအတော် အံ့သြသွားတယ်"

"သူက သိပ်လှတယ်။ မိန်းကလေးချင်းကတောင် ငေးယူရ တယ်။ ကျောင်းသားတွေက သူ့ကို စိတ်ကူးယဉ်ကြတယ်။ ဒါပေမယ့် ဘာဖြစ်လို့လဲမသိဘူး။ အဲဒီ့အထဲမှာ နင်က မပါဘူး။ အဲဒါကို သူ ကောင်းကောင်းသတိထားမိတယ်။ နောက်တော့ ငါလည်း သတိထား မိလာတယ်။ နင်နဲ့သူ့ကို ငါ ဘေးကလေ့လာနေခဲ့တယ်"

"နင်သိတဲ့အတိုင်း၊ နှင်းရဲ့အဖေက ကုမ္ပဏီပိုင်ရှင်သူဌေးကြီး



http://www.cherrythitsar.org

တစ်ယောက်ပေါ့။ သိပ်တော်သိပ်ထက်တဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ နှင်းကို လည်း သူကောင်းကောင်း ပျိုးထောင်ပေးနိုင်ခဲ့တယ်။ တော်တဲ့နေရာမှာ သူ့အဖေကိုမီတဲ့ နှင်းဟာ ထက်တဲ့နေရာမှာလည်း အဲဒီအတိုင်းပဲ”

“သူ့ဆီကို ရည်းစားစာတွေ တအားလာတယ်။ ဒါပေမယ့် သူက လုံးဝ စိတ်မဝင်စားဘူး။ သူ...အထင်ကြီးလေးစားတဲ့ ယောကျ်ားလေးဟာ မရှိသလောက်ရှားတယ်လို့ သူပြောတယ်။ ငါသိသလောက်တော့ နင်တစ်ယောက်ပဲရှိတယ်။ တစ်နေ့မှာ သူ့ဆီကို ရည်းစားစာတစ်စောင် လာတယ်။ ဖျတ်ကနဲ သူဖွင့်လိုက်တာမှာ သူရော ငါရော စိတ်လှုပ်ရှားသွားတယ်။ လက်ရေးက နင့်လက်ရေး”

“နေဦး နေဦး၊ ဘာမှ ဝင်မပြောနဲ့၊ ငါပြောတာကိုနားထောင်”

“ဟုတ်ပါတယ်။ နင့်စာမဟုတ်ဘူး။ လက်ရေးက နင့် လက်ရေး။ စာက သူများစာ ဖြစ်နေတာကိုး။ သူများရည်းစားစာကို နင်က အချောကူးပေးလိုက်တာဖြစ်နေတယ်။ ငါတောင် နှင်းကိုယ်စား စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသေးတယ်။ နောက်ပိုင်းလည်း အဲ့ဒီ လိုစာတွေ ထပ်ထပ်ရောက်လာတယ်။ လက်ရေးကတော့ နင့်လက်ရေး ဆိုတော့ လှတာပေါ့ဟာ။ အောက်က နာမည်နဲ့လက်မှတ်ကတော့ တစ်မျိုးပြီးတစ်မျိုး၊ တစ်ယောက်ပြီးတစ်ယောက်ပေါ့”

“နှင်းက ပြုံးတယ်ဂျိုကာ။ သူ့ရဲ့အပြုံးမှာ နာကျင်မှုတစ်မျိုးပါ နေတယ်လို့ ငါထင်တယ်။ နင်ကတော့ ဘာရယ်မဟုတ်ဘူး။ တခြား ကောင်တွေက ဒီရည်းစားစာလေးကို လှအောင်ကူးပေးစမ်းပါဆိုရင်

ကူးပေးလိုက်တာပဲ။ အဲ့ဒီစာတွေဟာ နင်နဲ့နှင်းကို နီးမလိုနဲ့ ဝေးသွားစေတာပဲလို့ ငါထင်တယ်။ နှင်းက နင့်ကို မုန်းသွားတယ်”

“ဒါပေမယ့် ခုနောက်ပိုင်းမှာ နင်နဲ့နှင်းနဲ့ ရင်းရင်းနှီးနှီးဆက်ဆံလာကြတယ်။ ငါ ဝမ်းသာတယ်။ ဒါပေမယ့် ပြဿနာက ပေါ်လာပြန်ရော၊ ကေခိုင်ဆိုတဲ့ ကောင်မလေးက နင့်ကိုကြိုက်နေသလိုပဲ။ နှင်းဆီမှာ နင့်အကြောင်းတွေ လိုက်လိုက်မေးတယ်။ နှင်း သက်ပြင်းချရမှာပေါ့။ သူ့မွေးနေ့မှာ နင့်ကို မဖိတ်တာဟာ...အင်း”

“တော်ပြီ ဂျိုကာရယ်၊ ငါလည်းဆက်မပြောတတ်တော့ဘူး”

❋ ❋ ❋

နှင်းနဲ့ကျွန်တော် စကားတွေအများကြီးပြောကြပါသည်း သူက အဖြူရောင်နှင်းဆီတစ်ပွင့်ကို ပန်ထား၏။ ခေါင်းကလေး ငဲ့စောင်းကာ ကျွန်တော့်ကို ပြုံးရယ်ပြသည်။ သိပ်ချစ်စရာကောင်းလေသည်။

မီးခိုးပွင့်တွေ မိုးလိုရွာနေသည်။ မီးခိုးပွင့်၏ရနံ့ကလည်း ပိတောက်ပန်းရနံ့လို မွှေးမြသင်းပျံ့နေ၏။ သူနှင့်ကျွန်တော် သောင်စပ်မှာ ယှဉ်တွဲကာ ထိုင်နေကြသည်။

မိုးပေါ်မှာ တိမ်ဖြူတွေက နူးညံ့စွာမျောရွေ့နေကြ၏။ အမျိုးအမည်မသိသော ငှက်ကလေးများ ခင်မင်ဖွယ်ရာ ပျံသန်းသွားကြ၏။

လေစီးထဲမှာ နှင်း၏နက်မှောင်သော ဆံကေသာများ လွင့်လူးနေ၏။ အနုပညာဆန်စွာ သူ သိပ်လှပါသည်။

"နှင်း"

"ဘာလဲ"

ထိုမျှအကျည်းတန်သော ခွန်းတုံ့ထူးသံသည် သူ့နှုတ်ခမ်းလွှာတို့၏ ဖန်တီးမှုအတတ်ပညာကြောင့် ချိုရိကြည်အေးနေသည်။

"နှင်...ငါ့ကို ဂျိုကာလို့ မခေါ်နဲ့ဟာ..."

သူက နှာခေါင်းလေးရှုံ့ပြလေသည်။

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

ကျွန်တော်က ပြုံးလိုက်ပြီး သောင်ပြင်ပေါ်မှာ စာရေးသည်။ 'မောင်သီဟသစ်' ဟု ကျွန်တော့်အမည်ကို ရေးခြင်းဖြစ်၏။ သီဟကို မျဉ်းတားလိုက်ပြီး...

"သီဟလို့ ခေါ်လေ"

"အိုး...မခေါ်ပါဘူး"

သီဟကိုဖျက်၊ 'သစ်' ကို မျဉ်းတားလိုက်ပြီး...

"ဒါဖြင့် ကိုဖိုးသစ်လို့ ခေါ်မလား"

"မခေါ်ပါဘူး...ဆို"

သူက ထိုသို့ပေကပ်ကပ်လုပ်သောအခါ ကျွန်တော်က ပညာပြရပါတော့သည်။ သစ်ကိုပါ ထပ်ဖျက်ပစ်လိုက်၏။

"အဲဒါဆို ဒီလိုပဲ ခေါ်ချင်တယ်ဆိုပါတော့"

မောင်သီဟသစ်ဆိုသော နာမည်မှ သီဟသစ်ကို ဖျက်ပစ်လိုက်သောအခါ တစ်လုံးတည်းကျန်ခဲ့လေသည်။ သူက အမှတ်တမဲ့ဖြစ်သွား၍ မျက်ခုံးလေးအတွန့်ချိုးကာ...

"မောင်"

သူ့နှုတ်မှရွတ်လိုက်၏။ ကျွန်တော်က အခွင့်အရေးကို လက်လွှတ်မခံဘဲ...

"ဟေ..."

ထိုအခါကျမှ သူ့မျက်နှာလေး ပန်းရောင်လက်သွားကာ...

"ဟာ...ကြည့်စမ်း...ကြည့်စမ်း"

ကျွန်တော့်ကျောကို သူ့လက်သီးဆုပ်လေးများဖြင့် တဝုန်းဝုန်းထုပါတော့၏။ ကျွန်တော်က ကြည်ကြည်နူးနူး ရယ်နေရင်း...

"နားဝင်ကိုချိုသွားတာပဲဟာ"

"တော်ပါ"

သူက နှုတ်ခမ်းဖူးဖူးစူစူကလေးဖြင့်မျက်စောင်းထိုး၏။

မြတ်နိုးရင်နင့်ဖွယ်ရာကောင်းလှသော သူနှင့် သူ့အရိပ်အရောင်များကို ဘဝနှင့်အမျှ ခံစားယူရင်း တစ်လောကလုံး ခရမ်းပြာသွဲသွဲလင်းသည်။

"ချစ်တယ်နှင်းရယ်"

မျက်လွှာချကာ သူ ခေါင်းကလေးငုံ့သွားပါသည်။

"နှင်း"



http://www.cherrythitsar.org

တိုးညင်းစွာ ကျွန်တော်ထပ်ခေါ်မိ၏။ ဆံနွယ်ခက်မျှင်ကလေး များကို နှုတ်ခမ်းဖြင့် ဖိကိုက်ထား၊ရင်းက ကျွန်တော့်ကို သူဖြည်းဖြည်း ချင်း လှည့်ကြည့်၏။ ထိုအကြည့်သည် ကမ္ဘာပေါ်မှာရှိသမျှ ပန်းများ အားလုံး ဖျတ်ကနဲ ပြိုင်တူပွင့်လာခြင်းနှင့် ညီမျှ၏။ ရင်ထဲမှာ လှိုက် ခါသွားမိသည်အထိ ကျွန်တော် ကြည်နူးခဲ့ရဖူးပါသည်။ ထိုအကြောင်း ကို ကျွန်တော် မည်သူ့မျှပြန်မပြောခဲ့ပါ။ နားထောင်ရသူတိုင်းကလည်း အိပ်မက်မှန်းသိကြပါလိမ့်မည်။ ထိုသို့ဖြင့်...

❋ ❋ ❋

ခေါင်းညိတ် ခေါင်းခါ
မျက်နှာလွှဲဖယ်။

ပင့်သက်တိုးတိတ်
နှုတ်ဆိတ်နေမယ်

အမြင် အကြည့်
မယှဉ်မိကြောင်း
သခင်...သိရင်ပျော်ပါတယ်။

ကျွန်တော့်လို ညစ်ကျယ်ကျယ်ကောင်လေးတစ်ယောက်အဖို့ နောက်ကျပြီးမှ သိခဲ့ရတဲ့ကိစ္စတွေဟာ လူမှန်းသိကတည်းက စ,ရေရင် ခုချိန်မှာ အများကြီးရှိခဲ့ပါပြီ။

ခုကိစ္စလည်း အသိနောက်ကျခဲ့ပါတယ်။ မနက်က မြင့်သူပြော မှပဲ သိတော့တယ်။ မို့မို့ နေမကောင်းဘူးတဲ့။ ဘယ်လိုဖြစ်တာလဲလို့ ကျွန်တော်မေးမနေတော့ဘူး။

နေ့လည်ကျ ငါသွားလိုက်မယ်လို့ပဲ ကျွန်တော် ပြန်ပြောလိုက် သည်။

မို့မို့အိပ်ရာထဲမှာလဲရတာ ရုပ်ရှင်တွေပြဇာတ်တွေထဲမှာ ဗီလိန် နေရာကနေ နာမည်ကြီးလွန်းတဲ့ 'နှလုံးရောဂါကြောင့်' မဟုတ်ပါဘူး။

သာမန်ရိုးရိုးဖျားတယ်။ အဖျားက ဖြစ်စမှာ နည်းနည်းပြင်းခဲ့ပါ တယ်။ အခုတော့ ကျသွားပါပြီ။ လူနာလည်း ထူထူထောင်ထောင် ဖြစ်နေပါပြီ။

မို့မို့ဖျားနေချိန်မှာ ဝတ္ထုတွေထဲကလို သူတိတ်တခိုးချစ်နေရတဲ့ ချစ်သူကို တမ်းတပြီး ကယောင်ကတမ်းပြောတာမျိုး၊ ဘေးလူက ကြားသွားပြီး သက်ပြင်းကြီးချ၊ ခေါင်းညိတ်တာမျိုး မရှိပါဘူး။

သူ့ကို အိပ်ဆေးတိုက်သိပ်ပြီး သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပါတယ်။ သူ ဖျားနေတုန်း သူ့ဆီ ကျွန်တော် မလာရကောင်းလားလို့လည်း စိတ်ကောက်မယ် မထင်ပါဘူး။

ကျွန်တော် သူ့အိမ်ကိုရောက်တော့ သူ့အမေကို ကိုယ့်အမေလို ခါးကြားကလိထိုးပြီးမှ သူ...မှိန်းနေတယ်ဆိုတဲ့အခန်းဆီ လျှောက်သွားလိုက်ပါတယ်။

အခန်းဝမှာ ကျွန်တော်ရပ်လိုက်တော့...

"သြော်..."

မို့မို့က ခုတင်ပေါ်မှာ အိပ်နေတယ်။ အိပ်ပျော်ပုံတော့မရပါဘူး။ သူ့ခုတင်ဘေးက ကုလားထိုင်မှာ ဝတ္ထုစာအုပ်ဖတ်နေတဲ့ ယဉ်ယဉ်မင်းက ကျွန်တော့်ကို မော့ကြည့်ပြီး အာမေဋိတ်သံပြုတယ်။

ကျွန်တော်က နှုတ်ခမ်းရှေ့မှာ လက်ညှိုးထောင်ပြီး 'တိုးတိုး' ဆိုတဲ့ အမူအရာလုပ်ပြလိုက်တယ်။ မို့မို့အနားကို ခြေသံမကြားအောင် ကပ်သွားလိုက်တယ်။ မျက်စိမှိတ်ပြီး မှိန်းနေတဲ့ မို့မို့ရဲ့နားရွက်ကလေးကို စိတ်ထဲကနေ ၁,၂,၃ လို့ ရေရွတ်ရင်း ဖွဖွလေးဆွဲလိုက်တယ်။

မို့မို့ တွန့်ကနဲဖြစ်သွားတယ်။ မျက်လုံးတော့ ပွင့်မလာပါဘူး။ ဒါပေမယ့် နှုတ်ခါးပါးပါးလေးတွေက ဖြည်းဖြည်းချင်း ပြုံးလာတယ်။

ပြီးတော့မှ...

"ခွေးကောင်"

ကျွန်တော်က ဘာသံမှပြန်မပေးဘူး။ ငြိမ်နေလိုက်တယ်။ သူက "ငါ နေမကောင်းတာကို နင် သိတောင်မသိဘူးမို့လား" ဆိုပြီး မျက်လုံးပွင့်လာတယ်။

သူ့မျက်လုံးတွေကလည်းပြူးနေတယ်။ မျက်နှာကလေး ချောင်ကျသွားတယ်။ အသားအရည်ကလည်း ပိုပြီးဖြူဖျော့လာသလိုပဲ။ အဝတ်အစားအသစ်တွေ လဲထားပြီး မျက်နှာမှာလည်း သနပ်ခါးပါးပါး လိမ်းထားတယ်။

ကျွန်တော် သူ့ကို ပြူးကြည့်နေတော့ သူက ကျွန်တော့်ကို မေးတယ်။

"နင် အခု ငါ့ဆီလာတာလား"

"ဟင့်အင်း...နင်တို့အမေဆီလာတာ"

သူ အံ့သြသွားပါတယ်။

"ဟုတ်လား...ဘာကိစ္စလဲ"

"သူတို့သမီးလေး နေမကောင်းဘူးဆိုလို့"

"ခွေးကောင်...ငါပြောလိုက်ရ"

သူ မျက်စောင်းထိုးရင်း ပြုံးပါတယ်။ ပြီးတော့မှ တစ်ခါ...

"ဟုတ်တယ်မို့လား။ နင် ငါဖျားနေတာကို သိတောင်မသိဘူး မို့လား"



http://www.cherrythitsar.org

"အေး"

"အခု…ဘယ်သူပြောလိုက်တာလဲ"

"သမ္မာဒေဝနတ်ကောင်းတွေက ပြောတာ"

ယဉ်ယဉ်မင်းက ဘေးက ဝင်ထောက်ပါတယ်။

"ဟိုလေ…ရန်ခဏခဏဖြစ်တဲ့ နတ်ကောင်းကြီးမို့လား"

မြင့်သူကို ပြောတာပါ။ ကျွန်တော် ရယ်ချင်သွားတယ်။

"အေး…ဟုတ်တယ်၊ ငတုတ်ကြီးနတ်"

သူတို့ရယ်ကြပါတယ်။ အရယ်ဆုံးသွားတော့ ယဉ်ယဉ်မင်းက ထပ်မေးတယ်။

"နတ်ဆိုးတွေက ဘာမှမပြောဘူးလား"

"ပြောတယ်။ နတ်ကောင်းက အရင်ပြောတာ။ ဂျိုကာတဲ့။ မင်းကောင်းမှုတစ်ခု လုပ်ခွင့်ရတယ်တဲ့။ လူမမာတစ်ယောက်ကို သွားအားပေးရမယ်တဲ့ ငါဝမ်းသာသွားတယ်"

"အင်း…ဟုတ်ပြီ"

"အဲ့ဒီမှာပဲ နတ်ဆိုးက ဝင်ပြောတယ်။ ဆိုးတာကတော့ အဲ့ဒီလူမမာက မင်းနဲ့သိပ်ခင်တဲ့ မင်းရဲ့သူငယ်ချင်းမလေး မို့မို့ပဲတဲ့၊ ငါဝမ်းနည်းသွားတယ်"

"အောင်မယ်…အောင်မယ်"

"အဲ့ဒီမှာ နတ်ကောင်းက ပြန်ပြောတယ်။ ကောင်းတာကတော့ သူ သက်သာနေပါပြီ။ ရောဂါပျောက်သွားပါပြီတဲ့…။ ငါ ဝမ်းသာ



http://www.cherrythitsar.org

သွားတယ်”

“ဒါပေါ့လေ...ဒါပေါ့”

“နတ်ဆိုးက ဝင်ပြောတယ်။ ဆိုးတာက အဲဒီကောင်မလေးက ဖျားတာဆိုတော့ ရေမချိုး မိုးမချိုးနဲ့တဲ့။ ငါဝမ်းနည်းသွားတယ်”

“အောင်မာ”

“ခိ...ခစ်...ခစ်”

မို့မို့က မကျေမနပ်ဖြစ်ပြီး ယဉ်ယဉ်မင်းက ရယ်ပါတယ်။

“အဲဒီမှာ နတ်ကောင်းက ဝင်ပြောပါတယ်။ ဒါပေမယ့် ကောင်းပါတယ်တဲ့။ ကောင်မလေးက မျက်နှာသစ်၊ ရေပက်တိုက်၊ အဝတ်အစားလဲထားတယ်တဲ့။ သနပ်ခါးလည်းလိမ်းထားတယ်။ မင်းဆွဲရမယ့် နားရွက်ကလေးက သန့်သန့်ရှင်းရှင်းပါတဲ့။ ငါ ဝမ်းသာသွားတယ်”

“လာ...လာချည်သေး...တော်ပါ”

“နတ်ဆိုးက ဘာမှမပြောတော့ဘူးလား”

“ဟ...ဘယ်နေမလဲ၊ ပြောတာပေါ့”

“ဘာပြောလဲ”

“အစွယ်ကားကား... အသံသြသြကြီးနဲ့၊ ဒါဖြင့် ငါလည်း အဲဒီနားရွက်ကို လိုက်ဆွဲမယ်တဲ့”

“အမေ့”

မို့မို့လန့်သွားလို့ ကျွန်တော်နဲ့ ယဉ်ယဉ်မင်းမှာ သူ့ကိုကြည့်ပြီး

ဟားနေရပါတယ်။

“ဂျိုကာဆိုတဲ့ ကောင်ကတော့ဟာ...”

“ဘာလဲ”

သူတို့နှစ်ယောက်က ကျွန်တော့်ကို အံ့အံ့မောမောကြည့်ပါ တယ်။

“ပေါက်ကရတော့ တကယ်ပြောတာပဲ”

“အေးလေ...စံပဲ”

ကျွန်တော်က မို့မို့ဘေး၊ ကုတင်စောင်းမှာ ဝင်ထိုင်လိုက်တယ်။ မို့မို့က လှဲနေရာက ထတယ်။ ကျွန်တော် ကမ်းပေးတဲ့လက်ကို လှမ်းဆွဲပြီး သူထိုင်တယ်။

“ငါဟာ...နင့်ကို သတိရတယ်ဟာ၊ မအားတာနဲ့”

အဲဒီလို အစချီပြီး တောင်စဉ်ရေမရတွေ ကျွန်တော်လျှောက် ပြောဖို့ ပြင်လိုက်တယ်။ သူကလည်း မယုံဖို့ အသင့်ပြင်လိုက်တယ်။ အဲ...အဲ့ဒီအချိန်မှာပဲ...

“ဟာ...ကိုသီဟရောက်နေတာကိုး”

အခန်းထဲကို ကေခိုင်ရောက်လာပါတယ်။ ကျွန်တော့်ကိုတွေ့လို့ ဝမ်းသာအားရပြောတယ်။ မို့မို့နဲ့ယဉ်ယဉ်မင်းက ကေခိုင့်ကို ဆီးကြို ကြတယ်။

သူတို့ချင်း နှင်းနဲ့ပတ်သက်ပြီး ရင်းနှီးခဲ့ကြပုံရတယ်။ မို့မို့ လက်ဖျားလေးတွေကို ကေခိုင်က ဆွဲယူဖျစ်ညှစ်ပြီး...



http://www.cherrythitsar.org

"မို့မို့ နေကောင်းသွားပြီပဲ"

"အင်း...ဟုတ်တယ်...ကောင်းပြီ။ နေကောင်းတော့မှပဲ လူမမာမေးတဲ့ ဧည့်သည်အသစ် ရောက်နေတယ်လေ...သေသွားရင် သူ...နာရေးကြော်ငြာပဲမိမှာ..."

ကျွန်တော့်ကိုကြည့်ပြီး ကေခိုင်က ရယ်တယ်။ ယဉ်ယဉ်မင်းက

"ကေခိုင်တစ်ယောက်ထဲလား။ နှင်း မပါဘူးလား"

"နှင်းပါမလာဘူး။ အခု နှင်းတို့အိမ်က ပြန်လာတာ"

"တွေ့ခဲ့လား"

"အင်း...သူ နည်းနည်းစိတ်ညစ်နေတယ်"

ယဉ်ယဉ်မင်းက ကေခိုင့်ကို စူးစမ်းသလို ကြည့်လိုက်တယ်။ ကေခိုင်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး ယဉ်ယဉ်မင်းဘေးက ကုလားထိုင်မှာ ဝင်ထိုင်တယ်။

"ငါလေ...အဖျားရှိန်တွေ သိပ်တက်တုန်းက တအားအားငယ်တာပဲ...သိလား"

မို့မို့က ကျွန်တော့်ကိုပြောတယ်။ မို့မို့က အားငယ်တတ်ပါတယ်။ ခု...သူပြောတဲ့စကားကလည်း သေချာမှာပါ။

နောက်ဘက်မှာ ကေခိုင်က ယဉ်ယဉ်မင်းကို စကားတီးတိုးဆိုနေတယ်။ ယဉ်ယဉ်မင်းရဲ့မျက်လုံးတွေမှာ အံ့ဩဟန်ကလေးတွေ ဖြတ်ပြေးနေတယ်။ မို့မို့ဘက် ပြန်လှည့်လိုက်ပြီး...

"အဲဒီတုန်းက ဘေးမှာ ဘယ်သူမှ မရှိဘူးလား"



http://www.cherrythitsar.org

"ရှိတော့ ရှိကြတာပေါ့ဟ၊ ဒါပေမယ့် အားငယ်တာက ငယ်တာပဲ"

အချိန်အတော်ကြာတဲ့အထိ ကျွန်တော်တို့နှစ်ယောက် ထွေရာလေးပါးစကားတွေ လျှောက်ပြောနေလိုက်ကြတယ်။ နောက်တော့ ကျွန်တော့်ပခုံးပေါ် လက်တစ်ဖက်ကျလာပြီး...

"ကိုသီဟ...ကေခိုင် ပြန်တော့မယ်"

"ပြန်တော့မလား"

"အင်း...လိုက်ပို့ ကိုသီဟရယ်...နော"

"ကေခိုင်တို့အိမ်ရောက်ရင် ဘာကျွေးမလဲ"

"အရိုးတောင်းလက်ဖက်"

"အိုကေ...လာ...သွားကြမယ်"

ချက်ချင်းထလိုက်တော့ မို့မို့နဲ့ ယဉ်ယဉ်မင်းက ဘုကြည့်ကြည့်ပြီး ပြိုင်တူအော်တယ်။

"သောက်ငတ်"

သူတို့ဘာပြောပြော၊ ကျွန်တော်ကတော့ ကေခိုင်နဲ့အတူ လမ်းပေါ်ရောက်သွားပါတယ်။ လမ်းမှာ ကေခိုင်က ကျွန်တော့်ကို စကားတစ်ခွန်းပြောတယ်။

"နှင်း စေ့စပ်တော့မယ်"

❋ ❋ ❋

နံရံပေါ်က ကောက်ကြောင်းရုပ်ပုံကို အချိန်အတော်ကြာတဲ့ အထိ ကျွန်တော် ငေးကြည့်နေမိတယ်။

တစ်ကြောင်းမျဉ်းပန်းချီပါ။ အနက်ရောင်တစ်လိုင်းထဲနဲ့ ဆွဲထား ပါတယ်။ ပန်းချီကားမှာ လမင်းနဲ့ခြသေ့် ပါတယ်။

ည…ကောင်းကင်ပေါ်မှာ လမင်းကသာနေတယ်။ လမင်း အပါးမှာ ကြယ်ပြောက်ကလေးတွေကလည်း လင်းမှုန်ဝိုးဝါးလို့။ လမင်းရဲ့ ရွှန်းမြလှပမှုကို ပေါ်လွင်အောင် ဆွဲထားတယ်။

မြေပေါ်မှာ…ခြသေ့်ရိုင်းတစ်ကောင်က လမင်းကို ဆွေးမြည့် မြည့် မော့ကြည့်နေတယ်။ သူ့မျက်လုံးတွေက တောက်ဝင်းနေပြီး သူ့ခံတွင်းကို ဟ,ထားတယ်။ ညာဘက်လက်ဟာ လမင်းကို လှမ်းပုတ်ချ



http://www.cherrythitsar.org

တော့မလို အားမလိုအားမရ မြှောက်ရွယ်ထားတယ်။

ပန်းချီကားကတော့ ဒါပါပဲ။ ကျွန်တော့်အခန်းနံရံမှာ ကျွန်တော်ပဲ ဆွဲထားခဲ့တာပါ။

ခြင်္သေ့ရိုင်းက လမင်းကို ဘာကြောင့်လွမ်းနေရတာလဲ။ လမင်းကရော သူ့အလင်းတန်းတွေနဲ့ ခြင်္သေ့ကို ဘာပြန်ပြောသလဲ။ စားပွဲပေါ်က မင်အိုးနဲ့ နံရံပန်းချီကို ပစ်ပေါက်ထည့်လိုက်တယ်။

"ခွမ်း"

မင်အိုးကွဲသွားပြီး အစိမ်းရောင်မင်တွေ စီးပြိုကာ သွယ်တန်းကျလာတယ်။ ကြည့်နေရင်း ရုပ်ပုံထဲက လမင်းနဲ့ခြင်္သေ့ဟာ အစိမ်းရောင်ကြိုးတွေနဲ့ တွယ်ဆက်သွားတယ်။ နှင်းရယ်...

နင်နဲ့ငါလည်း အဲ့ဒီလို အစိမ်းရောင်ကြိုးတွေနဲ့ ချည်နှောင်မိခဲ့ကြတာများလား...ခုတော့... ... ...

✺ ✺ ✺

သင့်တော်မယ်ထင်တာတွေ မှာလိုက်တယ်။ စားပွဲထိုး ပြန်ထွက်သွားတော့ ထိုင်ခုံမှာ နေသားတကျပြင်ထိုင်ရင်း ဆိုင်ပတ်ပတ်လည်က နံရံကပ်ပိုစတာတွေကို လိုက်ကြည့်နေလိုက်တယ်။

အရက်ဆိုင်ထဲမှာ ပူလှောင်နေတယ်။ ပြတင်းပေါက်က ဖွင့်ထားပေမယ့် လေမတိုးဘူး။ မူးယစ်စပြုနေသူတို့ရဲ့ အုတ်အုတ်ကျက်ကျက် စကားသံတွေဟာ နားထဲကို လုံးထွေးပြီး ဝင်လာတယ်။ မသိမသာ ခေါင်းယမ်းပြီး အဲ့ဒီစကားသံတွေကို အာရုံထဲက ဖယ်ထုတ်လိုက်တယ်။

ကျွန်တော့်ရှေ့ကစားပွဲမှာ ကျွန်တော်မှာထားတဲ့ အရက်နဲ့ အမြည်းရောက်လာပါပြီ။ ဖန်ခွက်ကို ဆွဲယူလိုက်တယ်။ ဖန်ခွက်ထဲကို



http://www.cherrythitsar.org

အရက်လောင်းထည့်ရင်း မနက်ကမြင်ကွင်းကို ပြန်မြင်ယောင်နေမိတယ်။ နှုတ်ခမ်းတွန့်ပြီးတော့လည်း ပြုံးဖြစ်တယ်။

မနက်က…အင်းလျားမြိုင်ဘက်မှာပါ။ လမ်းတစ်ခုထဲကို ကျွန်တော်ကအဝင်၊ လမ်းထဲက ကိုယ်ပိုင်ကားလှလှလေးက အထွက် ဆုံမိကြပါတယ်၊ မတိုက်မိပါဘူး။

ဒါပေမယ့်…ကျွန်တော်ရော ကားလေးပါ တုန့်ရပ်သွားတယ်။ ကားကို ကိုယ်တိုင်မောင်းလာပုံရတဲ့ သူဌေးမင်းက ကျွန်တော့်ကို 'သွား' ဆိုတဲ့ပုံစံနဲ့ လက်ယပ်ပြပါတယ်။ ကျွန်တော်ကလည်း 'သူတို့ အရင်သွားပါ'ဆိုတဲ့ပုံစံနဲ့ လွတ်အောင်ရှောင်ပြီး လမ်းဘေးကို ကပ်ပေးပါတယ်။

ရောဟဒ်ဆင် **A.I.D.S** ဖြစ်ကာစ ဥပမိရုပ်မျိုးရှိတဲ့သူဌေးမင်းက ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး သူ့ကားကို ဆက်မောင်းပါတယ်။ သူဌေးမင်းက ကျွန်တော်တို့ထက် ဆယ်နှစ်လောက်ကြီးမှာပါ။

သူ့နံဘေးမှာ…

ကျွန်တော့်သူငယ်ချင်း နှင်းဆီဖြူ ထိုင်နေပါတယ်။

အဲ့ဒီတော့မှ ကျွန်တော်ကလည်း ဒီသူဌေးမင်းဟာ နှင်းနဲ့ စေ့စပ်တော့မယ်ဆိုတဲ့၊ အခုမှ နိုင်ငံခြားက ပြန်ရောက်လာတာဆိုတဲ့၊ ပါရဂူဘွဲ့တစ်ခုအတွက် စာတမ်းရေးနေတယ်ဆိုတဲ့…ပုဂ္ဂိုလ်ကြီးမှန်း ရိပ်မိလိုက်ပါတယ်။ (ကျွန်တော် မမီလိုက်၊ မမြင်ဖူးလိုက်တဲ့ 'လူရည်ချွန်' ဆိုတဲ့ နို့မှုန့်ဘူးကြီးကိုလည်း ပြေးသတိရမိပါတယ်)



http://www.cherrythitsar.org

နှင်းကတော့ နှုတ်ခမ်းတင်းတင်းစေ့ပြီး ကားအပြင်ကို ငေးနေပါတယ်။ ကျွန်တော် ပြုံးမိတယ်။ ကားက ကျွန်တော့်နံဘေးက ဖြတ်သွားမှာ ခါးကလေးကိုင်ပြီး အလေးပြုလိုက်ရင် ကောင်းမလားလို့ စဉ်းစားဖြစ်ပါသေးတယ်။

ဒါပေမယ့် မလုပ်ခဲ့ပါဘူး။

နှင်းနဲ့အတူ ပါသွားတဲ့ သူဌေးမင်းဟာ နှင်းဖေဖေရဲ့အတော်ဆုံး တပည့်လို့လည်း ကြားရပါတယ်။ အတော်ဆုံးတပည့်မို့လို့ သမီးတော်နဲ့ ကြောင်းလမ်းတဲ့ နှင်းရဲ့ဖေဖေဟာ ရှေးတုန်းက ဒိသာပါမောက္ခဆရာကြီးနဲ့ တူနေပါတယ်။

ဒီလိုမှန်းသိရင် အစောကြီးကတည်းက ခေါင်းပေါင်းနဲ့ တောင်ရှည်ပုဆိုးနဲ့ ကျောက်သင်ပုန်းကြီးကိုင်ပြီး ကျွန်တော် သူ့ဆီ တပည့်သွားခံပါသေးတယ်။

ခုတော့......နောက်ကျသွားတယ်။

ဖန်ခွက်ထဲက အရက်ကို ဖျော်ရည်နဲ့ ထပ်ရောလိုက်တယ်။ နောက်တော့ မသောက်ဖြစ်သေးဘဲ ကုလားထိုင်မှာ ကျောမှီလိုက်ပြီး ဆိုင်ပြင်ကို လှမ်းကြည့်နေလိုက်တယ်။

ညဟာ အရက်မူးနေတယ်။ အလွမ်းဆိုတဲ့အရာက ကျွန်တော့်ရင်ထဲကို ပရမ်းပတာလမ်းလျှောက်ဝင်လာတယ်။ မဲ့ပြုံးပြုံးပြီး ခေါင်းခါပစ်လိုက်တယ်း သွားစမ်းပါ။

ကျွန်တော့်စားပွဲမှာ လူတစ်ယောက်လာထိုင်တယ်။ သူ့ဘာသာ



http://www.cherrythitsar.org

မှာသောက်တယ်။ ရေချိန်ကိုက်လာတော့ လှျာလေးအာလေးနဲ့ ကျွန်တော့်ကို ဘာမှန်းမသိတာတွေ လာပြောနေတယ်။ ကျွန်တော် စိတ်ညစ်လာတယ်။ တစ်ခါမှာတော့...

"ညီလေး...ဟိုထောင့်မှာ ထိုင်သောက်နေတဲ့ ကောင်လေးကို သိလား"

"ဘာဖြစ်လို့လဲ"

"အဲ့ဒါ အသည်းကွဲသမားလေးကွ၊ ဟား...ဟား"

ကျွန်တော် သူ့ကို ဆက်ကြည့်နေတော့ သူက...

"အဲ့ဒီကောင်လေးရဲ့ရည်းစားက ဘာဖြစ်လို့လဲ မသိပါဘူး ကွာ၊ သူကတော့ အသည်းကြီးဟက်တက်ကွဲပြီး အရက်လာသောက် နေတာပဲ ဟား...ဟား"

ကျွန်တော် သူ့ဆီကအကြည့်ကို တခြားပြန်လွှဲပစ်လိုက်တယ်။ အဲ့ဒါကို ရယ်စရာလို့ ကျွန်တော် မထင်ဘူး။ သူ ဘာကြောင့် ရယ်နေ ရတာလဲ။ ကျွန်တော် စဉ်းစားရီဝေမိတယ်။ ကျွန်တော့်ရှေ့က ပုဂ္ဂိုလ် ကတော့ ခြောက်အက်အက်နဲ့ ရယ်နေဆဲပဲ။

ဆိုင်ထဲမှာ အချိန်တွေ ထပ်ကြာသွားတယ်။ ကျွန်တော့်ရှေ့က လူထရပ်တယ်။ ကျွန်တော့်ကို နှုတ်ဆက်ပြီး ဒယီးဒယိုင်နဲ့ ပြန်ထွက် သွားတယ်။

ကျွန်တော် ငေးကြည့်ကျန်ရစ်တယ်။

နောက်တော့ ကျွန်တော့်မျက်လုံးတွေက အသည်းကွဲသမားဆီ–



http://www.cherrythitsar.org

ရောက်သွားတယ်။ သူ့မျက်နှာကြီး နီရဲနေပြီ။ သောက်မြဲသောက်ဆဲပဲ။ ဒါ...သူ့ခံစားချက်အရပေါ့လေ။ သူ့မှာ ခံစားခွင့်ရှိပါတယ်။ မိစိမ်းကားကြီးရဲ့ မာယာရှင်ကြီးရဲ့...ဘာညာနဲ့ အော်နေလို့လည်း ရပါတယ်။ နာမည်အော်ခေါ်ပြီး လွမ်းဆွတ်နေလို့လည်း ရပါတယ်။

အဲ့ဒါတွေအားလုံးအတွက် သူ့မှာ အခွင့်ရှိပါတယ်။ ကျွန်တော်ကသာ ဘာမှမဟုတ်...

စဉ်းစားရင်း ကျွန်တော် ရင်နာလာတယ်။

နောက်တော့လည်း ထိုင်ရာက ထ,လိုက်မိတော့တယ်။ ကောင်တာမှာ ပိုက်ဆံရှင်းပေးပြီး ဆိုင်ထဲက ထွက်လာခဲ့တယ်။ မထွက်ခင်မှာတော့ အသည်းကွဲသမားနဲ့ မျက်လုံးချင်းဆုံသွားလို့ (နည်းနည်းလည်း ကိုယ်ချင်းစာပြီး သနားမိလာတာနဲ့) ကျွန်တော် နှုတ်ဆက်လိုက်တယ်။

"တစ်ယောက်ထဲလား"

အသည်းကွဲ သမားက အားယူပြုံးပြီး ခေါင်းညိတ်ပြတယ်။

"ဟုတ်ကဲ့...တစ်ယောက်ထဲပဲ ကိုသီဟသစ် သွားတော့မလား"

"ဟုတ်ကဲ့...ကျွန်တော်က ရောက်နေတာကြာပြီ...ကဲ... သွားတော့မယ် ကိုထူးမြတ်ကျော်ခေါင်..."

အဲ့ဒီညက အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ သူဌေးမင်းက ထူးမြတ်ကျော်ခေါင်ကို ကားနဲ့တိုက်မိတယ်တဲ့။ ထူးမြတ်ကျော်ခေါင်



http://www.cherrythitsar.org

သေပြီး သူဌေးမင်းကို ရဲက ဖမ်းသွားတယ်။ နှင်းက ကျွန်တော်နဲ့ ညားသွားတယ်တဲ့။

အခုတော့လည်း မွန်းတည့်ချိန်တွေကတောင် ခါတိုင်းထက် ပိုပြီး ပူလောင်နေသလိုပါပဲ။

လမ်းတကာလျှောက်သွားပြီး စကားပြောဖော်မဲ့နေခဲ့ရတဲ့ ရက်တွေ ဘယ်လောက်များနေပြီလဲ။

အင်မတန် စိတ်နှလုံး ထိခိုက်မိတဲ့အချိန်တွေမှာ လမ်းတကာ လျှောက်သွားနေလိုက်တယ်။

ဖျက်မရတဲ့ ရင်ထဲက နာမည်လေးတစ်လုံးအတွက် ဘဝရဲ့ ကျောခွံကြီး ပက်ကြားအက်သွားရတဲ့ နေ့ရက်တွေပါပဲ။

ညနေဘက်တွေ အင်းလျားကန်မှာသွားထိုင်တယ်။ ရေလှိုင်းတွေက ဘောင်ဘင်လှုပ်ခတ် ငှက်တွေက ရုတ်ရုတ်ရက်ရက် အိပ်တန်းပြန်၊ ကျွန်တော်တစ်ယောက်ထဲ မလှုပ်မယှက် ကျန်ရစ်ခဲ့တယ်။

❋ ❋ ❋

တစ်ညနေ ...

လေကတဖြူးဖြူး ...

လမ်းတကာက ပြန်လာတဲ့ ခြေလှမ်းတွေ အင်းလျားကန်ဆီ ကွေ့တက်လိုက်တယ်။ အင်းလျားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပြည်ဟာ အေးမြချိုရှနေပါတယ်။

မညှပ်ဖြစ်လို့ ရှည်လျားနေတဲ့ဆံပင်ဟာ လေစီးထဲမှာ တဖျတ်ဖျတ်လှုပ်ခါနေခဲ့။

ရေပြင်ဆီလှမ်းကြည့်တော့ လွမ်းငွေ့တွေညို ...လို့။

အင်းလျားမှာ ပန်းတွေဝေဖူးသလို အင်းလျားမှာ ပန်းတွေကြွေ ဖူးတယ်။ နှစ်တွေ လတွေ ဘယ်လောက်ပြောင်းပြောင်း ... လူငယ်



http://www.cherrythitsar.org

ပေါင်းများစွာကတော့ အင်းလျားကန်စောင်းမှာ လမ်းလျှောက်ခဲ့ဖူး တယ်။ ချစ်သူတွေလည်း ပါမယ်၊ လွမ်းသူတွေလည်း ပါမယ်။

ဂျာကင်အိတ်ထဲ လက်နှိုက်၊ ခေါင်းငိုက်စိုက်ချပြီး ဆက် လျှောက်လာခဲ့တယ်။

ကျွန်တော်ထိုင်နေကျ ကမ်းစပ်နေရာလေးကိုရောက်တော့ **. . .** ပထမတွေ့လိုက်ရတာက နီညိုရောင်စက်ဘီးကလေး၊ ဒုတိယ တွေ့ လိုက်ရတာကတော့ **. . .**

"ဟင်"

အထပ်ထပ်အခါခါ မြင်ယောင်နေမိကျ ရုပ်လွှာလေးမို့လို့။ ကျွန်တော် မမှားဘူးထင်ပါတယ်။

ကျွန်တော့်ခြေလှမ်းတွေ တုန့်ရပ်သွားပြီး ကျွန်တော့်ရင်ထဲမှာ တုန်တုန်ခါခါ ဖြစ်သွားမိတယ်။

နှင်း **. . .**

လွမ်းနေရတဲ့ နှင်း **. . .**

ကျွန်တော်ထိုင်နေကျ ကန်ရေပြင်အစပ်ကလေးမှာ လုပကျော့ ရှင်းတဲ့ ကောင်မလေးတစ်ယောက် ကျုံ့ကျုံ့လေး ထိုင်နေပါတယ်။ ဒူးနှစ်ဖက်ကို လက်နဲ့ပိုက်ပြီး ဟိုးအဝေးကြီးကို ငေးနေတယ်။

ကျွန်တော် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်တယ်။

ကျွန်တော့်ကို ကျောပေးထားတဲ့ သူ့ကို မယုံရဲရဲ လှမ်းမျှော် ကြည့်မိတယ်။ ကံကြမ္မာရဲ့ လိမ့်နေတဲ့ အံစာတုံးကလေးကို မျက်လုံး



http://www.cherrythitsar.org

အစုံ တဒုန်းဒုန်းနဲ့ လိုက်ကြည့်ရသလိုပါပဲ။

နှင်း...သူတစ်ယောက်ထဲလား၊ ခါတိုင်းနေ့တွေ ဒီနေရာမှာ မတွေ့မိဘူး။ ဒီနေ့ ဘာလာလုပ်တာလဲ။ ကျွန်တော် ထိုင်နေကျနေရာ ဆိုတာ သူမသိဘူးလား၊ ဒါမှမဟုတ် သိလို့လား။

သူ့ဆီသွားမလား၊ လှည့်ပြန်မလား။

ကျွန်တော် ရပ်စဉ်းစားနေတယ်။

ကျွန်တော့်ခြေထောက်တွေက ကျွန်တော့်စိတ်ရဲ့ အဆုံးအဖြတ် ကို စောင့်နေကြတယ်။

ကျွန်တော့် အသက်ရှူသံတွေ မြန်လာတယ်။

ခြေဖျားလက်ဖျားတွေ အေးစက်ပြီး လေစီးတစ်ချက်ရဲ့ ညည်း တွားသံကိုလည်း ကြားလိုက်ရသလိုပဲ။ ဘာလုပ်ရင် ကောင်းမလဲ။

ပန်းတွေ...ပန်းတွေ။

မြေပေါ်ကို ဆင်းမှာလား။ မိုးပေါ်ကို တက်မှာလား၊ ခွဲခြား မရနိုင်လောက်တဲ့ ရုန်းခတ်လှုပ်ရှားမှုတွေနဲ့ ကိုင်းဖျားမှာ ယိမ်းထိုး ပွင့်စေကြရဲ့...။

နှင်း...လို့ တိုးတိုးလေး လှမ်းခေါ်လိုက်ရင်ကောင်းမလား။ ဟင့်အင်း...သူ လှည့်ပြန်သွားလိမ့်မယ်။

ဒါမှမဟုတ် မကြားချင်ယောင် ဆောင်လိမ့်မယ်။

ဘာလုပ်ရင်ကောင်းမလဲ။ ခြေလှမ်းကျဲကျဲနဲ့ သူ့ဆီလျှောက် သွားပြီး မျိုသိပ်ထားရတဲ့စကားတွေကို ဖွင့်အော်ပြောပစ်လိုက်မလား။



http://www.cherrythitsar.org

နှင်း...

သူ ဘာတွေတွေးနေသလဲ။

နှင်း...ငါ့ကို စကားပြောမလား။

နှင်း...ငါ့ကို နားလည်ပါကွယ်။

နှင်း...နင့်ကို ငါလွမ်းတယ်။

နှင်း နင့်ကိုငါ မချစ်ချင်တော့ဘူး။

နှင်းရေ...

အဲဒီလို ကျွန်တော် ဝေဝါးရှုပ်ထွေးနေချိန်မှာပဲ...

သူ...ထိုင်ရာကနေ ကျွန်တော့်ကို ဆတ်ကနဲ လှည့်ကြည့်ပါတယ်။

"................."

သူ့မျက်လုံးကလေးတွေက ကျွန်တော့်မျက်နှာပေါ်မှာ စိုက်ကျနေတယ်။ သူ့မျက်နှာပေါ်မှာလည်း အရိပ်အရောင်တွေ အမျိုးမျိုး ရှိဝေလို့။

တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြတယ်။ နှစ်ယောက်လုံး ဒီအတိုင်းပဲ။ ကျောက်ဆစ်ရုပ်တွေလို ငြိမ်သက်နေတယ်။

ခဏကြာတော့မှ သူ့မျက်နှာကို ပြန်လွှဲသွားတယ်။

မူလအနေအထားအတိုင်း ကျွန်တော့်ကို ကျောပေးထိုင်ပြီး အဝေးကို ငေးနေလိုက်တယ်။ ကျွန်တော့်အသားတွေ ပူလာတယ်။ ကျွန်တော့်ကိုယ်ကျွန်တော် ဘာဆုံးဖြတ်ချက်မှ မပေးရသေးဘဲ သူ့အနီး

ကို လျှောက်သွားလိုက်မိတယ်။ သူ့နံဘေးမှာ ရပ်တယ်။ သူက ငြိမ်သက်နေဆဲ။ ကျွန်တော်လည်း မလှုပ်မယှက်ရပ်တန့်...။

နောက်တော့...ကျွန်တော်...

သူ့အနီးမှာ ဝင်ထိုင်လိုက်တယ်။ သူနဲ့ ကျွန်တော်ကြားမှာ တစ်တောင်ကျော်ကျော်လောက်ပဲ ခြားပါတယ်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသလိုပါပဲ။

သူ့အပါးမှာ သိမ်မွေ့နူးညံ့စွာ ဝင်ထိုင်ရင်း သွေးကြောတွေ တဖျင်းဖျင်းဖြစ်နေတယ်။

သူ့ဘက်ကတော့ ထူးခြားတဲ့လှုပ်ရှားမှုဘာမှမရှိပါဘူး။ ဒူးနဲ့ လက်ပေါ် ခေါင်းမေးတင်ရင်း ဘာရယ်မသိတဲ့အရပ်ကို သိရိမျှော်ငေး နေတယ်။

ဘာစကားမှ မပြောဖြစ်သေးဘူး။ သက်ပြင်းတစ်ချက်ကိုပဲ အသံမထွက်အောင် မှုတ်ချလိုက်တယ်။

ကျွန်တော် သူ့ကို ဘာစကားတွေပြောရင်ကောင်းမလဲ။ သူ့ကို ငေးကြည့်နေလိုက်တယ်။ အနီးကပ်မြင်နေရတဲ့ သူ့ရဲ့ရွှေမျက်နှာလေး ဟာ သိပ်လှတာပဲ။ အဲ့ဒီအလှကို မပိုင်ပန်းကြည့်သလို ကြည့်ရတာ ရင်ထဲမှာ နာတယ်။

လေပြည်လေညှင်းက သူ့ဆံနွယ်မျှင်ကလေးတွေကို တိုက်ခတ် ဆော့ကစားနေတယ်။ သူ့ရဲ့စင်းကော့တဲ့ မျက်တောင်ဖျားမှာ မော် ဆန်တဲ့အတတ်ပညာတွေ ရှိတယ်။ သူ့ရဲ့ကိုယ်သင်းရနံ့လေးဟာ



http://www.cherrythitsar.org

ကျွန်တော့်ဆီ ပုံ့မွှေးမှောပါလာတယ်။ သူ့ကို ကြည့်ရတာကိုက လျှို့ဝှက်လှပတဲ့ ကဗျာတစ်ပုဒ်ကို ဖတ်ရသလိုပဲ။

ကြေကွဲခဲ့ရတဲ့ ညနေပါပဲ...နှင်းရယ်။

သူက အဝေးကို ငေးကြည့်နေရာကနေ ရေပြင်ပေါ်ကိုလျှောက် ကြည့်နေတယ်။ သူ့ကိုယ်စား ကျွန်တော်က အဝေးကို ငေးသွားရပြန် တာပေါ့။

ကောင်းကင်မှာတိမ်တွေက ပြိုးပြာညိုလက်နေကြပါရဲ့။ ငှက် တွေက နိမ့်ချည်မြင့်ချည်နဲ့ မညီမညာ ပျံသန်းသွားကြပြီ။

ကျွန်တော် ဖြည်းဖြည်းချင်း ခေါင်းကိုခါလိုက်တယ်။

သူရော ကျွန်တော်ရော...ဘာစကားမှ မပြောဖြစ်ကြပါဘူး။ တကယ်ဆို (အနိမ့်ဆုံးအဆင့်) သူငယ်ချင်းတွေ အနေအထားအရ တောင် ပြောစရာစကားတွေ ကျွန်တော်တို့မှာ များလှပါတယ်။

ကျွန်တော်ကတော့ ကျွန်တော်ပြောချင်တဲ့ အနက်အဓိပ္ပာယ် တွေကို မီနိုင်တဲ့စကားလုံးမရှိလို့ မပြောတော့တာပါ။ ကျွန်တော် ပြောချင်တာတွေက ဘာသာစကားနဲ့ တိုင်းတာဖော်ပြလို့ မ ရလောက် အောင် ကျယ်ပြန့်နက်ရှိုင်းလှပါတယ်။

သူကတော့ ဘာဖြစ်လို့ စကားမပြောသလဲဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်နဲ့ စကားပြောချင်စိတ်မရှိလို့ ဖြစ်မှာပေါ့။

အဲ့ဒီအချိန်မှာပဲ...ကျွန်တော့်နှလုံးသားက အာရုံတစ်ခုကို အလို အလျောက်ရလိုက်တယ်။



http://www.cherrythitsar.org

ရေပြင်ထဲကို ကျွန်တော် ငုံ့ကြည့်လိုက်တယ်။

“အို...”

ကျွန်တော် ဝမ်းသာသွားတယ်။ တပြိုင်နက်တည်း ဝမ်းလည်း နည်းသွားတယ်။ နှင်းရယ်...

နှင်းဟာ ရေပြင်ထဲကနေ ကျွန်တော့်ကို ကြည့်နေတယ်။

ဝမ်းမြောက်ခြောက်ခြားဖွယ်ရာ အကြည့်ဖြစ်သလို ကြည်နူး ရင်ကွဲဖွယ်ရာအကြည့်လည်း ဖြစ်နေတယ်။

သူ...ကျွန်တော့်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပါ တယ်။ တရှိုက်မက်မက်၊ တနင့်သည်းသည်းကို ကြည့်နေပါတယ်။

ကျွန်တော်လည်း အောက်နှုတ်ခမ်းကို ဖိကိုက်ထားရင်း သူ့ကို သူ့လိုပဲ ပြန်ကြည့်နေလိုက်တယ်။

အကြည့်က ရှည်ကြာလှပါတယ်။

ဘယ်သူကမှ မျက်လုံးမလွှဲကြပါဘူး။ တစ်ချိန်လုံး ကျွန်တော် တို့ မပြောဖြစ်ခဲ့ကြတဲ့စကားတွေဟာ အဲ့ဒီမျက်လုံးတွေထဲမှာ ပါလာ ပါတယ်။

အတော်ကြာမှ ဆံနွယ်ခက်တွေကို ဆတ်ကနဲ ခေါင်းမော့လှန် တပ်ရင်း နှင်းမျက်နှာလွှဲသွားပါတယ်။

ရေထဲကို မြေစိုင်ခဲတစ်ခဲပစ်ချလိုက်ပြီး လှည့်ထွက်သွားပါ တော့တယ်။

ကျွန်တော်က ကန်စပ်မှာပဲ အသက်မဲ့သလို ကျန်ရစ်ခဲ့ပါရဲ့။

ခဲကျသွားတဲ့ရေပြင်ဟာ လှိုင်းဂယက်တွေ ပွက်ပွက်ထရစ်တယ်။ ရေပြင်မှာ လှိုင်းဂယက်တွေ ပြေလျော့ပြန့်စင်သွားတဲ့အချိန်အထိ ကျွန်တော် ဆက်ကြည့်နေလိုက်တယ်။

ရေပြင်ဟာ တစစနဲ့ ငြိမ်သက်ခဲ့ပါပြီ။ စောစောက ဒီရေပြင်မှာ မျက်နှာနှစ်ခု၊ မျက်လုံးနှစ်စုံ စကားဆိုရင်းနှီးခဲ့ကြတယ်။ ခုတော့ ဒီရေပြင်ပေါ်မှာ သူ့တစ်မျက်နှာမရှိတော့ဘူး။

ရေပြင်ပေါ်မှာ...

ပျော့ပျောင်းတင်းမှုနေတဲ့ ကျွန်တော့်မျက်နှာပဲ အထီးကျန်စွာ နေရစ်ခဲ့။

❋ ❋ ❋

“ချစ်သူဆိုတာ
ငါ့သမိုင်းမှာ
အပြာရောင်အလံတစ်လက်ပဲဖြစ်တယ်။

ငြိမ်းချမ်းရေး...
လွတ်လပ်ရေး...
သူ့လက်ကလေးနဲ့ပေးရင်
...ယူချင်တယ် ”

စားပွဲပေါ်မှာ အသင့်စောင့်နေတဲ့ စာအိတ်ကလေးကို ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ လင်းသလိုမှောင်သလိုဖြစ်နေတယ်။ စားပွဲဆီနီးသထက်နီးအောင် ဖြည်းဖြည်းချင်း ချဉ်းကပ်သွားရင်း ဓားသွားတစ်လက်ထဲ ထိုးဝင်နေရသလိုမျိုး (တတိတိတိုးဝင်နေရသလိုမျိုး) လည်း ခံစားရတယ်။

စာအိတ်ပေါ်က မိန်းကလေးလက်ရေးလှလှလေးတွေကြောင့်ပါ။ စာက စာတိုက်ကလာတဲ့စာပါ။ စာအိတ်ပေါ်မှာ ကျွန်တော့်နာမည်နဲ့ လိပ်စာကို ရေးထားပါတယ်။ အဲဒီလက်ရေးကို ကျွန်တော်

သိပါတယ်။ နတ်သမီးလက်ရေးလို့ ချီးကျူးနောက်ပြောင်ဖူးတဲ့ လက်ရေးကလေးတွေပါ။

နှင်းရဲ့လက်ရေးပါ။

ကျွန်တော်...တစ်ယောက်တည်း အလွှာလိုက် အထပ်လိုက် ကွဲကျနေသလိုပါပဲ။

စားပွဲရှေ့မှာ ကျွန်တော်ရပ်တယ်။

ကျွန်တော်က စာအိတ်ကလေးကို ကြည့်သလို စာအိတ်ကလေးကလည်း ကျွန်တော့်ကို ကြည့်နေတယ်။

စာအိတ်ပေါ်က လက်ရေးစာလုံးလေးတွေက ကြယ်တာရာတွေလို မှိတ်တုပ်မှိတ်တုပ် ကိုယ်ထင်ပြနေကြတယ်။

ကျွန်တော့် မျက်လုံးအစုံကို တင်းတင်းဖိမှိတ်လိုက်ပြီးမှ ပြန်ဖွင့်တယ်။ စိတ်ကို ဆွဲယူတယ်။ စာအိတ်ထဲမှာ 'စာ'မဟုတ်ဘဲ 'ကဒ်ပြား' တစ်ခုဖြစ်တယ်ဆိုတာကို အထိအတွေ့အရ သိလိုက်တယ်။

စိတ်ထဲမှာ ဒိန်းကနဲ ပေါက်ကွဲထွက်သွားတယ်။

သူ...စေ့စပ်ပွဲဖိတ်စာ...

ဖျတ်ကနဲတွေးလိုက်မိတာနဲ့အမျှ ရင်ခွင်ထဲကို အနုမြူမီးပွားတွေ ဖြာကျလာတယ်။

တောက်...တစ်ချက်ခေါက်ပြီး ပြုံးလိုက်မိသေးတယ်။ အဲ့ဒီအပြုံးနဲ့အတူပဲစာအိတ်ကို ဖွင့်လိုက်ပါတယ်။

ရပါတယ်နှင်းရယ်။ ငါခံနိုင်ရည်ရှိအောင် ကြိုးစားမှာပါ။



http://www.cherrythitsar.org

စာအိတ်ထဲကနေ ကဒ်ပြားတစ်ခုထွက်လာတယ်။ ထင်တဲ့အတိုင်း ဖိတ်စာကဒ်ပြားပါပဲ။ ဒါပေမယ့်...

"..............."

ကျွန်တော့်မျက်လုံးတွေ ဝိုင်းသွားရပါတော့တယ်။

❋ ❋ ❋

မင်း နှင်းကိုချစ်နေတာ ငါသိတယ်။

နှင်းကလည်း မင်းအပေါ်မှာ သံယောဇဉ်စိမ်းစိမ်းကလေး ရှိတယ်လို့ ငါထင်တယ်။

အခု...နှင်း စေ့စပ်တော့မယ်...မင်း ဘာလုပ်မလဲ။

ဂျိုကာ...တခြားလူတွေကို မင်းဖုံးကွယ်ထားလို့ရရင် ရမယ်။ ငါ့ကိုတော့ မရနိုင်ပါဘူး။

ငါက ငယ်ငယ်ကတည်းက မင်းနဲ့ အနီးကပ်ဆုံး နေလာခဲ့တဲ့ ကောင်ပါ။ မင်းအကြောင်းကိုလည်း ငါအသိဆုံးပဲ။

အံ့သြတာက မင်းနဲ့ နှင်းရဲ့သံယောဇဉ်ပဲ။

ဟုတ်တယ်ဂျိုကာ။ အဲဒီအချက်ကလည်း သိပ်အံ့သြစရာ



http://www.cherrythitsar.org

ကောင်းနေတယ်။

နှင်းက မင်းကို သံယောဇဉ်ရှိတယ်။ သူ့ဘက်က မင်းအပေါ်မှာဖြစ်တဲ့ သံယောဇဉ်ကလည်း ပဟေဠိဆန်လွန်းလှတယ်။

မင်းကို သူ အထင်ကြီးတယ်။ အသိအမှတ်ပြုတယ်။

ဒါပေမယ့် တစ်ပြိုင်တည်းမှာပဲ မင်းကိုသူ အသိအမှတ်မပြုချင်ဘူး။ ငြင်းပယ်ချင်တယ်။

အဲဒီလိုနဲ့ မင်းအပေါ်မှာ သူ့စိတ်ဝင်စားမှု စ,ခဲ့တယ်။

မင်းတို့နှစ်ယောက်ဟာ ထက်တယ်၊ စာဖတ်တယ်၊ ရုပ်ရည်တင့်တယ်တယ်။

မင်းတို့နှစ်ယောက်သာ ချစ်သူတွေ ဖြစ်ခဲ့ကြရင် သိပ်လိုက်ဖက်ညီနိုင်တယ်။

တို့ သူငယ်ချင်းအားလုံး စဉ်းစားမိတယ်။ ဘေးကနေအားမလိုအားမရနဲ့ ဝင်တွန်းဖို့၊ ဝင်လျှော်ဖို့ဆိုတာကလည်း မင်းတို့နှစ်ယောက်လုံးက ကိုယ့်အတွေးအခေါ်လေးတွေနဲ့ ကိုယ်ဆိုတော့တို့အတွက် ခက်နေတယ်။ ဘာမှဝင်မလုပ်ရဲဘူး။

မင်းတို့နှစ်ယောက် ဒီလိုနဲ့ပဲ အပြိုင်ဝေးသွားကြပါပြီလို့စိတ်လျှော့ခဲ့ကြတယ်။

ဒါပေမယ့် အခုမှ တစ်ခါမှောက်ထားတဲ့ ဖဲချပ်ကလေးလန်ကျလာသလို မင်းတို့ရဲ့သံယောဇဉ်တွေကို တွေ့လိုက်ရပြန်တယ်။

နှင်းကို ချည်းကပ်ကြတဲ့သူတွေ အများကြီးပဲ။



http://www.cherrythitsar.org

ဒါပေမယ့် ဘယ်သူ့ကိုမှ နှင်းက လက်မခံခဲ့ဘူး။ သူ့မှာ ဘဲများရှိသလားဆိုပြီး တစ်ချို့က ငါ့ကိုဝိုင်းမေးကြတယ်။

ငါက 'ရှိတယ်' ဆိုတော့ 'ဘယ်သူလဲ၊ ဘယ်ကလဲ' တဲ့။ ငါက **Main** ထဲက သီဟသစ်ဆိုတော့ သူ့ဆီ ဟုတ်မဟုတ် သွားမေးကြပြန်တယ်။

သူက ဘာမှပြန်မပြောဘူး။ ဟုတ်တယ်လို့မပြောပေမယ့် မဟုတ်ဘူးလို့လည်း မငြင်းဘူး။ အဲဒီ့ကိစ္စနဲ့ပတ်သက်ပြီး သူ ငါ့ကို ဘာမှမပြောပါဘူး။ ငါလည်း ဖာသိဖာသာပဲ နေလိုက်တယ်။

တစ်ခါ ငါ့ဆီက 'နန္ဒ' ဝတ္ထုစာအုပ် သူငှားဖတ်ပြီး ပြန်ပေးတော့ ဝတ္ထုစာအုပ်ထဲမှာ မှတ်ချက်ရေးထားတာလေးတွေ ပါလာတယ်။ ငါက

"နှင် ရေးထားတာလား"

လို့ မေးတော့ သူက

"မဟုတ်ဘူး ဂျိုကာရေးထားတာ"

တဲ့။

ငါက

"မဟုတ်ဘူး၊ ဂျိုကာ လက်ရေးကို ငါက မသိဘဲနေမလား"

ဆိုတော့ သူက

"ဒါ ဂျိုကာ ဘယ်လက်နဲ့ရေးတဲ့ လက်ရေး"

တဲ့။ ငါ...ဘာပြောရမလဲ မသိအောင်ဖြစ်သွားတယ်။



http://www.cherrythitsar.org

ငါ့ရင်ထဲမှာ တစ်ခုခုကို သိသလို ခံစားရတယ်။

နှင်းရဲ့မသိစိတ်ထဲမှာ မင်းဟာ ထူးခြားတဲ့နေရာတစ်ခုက ပါနေတယ်လို့ ငါထင်လာတယ်။

နှင်းမှာ မင်းကို စိတ်နာစရာလေးတွေ ရှိတယ်လို့ ငါကြား တယ်။

ဒါပေမယ့် နှင်းခမျာ မင်းကို တွယ်တာရှာပါတယ်။

သူ့အယူအဆ သူ့မာနလေးတွေအရ တင်းထားတာပဲ။ မင်းတို့နှစ်ယောက်ဟာ အနေစိမ်းကြပေမယ့် တစ်ယောက်ရင်ထဲမှာ တစ်ယောက် ရှိနေကြပါတယ်။

ဒါကို ငါ သေသေချာချာ နားလည်စပြုနေတဲ့အချိန်မှာပဲ နှင်းက တခြားလူနဲ့ စေ့စပ်တော့မယ်။

ငါ နားလည်တာ နောက်ကျခဲ့တယ်။ မင်းတို့ချင်းမှာလည်း တစ်ယောက်ကိုတစ်ယောက် နားလည်မိတာ နောက်ကျခဲ့တယ်။

တို့အားလုံး နည်းနည်းစီ နောက်ကျသွားတယ်။

အခု... မမျှော်လင့်တော့တဲ့ အချိန်ကျမှ နှင်းရဲ့မွေးနေ့ပွဲ ဖိတ်စာ မင်းဆီရောက်လာတယ်။ မွေးနေ့ပွဲဟာလည်း လွန်ခဲ့ပြီးပြီ။ ဘာသဘောလဲ။

သူများတကာရတဲ့ ဖိတ်စာတွေမှာ လက်ဆောင်ပစ္စည်း မဲဖောက်ဖို့အတွက် နံပါတ်တွေပါတယ်။ မင်းဖိတ်စာမှာ မပါဘူး။ ဘာသဘောလဲ။



http://www.cherrythitsar.org

ငါ့အမြင်ပြောရရင်တော့ ဒါ 'ဘလန့်ချက်' ပဲ၊ ရေးမထားတဲ့ ချက်လက်မှတ်ပဲ။ မင်းဖာသာရေးချင်တဲ့ နံပါတ်ရေးလို့ရတယ်။ သူ့ဖာသာ ပေးချင်တဲ့လက်ဆောင် ပြန်ပေးလိမ့်မယ်။

နံပါတ် ၅၂၈ ကို မင်းရေးမလား။ နံပါတ် ၁၅၀၀ ကို မင်းရေးမလား။ မင်းဘက်က ရေးပြဖို့လိုလာပြီ။

ဂျိုကာ...

စကားရှည်ကြီးပြောပြီး ဖေယျမောသွားတဲ့အချိန်မှာ ကျွန်တော်ရော သူရော ငြိမ်သက်ပြီး တိတ်တိတ်ဆိတ်ဆိတ် ဆက်ထိုင်နေမိကြပါတယ်။ အတော်ကြာမှ ကျွန်တော်က ထိုင်ရာက ထလိုက်တယ်။

"မင်း...သွားတော့မလား"

"အေး"

ဖေယျက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်တယ်။

"ဘယ်လဲ 'နှင်း' ဆီကိုလား"

"ဟင့်အင်း...သူ့အဖေဆီကို"

"ဟင်...ဘာ...သူ့အဖေဆီကို...ဦးမောင်မောင်ဆီကို ပေါ့၊ ဘာသွားလုပ်မှာလဲ"

"နှင်းနဲ့ငါနဲ့ ချစ်နေတယ်ဆိုတဲ့အကြောင်း၊ နှင်းကို ငါနဲ့



http://www.cherrythitsar.org

လက်ထပ်ပေးဖို့အကြောင်း သွားပြောမလို့”

ဇေယျမျက်နှာမှာ အရိပ်ငွေ့တွေ အမျိုးမျိုး ဖြတ်ပြေးသွားတယ်။ ကျွန်တော့်ကို ကြည့်နေတယ်...ပြီး...

“သူ့အဖေက သိပ်တော်သိပ်ထက်တယ်နော်...မာစတာဘရိန်းကြီး”

“အင်း...အဲ့ဒါ ဘာဖြစ်လဲ”

“မင်းအခု ဘယ်ကိုသွားမှာလဲ...သူ့အိမ်ကိုလား...ကုမ္ပဏီကိုလား”

“သူက ဒီအချိန်ဆို ဘယ်မှာရှိမှာလဲ”

“သူ့ကုမ္ပဏီမှာပဲ ရှိလိမ့်မယ်”

“အင်း ဒါဖြင့် အဲ့ဒီကိုသွားမှာပေါ့...”

ဇေယျ အတော်စိတ်လှုပ်ရှားသွားတယ်။ သူ့ဆံပင်တွေကို လက်နဲ့သပ်တင် စဉ်းစားနေရင်း...နောက်တော့...

“ငါလည်း လိုက်ခဲ့မယ်”

“ဟင့်အင်း... နေခဲ့ပါ။ ငါတစ်ယောက်ထဲ သွားမယ်။ သူ့ကို ငါမသိပေမယ့် သူ့ကုမ္ပဏီကိုတော့ ငါသိပါတယ်။ မင်းနေခဲ့ချည်။ ကဲ...ငါသွားပြီ”

ကျွန်တော် ထွက်လာခဲ့တယ်။ ကျွန်တော့်စိတ်တွေ တည်ကြည်နိုးကြားပြီး ကျွန်တော့်ခြေထောက်တွေကလည်း ကျောက်အိပ်မက်ပေါ်မှာ လမ်းလျှောက်နေရသလိုပဲ။



http://www.cherrythitsar.org

ခမ်းနားတောက်ပတဲ့ ကုမ္ပဏီကြီးတစ်ခုရှေ့မှာ ကျွန်တော့် ခြေထောက်တွေ ရပ်သွားတယ်။

ပြီး... မတ်စောက် ဝင့်ကြွားတဲ့ လှေကားကြီးအတိုင်း အထက်ကို တစ်လှမ်းချင်းတက်သွားလိုက်တယ်။ တံခါးတစ်ချပ်ရှေ့မှာ ရပ်လိုက်တယ်။

ဘဲလ်ရှိပေမယ့် 'ဒေါက်...ဒေါက်' လို့ပဲ တံခါးကို မတိုး မကျယ်ခေါက်ပြီး လာအဖွင့်ကို စောင့်နေလိုက်ပါတော့တယ်။

❋ ❋ ❋

# အပိုင်း၊ [၄]

ဘယ်လိုယုံကြည်ချက်တွေနဲ့
ငါတို့အနိုင်ယူခဲ့ကြမလဲ
တည်မြဲသေချာတဲ့လမ်းကတော့
ငါတို့ကို စောင့်ကြိုနေခဲ့

မနော်ဟရီ
(ပန်းလေ့လမ်းခွဲ)

# တာရာမင်းဝေ

## ရွှေဖိနပ်မှာအစိမ်းရောင်ကြက်ခြေခတ်နဲ့ ကောင်မလေး

"ဩော်...

နှစ်ယောက်လုံးက တစ်ပြိုင်တည်း အာမေဋိတ်သံ ထွက်သွားကြတာပါ။ တစ်ပြိုင်တည်းမို့လို့ တစ်သံတည်းလို့တောင် ထင်လိုက်ရတယ်။

ဒီအန်ကယ်လ်က နှင်းအဖေကိုး ဟုလည်း တွေးလိုက်မိတယ်။

ကျွန်တော့်ကို ဟိုးတစ်ခါတုန်းက ကားနဲ့ဝင်ဆောင့်ဖူးတဲ့ အန်ကယ်လ်ပါ။ မကောင်းခဲ့တာကတော့ အဲဒီအချိန်ကတည်းကပါပဲ။ အခုလည်း ကိုယ်ကြိုက်နေတဲ့ သူ့သမီးလေးကို တခြားတစ်ယောက်နဲ့ ပေးစားမလို့ သူလုပ်ပြန်ရဲ့။



http://www.cherrythitsar.org

အလုပ်အားနေလို့ထင်တယ်။ သူက ကွန်ပျူတာနဲ့ စစ်တုရင် ထိုးနေတယ်။ တစ်ချက်လှမ်းကြည့်ရုံနဲ့ သူ အရေးနိမ့်နေတယ်ဆိုတာ သတိထားမိလို့ ကျွန်တော်ဝမ်းသာသလိုတောင်ဖြစ်သွားတယ်။ သူက လည်း ကျွန်တော့်ကို မှတ်မိတယ်လေ။ သူ့ကားနဲ့ ဝင်ဆောင့်ဖူးတဲ့ လူငယ်ဆိုတာကို ပါးစပ်က ထုတ်မပြောပေမယ့် မျက်နှာမှာ မှတ်မိ တဲ့အရိပ်အယောင်တွေ ပေါ်နေတယ်။

"အေး ထိုင်ကွာ။ ကိစ္စပါလား"

"ဟုတ်ကဲ့..."

ခေါင်းညိတ်ပြရင်း ဝင်ထိုင်တော့ သူက ကျွန်တော်နဲ့ မျက် နှာမူလိုက်တယ်။ လူကို သေသေချာချာ စေ့ငုကြည့်လိုက်တယ်။ ပြီး တော့မှ...

"ကဲ...ဆိုပါဦး..."

"အဟမ်း...ဒီလိုပါ"

ကျွန်တော် စကားစရတာ ခက်နေတာပေါ့။ ကျွန်တော် နှုတ် ဆွံ့နေချိန်မှာပဲ သူက လောဆော်ပါတယ်။

"ပြော...ပြော...ပြောစရာပါလာရင် ရဲရဲသာပြော။ ငါ့ကို အားနာနေစရာမလိုဘူး"

အဲဒါဆိုလည်း ပြီးတာပဲပေါ့။ ပြောလိုက်တယ်။

"နှင်း...နှင်းဆီဖြူကိစ္စပါ"

"နှင်းဆီဖြူ ငါ့သမီးလား။ ဘာကိစ္စလဲ...သူဘာဖြစ်လို့လဲ"



http://www.cherrythitsar.org

ဘာထင်သွားလို့လည်းမသိဘူး။ မျက်မှောင်ကြီးကြုတ်ပြီး ကသောကမျောပြန်မေးတယ်။

"အန်ကယ်လ်...သူ့ကို လက်ထပ်ပေးတော့မလို့...ဆို"

သူအံ့ဩသွားတယ်။ ကျွန်တော့်မျက်နှာကို တစ်ချက်စိုက်ကြည့်ရင်း...

"အေး ဟုတ်တယ်။ ငါ့တပည့် ကိုကိုအောင်နဲ့ လက်ထပ်ပေးမလို့၊ အဲဒါ ဘာဖြစ်လို့လဲ..."

"ဟို ဘာမှတော့ မဖြစ်ပါဘူး။ အဲဒီလူနဲ့ လက်ထပ်ပေးမယ့်အစား ကျွန်တော်နဲ့ လက်ထပ်ပေးရင် ပိုကောင်းမယ်လို့ လာအကြံပေးတာပါ"

"ဟေ"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။

သွားသုံးဆယ့်နှစ်ချောင်းလုံးကို မမြင်လိုက်ရပေမယ့် အတော်များများကိုတော့ မြင်လိုက်ရပါတယ်။ သူ...ကမန်းကတန်း ဣန္ဒြေပြန်ဆည်ရင်း...

"နေပါဦး...မင်းက ဘယ်သူလဲ။ ဘယ်ကလဲ..."

ကျွန်တော်က အနော်မာစာပေတိုက်ပိုင်ရှင် ဦးငြိမ်းအေးရဲ့သားဖြစ်ပါတယ်ဆိုတာကစပြီး ကျွန်တော့်အကြောင်း အကျဉ်းချုပ်ကို ပြောပြလိုက်တယ်။

သူက ငြိမ်ပြီး နားထောင်နေတယ်။ ကျွန်တော့်စကား



http://www.cherrythitsar.org

ဆုံးတော့မှ...

"အေး...ဟုတ်ပြီ။ ငါက ငါ့သမီးကို ကိုကိုအောင်နဲ့ ပေးစားဖို့ စီစဉ်ထားတယ်။ ဒါပေမယ့် မင်းကလည်း လက်ထပ်ချင်တယ် ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီလိုလုပ်"

"ဟုတ်ကဲ့"

"မင်းနဲ့ ကိုကိုအောင် ထိုးကြမလား"

ကျွန်တော် အောင့်သက်သက်ဖြစ်သွားတယ်။

"ဟင့်အင်း...မထိုးပါဘူး"

"ဩော် ဒီလိုကျတော့လည်း မထိုးချင်ဘူးပေါ့။ အင်း ဒါဆို ..."

စဉ်းစားသလို ခေါင်းတဆတ်ဆတ်ညိတ်နေပြီး ခဏအကြာမှာ လက်ညှိုးထောင်ပြရင်း ပြောတယ်။

"မင်းက ငါ့သမီးကို လက်ထပ်ပြီးရင် ငါ့သမီးလိုချင်တာ တွေကို လုပ်ပေးနိုင်ပါ့မလား"

"ဟုတ်ကဲ့"

သူ့ကျောက ဆန့်ကနဲ ဖြစ်သွားတယ်။

"အောင်မာ...ငါ့သမီး ဘာလိုချင်တာလဲဆိုတာကိုရော မင်း သိရဲ့လား"



http://www.cherrythitsar.org

"ဟုတ်ကဲ့ သိပါတယ်။ အန်ကယ့်လ်သမီးလိုချင်တာ ကျွန်တော့်ကိုပါ"

"ဟေ"

သူ မင်သက်မိသွားတယ်။

မျက်မှန်နောက်က မျက်လုံးတွေက ပြူးဝိုင်းနေပြီး ကျွန်တော့်ကို ချိန်ထားတဲ့ သူ့လက်ညှိုးကြီးကလည်း ရယ်ရမလို ငိုရမလို ဖြစ်နေတော့တယ်။

ခဏကြာမှ ဘေးကို မျက်နှာလွှဲလိုက်ပြီး

"ရှစ်"

လို့လည်း အင်္ဂလိပ်လို ညည်းတွားလိုက်တယ်။

ကျွန်တော်ကတော့ ခပ်တည်တည်ပါပဲ။

အခန်းထဲမှာ ငြိမ်သွားတယ်။

နှစ်ယောက်ထဲရှိတဲ့ စကားဝိုင်းလေး တိတ်ဆိတ်သွားတော့ ကျယ်ဝန်းလှတဲ့ အလုပ်ခန်းကြီးဟာ အသက်မဲ့သွားသလိုပဲ။

"အေးလေ...ဒီလိုလုပ်"

"ဟုတ်ကဲ့..."

"မင်းဖာသာ ငါ့သမီးကို ရအောင်ခိုးပြေးနိုင်ရင် ယူကွာ"

"ဗျာ"

"ရအောင်ခိုးနိုင်ရင်...ယူလို့။ မင်းကို ငါကတော့ ဒီအတိုင်း မပေးဘူး။ မင်းအရည်အချင်းရှိရင်ရအောင်ခိုးယူ။ ငါကလည်း မထိန်း



http://www.cherrythitsar.org

ကွပ်နိုင်ဘဲ ငါ့သမီးကလည်း မင်းနောက်လိုက်မယ်ဆိုလို့ကတော့ ...ယူ"

ဒီတစ်ခါ ဘာစကားမှ ပြန်မပြောနိုင်တာက ကျွန်တော်ပါ။

သူကတော့ ကျွန်တော့်ကို အထက်စီးကစိုက်ကြည့်ရင်း ချွန်မြမြလေး ပြုံးနေလေရဲ့။

"ကဲ ငါပြောတာ ကြားတယ်မို့လား"

"...................."

သူက လက်ကနာရီကိုကြည့်တယ်။ စားပွဲပေါ်က တယ်လီဖုန်းကို ကြည့်တယ်။ စစ်တုရင်ထိုးလက်စ ကွန်ပျူတာကို ကြည့်တယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်တယ်။

ကျွန်တော်က အလိုက်တသိနဲ့ပဲ ထိုင်ရာကထပြီး...

"ကျွန်တော် ပြန်လိုက်ပါဦးမယ်"

သူက ပြုံးပြုံးကြီး ခေါင်းညိတ်ပြတယ်။

အခန်းဝရောက်တော့ ကျွန်တော်လည်း မှတ်မှတ်ရရတစ်ခု လှည့်ပြောလိုက်တယ်။

"သြော် အန်ကယ်၊ ကျွန်တော်သာဆိုရင်တော့ ညာဘက်က မြင်းကို ခုန်လိုက်မှာပဲ။ သုံးကွက်အတွင်းမှာ ကိုယ့်ဘက်ကတောင် အရေးသာသွားနိုင်ပါတယ်"

သူ့မျက်လုံးတွေက ကွန်ပျူတာပေါ်က စစ်တုရင်ရုပ်တွေဆီ ပြန်ရောက်သွားပြီး သူ့မျက်နှာလည်း တစ်မျိုးဖြစ်သွားတယ်။



http://www.cherrythitsar.org

ကျွန်တော်ဘက်ပြန်လှည့်ကြည့်ချိန်မှာတော့ ကျွန်တော်ရှိတော့မှာ မဟုတ်ဘူး။ လှေကားထစ်တွေအတိုင်း ပြန်ဆင်းလာခဲ့ပြီ။ သူခိုးခြေလှမ်းနဲ့တော့ မဟုတ်ဘူးပေါ့လေ၊ တောက်ပြားကြီး ကြီးပွားကာစက လိုမျိုး။

ရွှေတိုက်စိုးခြေလှမ်းနဲ့ . . .။

❋ ❋ ❋

မော်တော်ကားက စက်ဘာဖြစ်သည်မသိ။ လမ်းဘေးမှာရပ်ပြီး ဒရိုင်ဘာ ဆင်းကလိနေရသည်။

ဦးကိုကိုအောင် ကားပေါ်မှဆင်းပြီး အနီးအပါးသို့ ခြေဆန့် လက်ဆန့်လမ်းလျှောက်နေစဉ် ပြဿနာက ခုန်ဝင်လာခြင်းဖြစ်သည်။

"ဘုန်း"

"အင့်"

ဦးကိုကိုအောင်ခမျာ "အင့်"ကနဲပင် ဖြစ်သွားရသည်။ စိတ်ထဲမှာ ထောင်းကနဲဖြစ်ပြီး ရှေ့တူရူကို ကြည့်လိုက်သောအခါ သူ့ကို ဝင်တိုက်လိုက်သူက ဆံပင်ရှည်ရှည် လူငယ်တစ်ဦး...။

"ဆောရီးဗျာ...။ ဆံပင်ရှည်နေတော့ ခင်ဗျားကို ကျွန်တော် မမြင်မိဘူး"

ဘာမှ အဓိပ္ပာယ်မရှိသောစကား ဖြစ်သည်။ သူ့ကို သက်သက်မဲ့ လာရန်စခြင်းဖြစ်နိုင်သည်။

"အေး ဆံပင်ရှည်နေရင် လမ်းထွက်မလျှောက်သင့်ဘူးကွ"

"ဟာဗျာ...ခင်ဗျားကလည်း လမ်းလျှောက်ရင်း ဆံပင်တွေရှည်လာတာကျတော့ကော..."

ဦးကိုကိုအောင် ဘာပြန်ပြောရမလဲမသိ ဖြစ်သွား၏။ ထိုစဉ်မှာပဲ လူငယ်ကဆက်၍

"ခင်ဗျားကိုကြည့်ရတာ ဂုဏ်သရေရှိ လူကြီးလူကောင်းနဲ့ တူတယ်"

လူငယ်က သူ့ကို တမင်တကာ ဘုလာတောနေသလားမသိ။ ဦးကိုကိုအောင်က စိတ်ကိုထိန်းရင်း...

"မင်းကို ငါ အဲဒီလိုလည်း မပြောရပါလား"

"ဒါဖြင့် မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးလို့လည်း မငြင်းပါဘူး"

"ဟုတ်...ဟုတ်...မဟုတ်...ဟုတ်ဗျာ။ ခင်ဗျားနဲ့ကျွန်တော်နဲ့ ချမလား"

"ဘာကွ"

ဦးကိုကိုအောင် မျက်လုံးပြူးဖြင့် ပြန်ကြည့်သောအခါ လူငယ်က လက်သီးနှစ်လုံးကို ဇော့ရမ်းကာ ဟန်ရေးပြ၏။

"ခင်ဗျားနဲ့ကျွန်တော် လက်သီးထိုးပွဲတစ်ပွဲလောက် နွှဲရ



http://www.cherrythitsar.org

အောင်...”

ဒေါသအဟုန်ကြောင့် ဦးကိုကိုအောင်၏ နှုတ်ခမ်းမွေးကပင် လျှင် ကတုန်ကရင် ကြွမောက်လာ၏။

လူငယ်က မခိုးမခန့်ရယ်ဟန်ပြုလျက်...

“ဟင်း...ဟင်း၊ ယောကျ်ားတွေပဲဗျာ။ ကြည့်လို့ကောင်းမှာ ပါ။ ကဲ...စလိုက်ကြရအောင်။ တစ်...နှစ်...သုံး”

ထိုသို့ပြောပြီးပြီးချင်းမှာပင် “ခွပ်” ကနဲ မြည်သံနှင့်အတူ လူငယ်ခွေကျသွား၏။

သူက ဦးကိုကိုအောင်ကို ထိုးရန် တစ်၊ နှစ်၊ သုံး ရေတွက်နေစဉ်မှာပင် ဦးကိုကိုအောင်က ဘာမှမရေတွက်ဘဲ ထိုးထည့် လိုက်သောကြောင့် ဖြစ်သည်။

လက်သီးက ပြင်းသည့်အပြင် မေးရိုးမှ ချက်ကောင်းနေရာကို ထိသွားသောကြောင့် လူငယ် ပြန်မထနိုင်တော့ချေ။

“ဟာ ဘယ်လိုဖြစ်ကြတာတုန်း”

ဒရိုင်ဘာက ခုမှအပြေးအလွှားရောက်လာပြီး ဘုမသိ ဘမသိ လူငယ်ကို ဆွဲထူသည်။ ပထမတော့ လူငယ်က ပျော့ခွေကာ ပါလာ ခြင်းဖြစ်သည်။ နောက်မှ သတိတစ်ချက်ဝင်လာပုံရသည်။ သူ့ကို ထူမပေးနေသော ဒရိုင်ဘာကို ဝိကနဲ ထိုးထည့်လိုက်သည်။

“ဟော့...အင့်”

ဦးကိုကိုအောင်က ဒရိုင်ဘာကို လက်သီးချက်မှ လွတ်အောင်



http://www.cherrythitsar.org

ဝင်ဆွဲလိုက်သည်။ ဒရိုင်ဘာက လွတ်သွားပါသည်။ သို့သော် ထို လက်သီးက ဦးကိုကိုအောင်၏မေးရိုးကို တန်းတန်းမတ်မတ် ပြေးဝင် သွား၏။ ဦးကိုကိုအောင် ခွေကျသွားသည်။ ထိုးပြီးပြီးချင်းမှာ လူငယ်လည်း ပြန်လဲကျသွားသည်။

"ဟောဗျာ..."

သူတို့နှစ်ယောက်ကိုကြည့်ပြီး ဒရိုင်ဘာ ခြေမကိုင်မိလက် မကိုင်မိ ဖြစ်နေရတော့၏။

"ဆရာ...ဆရာ"

ဦးကိုကိုအောင်ကို သတိဝင်အောင် လှုပ်ခေါ်နေစဉ်မှာပဲ စက် ဘီးတစ်စီးနှင့်အတူ လူငယ်နှစ်ယောက် ရောက်လာ၏။

"ဟာ ဘယ်လိုဖြစ်ကြတာတုန်း"

သူတို့က ဒရိုင်ဘာနှင့် ဦးကိုကိုအောင်ကို အကဲခတ်ရင်း လဲနေသောလူငယ်ကို ဆွဲထူကြ၏။

"ထူးမြတ်၊ ဟေ့ကောင် ထူးမြတ်၊ ထူးမြတ်ကျော်ခေါင်"

"ဆရာ...ဆရာ ဦးကိုကိုအောင်..."

ကိုယ့်လူကိုယ် သတိလည်အောင် ပြန်လုပ်ရ၏။ လူငယ်နှစ်ဦး စလုံးက ဒရိုင်ဘာကို လှမ်းမေးကြ၏။

"ဘယ်လိုဖြစ်ကြတာတုန်း"

ဒရိုင်ဘာကလည်း မဖြေတတ်ချေ။

"ကျုပ်လည်းမသိဘူး။ သူတို့ကိုပဲ မေးကြည့်ရမှာပဲ"



http://www.cherrythitsar.org

ထိုသို့ဖြင့်...

"ထူးမြတ်...ဟော့ကောင် ထူးမြတ်"

"ဆရာ...ဆရာ ဦးကိုကိုအောင်"

ညနေကတော့ ညနေပဲဖြစ်၏။ တိမ်တွေကသာ စက်ဆီတွေ ပေကျံထားသလို မဲပုတ်ပုတ်ဖြစ်နေလေသည်။

❋ ❋ ❋

၁

“ဟာကွာ”

ကိုအောင်က မကျေမချမ်း ညည်းတွားရင်း ဇေယျနှင့်မြင့်သူကို ဘုကြည့်ပြန်ကြည့်၏။

“မင်းတို့က ဘလိုင်းကြီး...ငါနဲ့ဘာဆိုင်လို့လဲ”

“ဆိုင်နေပါရောလား။ ဒီ ဦးကိုကိုအောင်ဆိုတဲ့ လူကြီးက မင်းနဲ့ ဘယ်လိုပတ်သက်သလဲကွ”

“ဘာလဲကွ...ဘာလို့ပတ်သက်ရမှာလဲ။ ငါ့ကို ကိုအောင်လို့ ခေါ်ကြပေမယ့် ငါ့နာမည်အရှည်က အောင်သက်ထွေးပဲဟာ။ ဒီဦးကိုကို အောင်နဲ့ ငါနဲ့က ဘာဆိုင်လို့လဲ”

ဇေယျနှင့် မြင့်သူက ခေါင်းကို အသာခါနေသည်။

“နာမည်အရတော့ ဦးကိုကိုအောင်ဆိုတဲ့လူက မင်းအကြီးစား ကြီးဖြစ်နေတယ် ကိုအောင်။ မင်းတို့ချင်း ဆက်နွယ်မှုတော့ ရှိကို



http://www.cherrythitsar.org

ရှိရမယ်”

ကိုအောင် အတော်စိတ်ညစ်နေလေပြီ။ မြင့်သူနှင့် ဇေယျာက မျက်နှာကို တည်ထားရင်း စိတ်ထဲမှာ ရယ်ချင်လိလိဖြစ်နေသည်။ ကိုအောင့်ကို ချန်ထားပြီး သူတို့ချင်းသာ စကားဆက်ပြောနေလိုက်ကြ၏။

“နှင်းတို့အဖေက အတော်ရင့်တာပဲကွ...နော်။ ရရင် ခိုးသွားဆိုပြီး အပြတ်ကြေညာရဲတာ နည်းနည်းနောနော အရည်အချင်း မဟုတ်ဘူး...”

“အေး...သူ့ဘက်က ပိုင်လို့ဖြစ်မှာပေါ့”

“ဘာတွေပိုင်သလဲ၊ ဘယ်လောက်ပိုင်သလဲ၊ စမ်းတော့ စမ်းကြည့်ရမယ်”

“ဒါပေါ့။ စမ်းတော့ စမ်းကြည့်ရဦးမှာပေါ့။ တွေ့ကြသေးတာပေါ့”

ပြောပြီး နှစ်ယောက်သား ရယ်လိုက်ကြ၏။

“အဲဒီတော့ ဂျိုကာက နှင်းကို ခိုးပြေးမှာလား”

ဟု ကိုအောင်က ဝင်မေး၏။ နှစ်ယောက်စလုံးက ကိုအောင့်ကို အရေးမလုပ်ချေ။ မကြားချင်ယောင်ဆောင်နေကြသည်။ ပြီးမှ သူတို့ချင်း စကားဆက်၏။

“နေပါဦး၊ ဂျိုကာက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာပြောလဲ”

“ဟင့်အင်း၊ ဘာမှ သေသေချာချာမပြောသေးဘူး။ ဒီကောင်



http://www.cherrythitsar.org

နဲ့တောင် မတွေ့တာ နှစ်ရက်ရှိပြီ”

“အေး...ဒီကောင်က ဘယ်ပျောက်နေတာပါလိမ့်၊ ငါနဲ့လည်း မတွေ့ဖြစ်ဘူး။ ခုမှ သတိရတယ်”

ကိုအောင်က ခွင်ဝင်လာပြီဟု ယူဆသောကြောင့် မြင့်သူနှင့် ဇေယျကို ဝင်ငေါ့၏။

“ဂျိုကာ...ဦးဂျိုကာဆီသွားတာ နေမှာပေါ့။ နှင်းကိုရအောင် ခိုးနိုင်ဖို့လေ...”

မြင့်သူနှင့် ဇေယျက ကိုအောင့်ကို စိုက်ကြည့်လိုက်၏။

“ဘာကြည့်တာလဲ”

ကိုအောင် မနေတတ်ချေ။ မြင့်သူနှင့် ဇေယျက တည်တည် ကြီးနှင့်ပင် ဆက်ကြည့်မြဲကြည့်နေ၏။ ကိုအောင် ရှုံးတိုးရှုန့်တန့်ဖြင့်

“ဘာလဲ၊ မင်းတို့က ဘာကြည့်တာလဲ”

မြင့်သူနှင့် ဇေယျက အတန်ကြာမှပင် အကြည့်ကို ရုတ်သိမ်း သွားကြ၏။ ကိုအောင့်ကို စာရင်းမသွင်းသလို သူတို့ချင်းပဲ စကား ဆက်ပြောနေကြတော့၏။

“ဘာပဲပြောပြောလေ...စိန်ခေါ်ပွဲဆိုတာတွေကတော့ ကြည့် ကောင်းတတ်ပါတယ်”

❋ ❋ ❋

"ဘယ်လိုမှ ကြည့်လို့မကောင်းပါဘူးဗျာ။ ဒီလောက်လှတဲ့ ကောင်မလေးနဲ့ မဲမဲပြဲပြဲ စီးပွားရေးသမားကြီးနဲ့..."

ကဗျာဆရာ အေလင်းချိုက ရှုံ့ရှုံ့မဲ့မဲ့ပြော၏။ မိုးစက်ကလည်း မဲ့ပြုံးနှင့်အတူ ခေါင်းညိတ်ပြလိုက်သည်။

"ပြောလို့ပြောတာ မဟုတ်ဘူးဗျ၊ ကိုသီဟနဲ့ဆိုရင်တော့ အတော့်ကိုလိုက်မှာ၊ သိပ်ကြည့်ကောင်းမယ့်အတွဲ..."

"အစစ်ပေါ့ဗျာ။ ကျုပ် ကဗျာတစ်ပုဒ် ရေးဖူးတယ်။ ကဗျာခေါင်းစဉ်က "နတ်ဖန်ဆင်းတဲ့ နှင်းကိုမြင်တယ်" တဲ့။ ကိုသီဟကို ရေးပေးရဦးမယ်။ နှင်းဆီဖြူကို ရွတ်ပြလိုက်လို့..."

အကြော်ဆိုင်တစ်ဆိုင်လုံးမှာ သူတို့ကဗျာဆရာအုပ်စုသာ



http://www.cherrythitsar.org

ရှိသည်။ သူတို့အုပ်စု ထိုင်နေကျ အကြော်ဆိုင်လည်းဖြစ်၏။

ဒီနေ့ စကားဝိုင်းမှာတော့ "နှင်းတရားစီရင်ခန်း" ကို သူတို့ရရှိထားသော သတင်းအချက်အလက်များဖြင့် ချမှတ်နေကြခြင်းဖြစ်၏။

"နေဦး၊ နှင်းဆီဖြူကကော အပြင်ကို အသွားအလာ ကြဲသွားပြီလား။ အရင်လို ပုံမှန်ပဲလား"

"ပုံမှန်ပါပဲ။ တစ်ခုရှိတယ်နော်။ သူ့အဖေနဲ့ ကိုသီဟနဲ့ အဲဒီလို စကားအပြောအဆို ရှိထားခဲ့တယ်ဆိုတာကို နှင်းဆီဖြူက သိရဲ့လား တောင်မသိဘူး။ ကျွန်တော်ကတော့ ဇဝေဇဝါဖြစ်နေမိတယ်။ နှင်းဆီဖြူကို သူ့အဖေက ပြောချင်မှပြောမှာ"

စကားဝိုင်းလေး ခေတ္တတိတ်ဆိတ်သွားပြီ။ ပြီးမှ တစ်ဦးက သတိတရမေး၏။

"နေပါဦး၊ ကိုသီဟ အခုဘာလုပ်နေလဲ"

"ရွာပြန်သွားတယ်တဲ့ သူ့အမေရွာကို…"

"ဟင်…တကယ်လား"

"တကယ်ပါပဲဗျာ…မကြာမီ ပြန်လာမယ်တဲ့ ပြန်ရောက်တော့မှာပါ…"

ဘာရယ်မဟုတ်ဘဲ ဝိုင်းရယ်ဖြစ်ကြ၏။ သီဟသစ်ကိုလည်း အံ့ဩသလို နားလည်ရခက်သလို ဖြစ်သွားကြသည်။ အေလင်းချိုက ခေါင်းကို အဓိပ္ပာယ်ရှိရှိ ယမ်းခါရင်း…

"ခေါင်းရှိပြီး ဦးထုပ်မရှိသူနဲ့ ဦးထုပ်ရှိပြီး ခေါင်းမရှိသူတို့



http://www.cherrythitsar.org

ရဲ့ ပြိုင်ပွဲပေါ့ဗျာ။ ဘယ်လိုဆက်လာမလဲမသိဘူး။ ငွေရောင်ပိတ်ကား ပေါ်မှာ ဆက်ကြည့်ရမှာပဲ။ ကိုယ်တိုင်လည်း ဝင်ပါသင့်ပါရမယ်..."

သူ့စကားကို သဘောကျပြီး ဝိုင်းရယ်ဖြစ်ကြပြန်သည်။ အေလင်းချိုက ရေနွေးကြမ်းပန်းကန်ကို မော့သောက်ရင်း

"ကျုပ် အတည်ပြောနေတာ"

ဟု ထပ်ပြော၏။ ထို့နောက်မှ မိုးစက်ဆီ မျက်နှာမူရင်း...

"နှင်းဆီဖြူတို့အဖေက ဦးမောင်မောင်နော်..."

စကားလမ်းကြောင်းက ဦးမောင်မောင်ဆီ ရောက်သွားကြသည်။ ဦးမောင်မောင်နှင့်ပတ်သက်၍ သိထားသမျှကို တုန့်လှယ်ဆွေးနွေးကြ၏။ ထိုသို့ဖြင့်ပင် ဆလတ်ရွက်ပဲ မကောင်းလို့လား။ အချဉ်ရေကပဲ မသန့်လို့လား၊ သို့တည်းမဟုတ် သူတို့ကပဲ ပဲကတ်ကြော်ကို ဦးမောင်မောင်နှင့် တို့စားလိုက်မိ၍လားမသိ။ အိမ်ပြန်ရောက်သောအခါ သူတို့အားလုံး ဝမ်းတွေလျှောကြပါလေတော့သည်။

❋ ❋ ❋

"အချိန်က သိပ်မရှိတော့ဘူးကွ၊ သီဟဘက်က ကစားကွက်သိပ်ဖော်နေလို့ မရတော့ဘူး . . ."

ဟု ဆွေဦးက ပြော၏။ ဝင်းမြင့်ကလည်း ချက်ချင်းပင် ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်တယ် . . . သီဟဘက်က လျှပ်တပြက်ထိုးဖောက်ပြီး ဂိုးသွင်းဖို့ပဲရှိတယ်။ မထင်မှတ်တဲ့အကွာအဝေးကနေ လှမ်းကန်ပစ်လိုက်ရင် အကောင်းဆုံးပဲ"

"အဲဒီလို ဂိုးသွင်းဖို့ဆိုတာကတော့ ***Kick Power*** အတော်



http://www.cherrythitsar.org

ပြင်းဖို့လိုတယ်ကွ”

ကျော်တင့်၏စကားအဆုံးမှာ သုံးယောက်သား အတွေးကိုယ်စီနှင့် ငြိမ်သွားကြသည်။

ဝင်းမြင့်က ချိန်ချိန်ဆဆ ထပ်ပြောလာ၏။

“ဂိုးစည်းနားထိ ဆွဲယူဖို့ကလည်း အတော်စွန့်စားရမယ်”

“ဟုတ်တယ်။ အခန့်မသင့်ရင် လူကျွံဘောဖြစ်ဦးမယ်”

“နေဦး...နေဦး...သီဟကရော ဒီဘောလုံးကိုကန်မှာ ဟုတ်ရဲ့လား”

“မနက်က တွေ့ခဲ့တာတော့ အေးအေးဆေးဆေးပဲ။ ရွာက ပြန်ရောက်တာ တစ်ရက်ပဲရှိသေးတယ်တဲ့။ ဒါပေမယ့် ကြည့်ရတာ ကန်မယ်ထင်ပါတယ်...”

“အေးလေ...သီဟက လူတော်ပါ။ သူ့မှာ သူ့အစီအစဉ်ရှိမှာပေါ့...”

တစ်ယောက်တစ်ပေါက် လျှောက်ပြောနေမိကြ၏။ စကားတွေဝေ့လည်နေသည်။

သူတို့တွေ အတော်လည်း စိတ်ဝင်တစား ဖြစ်နေမိကြ၏။

နောက်ဆုံးကျမှ ကျော်တင့်က အဓိကကျသောစကားကိုဆို၏။

“ပွဲကကော စနေပြီလား။ ကန်လို့ရပြီလား”

“ရတယ်လေ...ဝိစိမှတ်ထားပြီးသားပဲဟာ...”

မိုးကုတ်စက်ဝိုင်းလှလှကြီးက ခါးပြတ်နေပြီ။ အဝေးဆီမှာမြူခိုး



http://www.cherrythitsar.org

ပြာပြာတွေ မျောလွင့်နေ၏။ ညနေရီပန်းတို့က ပွင့်လန်းရန် တဖျတ်ဖျတ် အားယူနေကြသည်။

"ပန်းဆိုတာ အချိန်တန်ရင် ပွင့်မှာပဲ" ဟု ဆွေဦးက ရိုးရိုးကလေး ပြောဖြစ်လေသည်။

❋ ❋ ❋

ဒီလိုနဲ့ပဲ
မိုးသည်းသည်းကြွေ ဆောင်းနေ့တွေကို
မျှော်ရည်လွမ်းမောင့် မျက်လုံးတွေ ဆုံးခဲ့တယ်။

ဒီလိုနဲ့ပဲ
မျက်လုံးတွေ ပြန်ယူဖို့ အခါအခွင့်စောင့်နေခဲ့စဉ်
နှုတ်ဖန်ဆင်းတဲ့ နှင်းကိုမြင်တယ်။

နှင်းကတော့ သူမတို့ကိုမမြင်ပါချေ။ ယဉ်ယဉ်မင်းနှင့် ကြည်ကြည်ဝေကသာ အအေးဆိုင်တစ်ဆိုင်အတွင်းမှနေ ငေးကြည့်ရင်း ပင့်သက်ကိုလည်း မသိမသာ ရှိုက်လိုက်မိကြသည်။

ဗိုလ်ချုပ်ဈေးသစ်ထဲမှာ ဖြစ်ပါသည်။

အသုံးလိုသောပစ္စည်းတစ်စုံတစ်ရာကို နှင်းလာဝယ်ခြင်း ဖြစ်ပါလိမ့်မည်။

ထူးခြားသည်က အခြွေအရံတွေ များနေခြင်းပင်ဖြစ်သည်။ ဆွေမျိုးသားချင်းတွေထဲမှ အမျိုးသမီးများ၊ သူ့အဖေကုမ္ပဏီမှ ကောင်မလေးများအပြင် ဦးကိုကိုအောင်၏ တပည့်တပန်းအချို့က

လည်း အပျော်တမ်းလိုလိုဖြင့် ရယ်ရင်းမောရင်း လိုက်ပါလာသေးသည်။

တည်ကြည်ငြိမ်သက်သလိုဖြစ်နေသော နှင်းမျက်နှာလှလှလေးကို လှမ်းကြည့်ရင်း ယဉ်ယဉ်မင်း၏ရင်ထဲမှာ ဆူးတွေ ပျို့တက်လာသလို ခံစားရသည်။ နှင်းအနားမှာ မိတ်ဆွေမျက်နှာဖုံးတပ်ထားသော သူယောင်တော်များကိုလည်း ချဉ်ချဉ်တူးတူးပင် မုန်းမိလေသည်။

"လူတွေနော်...သခင်အားရ ကျွန်ပါးဝ သိပ်လုပ်ချင်ကြတာပဲ"

"လူဟာ ရွံ့စရာအကောင်းဆုံး သတ္တဝါပဲတဲ့။ ကျောကုန်းကို လက်နဲ့သပ်ပေးရင် မျက်နှာကြီးက ပြုံးလာတတ်တယ်တဲ့။ မွေးလို့လည်းကောင်းတယ်တဲ့..."

"အေးလေ...ကြည့်ပါလား။ အပြုံးတွေကိုက လေနဲ့ဝမ်းနဲ့ မကွဲတဲ့အပြုံးတွေ...။ နှင်း သနားပါတယ်"

မြင်ကွင်းထဲမှ နှင်းတို့ပျောက်သွားပြီး အချိန်အတော်ကြာသည်အထိ ယဉ်ယဉ်မင်းနှင့် ကြည်ကြည်ဝေတို့ အအေးဆိုင်ထဲမှာ ဆက်ထိုင်နေမိကြသည်။ ဘာစကားမှတော့ ဆက်မဆိုဖြစ်ကြ။ တိတ်ဆိတ်လျက်...။

❋ ❋ ❋

တိတ်ဆိတ်လျက်၊ နှုတ်ခမ်းပါးလေးကို တင်းတင်း ဖိကိုက်ထားကာ လက်ထဲမှ မွေးနေ့ဖိတ်စာကဒ်လေးကို နှင်းငေးကြည့်နေမိသည်။ အသော့ဆန်သော ယောကျ်ားလေးလက်ရေးတစ်ခုက ဖိတ်စာထောင့်ဖက်မှာ ၁၅၀၀ ဟူသော နံပါတ်ကို ဖြည့်ထားသည်။ နှင်း၏ရင်ထဲမှာ ဝမ်းနည်းဝမ်းသာ... ကြေကွဲဆို့နင့်သလို ခံစားနေရ၏။

"သူက တစ်ခုတောင်းဆိုလိုက်တယ်"

ဘာမှတော့ မဟုတ်ပါဘူး။ သူ့ခေါင်းမှာ ပန်းနုရောင်လေးကို ကျွန်တော်စည်းနှောင်ပေးတော့ သူဟာ မျက်လွှာချထားရင်း ငြိမ်သက်နေတယ်။ လေတွေ တသုန်သုန်တိုက်နေရင်း ပန်းရနံ့တစ်ခုက ရင်ထဲခိုက်အောင် မွှေးခဲ့လေရဲ့။ ညနေဟာ အလင်းပြာတွေနဲ့ညို့ဝေ...။ ဘာစကားမှလည်း မပြောဖြစ်ကြပါဘူး။ သူ...ပြန်သွားတော့ ကျွန်တော်ကျန်ရစ်စေ...။

နှင်းရေ...

✺ ✺ ✺

http://www.cherrythitsar.org

✷ ထိုသို့ဖြင့်ပင် ငါတို့ဝေးကြတော့မည် ထင်ပါသည် ချစ်သူ...၊

✷ ငါတို့၏ ခွဲခွာချိန်တွင် ကျောက်နှင်းဆီတို့သည် မြရွက်ကိုပန်ရင်း မြောက်ပြန်လေထဲ ကြွေကျသွားကြလိမ့်မည်။ လောကသည် နီမှိုင်းနေအံ့။ အရာရာသည် တုန်ဖျော့အိုမင်းကာ ငါတို့ကို မျက်စိမှိတ်လိုက်ကြပါလိမ့်မည်။

✷ မြူတွေကို ဖွားကနဲဖောက်ခွဲရင်း ပြိုကွဲနေသော ဆောင်းရာသီသည် အဝေးခေါင်းလောင်းကို ကိုက်ချီပျံသန်းလာလိမ့်မည်။ ခေါင်းလောင်းသံကို ငါတို့ကြား၏။ သို့သော် ခေါင်းလောင်းသံသည် ငါတို့ကို မကြား။ ခေါင်းလောင်းသံဖြင့် ငါတို့သွားကြမည်။ သို့သော် အတူကားမဟုတ်။ တစ်ယောက်တစ်နေရာဆီ။

✷ ငါတို့နှုတ်ဆက်ကြရလိမ့်ဦးမည်။ ထိုအချိန်သည် ပြတ်အံ့



http://www.cherrythitsar.org

မူးမူး ဂစ်တာကြိုးကလေး၏ နောက်ဆုံးအချိန်နှင့် တူလိမ့်မည်။ အချို့က ငါတို့ကို သနားကြဦးမည်။ အချို့ကြောင့် ငါတို့လည်း သနားခံရဦးမည်။ ရာဇဝင်တွေက သူတို့၏မျက်နှာထက်မှာ အလံနက်ကို တစ်ဝက်စီလွှင့်ထူကြလိမ့်မည်။ ငါ့ရင်အုံသည် တောင်ကုန်းဂမူ မဟုတ်။ သို့သော် ထိုအလံက ငါ့ရင်အုံမှာစိုက်ပြီး ပျံလိမ့်မည်။ သေချာနေခဲ့ပြီ။

✷ တိမ်ခက်တို့သည် မလှပ၊ ဆောက်ချက်လွန်ထားသော ပန်းပုရုပ်ကို အပြာရောင်သွေးတွေစိုသည်။ ဖရိုဖရဲနှင့် ကောင်းကင်မှာ ကျကွဲသည်။ ငါပြောချင်သော စကားတစ်ခွန်းရှိ၏။ သို့သော် ထိုစကားသည် ရင်ဘတ်ဆောင့်တွန်းခံရပြီး လဲကျသွားသည်။ ငါ**...**ဘာမှ မပြောဖြစ်တော့။ မတ်တပ်ရပ်ပြီး လမ်းမှာရယ်မယ်။ အက်ကွဲစွာ**...**။

✷ ငါထူသော ကံ့ကော်ကျောက်တိုင်တစ်ခုရှိသည်။ ထိုကျောက်တိုင်သည် အကိုင်းဖြာ၏။ အပွင့်ဝေ၏။ ငါက မခူး။ ထို့ကြောင့် ငါ့ကို ခူးကြပြီ။ ဆောင်းလက်ချောင်းများနှင့်ပင် ငါ ဆုတောင်းဖူးပြန်၏။ သို့သော် ငါ့အတွက်ပွင့်သော တံခါးတို့မရှိကြ။ ငါ မှောင်သည်။ ငါ လွမ်းသည်။ အိုဘယ့်ချစ်သူရယ်**...** ဟု ငါမြည်တမ်း၏။ ထို့နောက် ငါ့နှုတ်ခမ်းကိုသာ ငါကိုက်စားရတော့သည်။

✷ ချစ်သူ၏မျက်တောင်နက်သည် ငါ့အတွေးတွေကို အုပ်စိုးသော မိုးဓားတစ်လက်ဖြစ်၏။ ငါ**...**အခါခါရိုကျိုးရင်း ပျော်မွေ့ခဲ့ဖူး



http://www.cherrythitsar.org

သည်။ ခုအခါ ငါ့ဒဏ္ဍာရီတစ်ပုဒ် မီးလောင်၏။ မှော်ပညာမြောက်သော မျက်ရည်အစက်စက်တို့က ကောင်းကင်အထပ်ထပ်ဖြင့် ငါ့ကိုရွာသည်။ မီးငြိမ်းသည်။ သို့သော် ငါကား မငြိမ်းတော့ချေ။

✱ လေဆန်တွေတိုး၏။ ဂြိုဟ်တွေအုပ်စုလိုက် ကြွေ၏။ ရွှေဖိနပ်မှာ အစိမ်းရောင်ကြက်ခြေခတ်နဲ့ကောင်မလေး ငါ့ကိုစတေး ထားခဲ့ပြီလား။ ငါသည် ငါ့ဒိုင်ယာရီကြားမှာ ပြန်ညပ်နေသောဝါးရွက် ခြောက်ကလေးသာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် အသေခံပြီး ငါဆက် ချစ်သွားဦးမည်။ အို…ချစ်သူ…၊ ဒီခင်တန်းမှာ ချမ်းမြေ့ဖြူစင်ပါစေ။

✱ သစ္စာတွေ ငါဆိုမည်။ အလင်းလျော့ပြေချိန်တိုင်းမှာ 'နှင်းရေ…နှင်းရဲ့…' ဟု အော်ပစ်လိုက်မည်။ 'ရင်ကွဲသံ' ဖြစ်၍ မျက်စောင်းတို့ဖြင့် ခြံရံသည့်တိုင် ချိုမည်မထင်။ လူ့သမိုင်းထဲက အကျအဆုံးနည်းနည်းနဲ့ စစ်ရှုံးခဲ့သူဟူသမျှ ငါတို့ထက် ကံကောင်းကြ ၏။ ငါတို့အတူရပ်နေကြမည်။ သို့သော် ငါတို့မတူခြားနားစွာ ရပ်နေ ကြခြင်းလည်းဖြစ်မည်။ အို…ချစ်သူ…

✱ ခွဲကြတော့မည်လား၊ လက်တွဲမဖြုတ်ခင်အထိတော့ လက်ချင်းမြဲမြဲဆုပ်ခဲ့ချင်သည်။ ရင်ခတ်နှုတ်ခမ်း အလွမ်းဆံမျှင်တို့ လည်း ပျံ့လွင့်…၊ ထိုသို့ဖြင့်…

✱ ငါနှင့်ချစ်သူသည်…

✱ ✱ ✱

ရောမဆင်ကြီးတစ်ကောင်၏ ရုပ်ပုံဖြစ်၏။

လက်ရာမြောက်စွာ ရေးဆွဲထားသော ရုပ်ပုံတစ်ပုံလည်း ဖြစ်သည်။ ရုပ်ပုံထဲမှ ဆင်ကြီးသည် စိတ်ညစ်နေဟန်ရှိ၏။ ထိုင်ရမလို၊ ထရမလို ကုန်းကုန်းကွကွဖြစ်နေ၏။ ပုံအောက်ခြေမှာ စာရေးမထား၍ ဘာအဓိပ္ပာယ်ရှိလဲဆိုတာကိုတော့ ခန့်မှန်းရခက်နေလေသည်။

ထိုရုပ်ပုံကြီးကို အနုလုံပဋိလုံ စိုက်ကြည့်နေရင်း ဦးမောင်မောင်ဦး နှောက်ခြောက်နေမိသည်။

သူ့ကုမ္ပဏီရုံးခန်းတံခါးနားမှာ လာကပ်သွားခြင်းဖြစ်သည်။ ဘယ်သူလာကပ်သွားတာလဲ ...ဘာသဘောလဲ ...လို အပ်သော



http://www.cherrythitsar.org

အကြောင်းအရာများကို ဆက်စပ်စဉ်းစားနေစဉ် နောက်မှ ခြေသံကြားရ၏။

"ဆရာ"

"ဩော်...အေး ကိုကိုအောင်"

ဦးကိုကိုအောင်ရောက်လာခြင်းဖြစ်၏။ ဦးမောင်မောင်ကိုယ်ထက် ဆင်ရုပ်ပုံကြီးကို ဂရုတစိုက်ကြည့်ရင်းက...

"အဲဒီပုံကြီး ကျွန်တော့်အခန်းဝတံခါးမှာလည်း လာကပ်သွားတယ်ဆရာ"

ဦးမောင်မောင် မျက်မှောင်ကြုတ်ရင်း ခေါင်းညိတ်လိုက်၏။ ရုပ်ပုံကြီးကို ဆွဲဖြုတ်ပြီး အခန်းထဲသို့ တံခါးတွန်းဝင်လိုက်သည်။ ဦးကိုကိုအောင်က နောက်မှ ကပ်ပါလာသည်။

ကုလားထိုင်မှာသေချာထိုင်ပြီးမှ ပုံနောက်ကျောမှစာကို ဖတ်ရ၏။ သူ...ထိုစာကို ဖတ်နေစဉ်အတွင်း ကိုကိုအောင်က သူ့မျက်နှာကို မမိုတ်မသုန်ကြည့်နေကြောင်း ဦးမောင်မောင်သိသည်။

**ဆင်ကြီးသည် ကြီး၏။**
**တစ်ဖက်မှာ နှာမောင်းပါပြီး**
**တစ်ဖက်မှာ အမြီးပါသည်။**
**ခေါင်းနှင့်ဖင်ကို သူမခွဲတတ်။**
**ထို့ကြောင့် ဘယ်ဘက်နှင့်ထိုင်ရမည်လဲ မသိပါ။**

---

**မျိုး : ကျော် ● ၁ ၆ ဝ**

ကုန်းကုန်းကွကွဖြစ်နေလေသည်။

ဦးမောင်မောင်က ရုပ်ပုံစက္ကူကြီးကို လက်ထဲမှာ လုံးချေပစ်လိုက်သည်။ ဆေးပြင်းလိပ်ကို ပါးစပ်မှာ ပြင်ခဲလိုက်ရင်း

"ကိုကိုအောင် မနေ့က ကိစ္စတွေ ပြီးပြီလား"

"ဟုတ်ကဲ့...ပြီးပါပြီ။ ကျွန်တော် လုပ်စရာရှိတာတွေလည်း ဆက်လုပ်ပေးပြီးပါပြီ။ ဘန်ကောက်နဲ့ ကွာလာလမ်ပူကိုလည်း ဖုန်းဆက်ပြောပြီးပြီ။ အဲဒါတွေက ပြီးပါပြီ။ ကျွန်တော် တစ်ခုမေးမလို့"

"ဟို ဒီဆင်ရုပ်ကြီးက ဘာ..."

ဦးကိုကိုအောင်၏စကား မဆုံးလိုက်ချေ။ ဦးမောင်မောင်က သူ့ကို တစ်ချက်စိုက်ကြည့်ရင်း...

"ဘယ်က ဆင်ရုပ်လဲ..."

ပြောပြောဆိုဆို သူလုံးချေထားသော ရုပ်ပုံစက္ကူကြီးကို ထပ်လုံးပြလိုက်သည်။

"ဒါ စက္ကူစုတ်ကြီးပဲ..."

ထို့နောက် အမှိုက်ခြင်းထဲ လှမ်းပစ်လိုက်သည်။

"ဒါ အမှိုက်ပဲ"

ထို့နောက် စားပွဲပေါ်မှခလုတ်ကို နှိပ်လိုက်၏။ ဘဲလ် မြည်သံနှင့်အတူ လူငယ်တစ်ယောက် ဝင်လာသည်။ ဦးမောင်မောင်က ခိုင်းသည့်အတိုင်း အမှိုက်များကို သွားသွန်ပြီး ခြင်းကို ပြန်လာထားသည်။



http://www.cherrythitsar.org

"တို့ တစ်ခါသုံးဆေးထိုးအပ်တွေ သွင်းဖို့ကိစ္စ ပရောဂျက် စာရွက် ခုပါလာလား..."

"ဟုတ်ကဲ့...ပါပါတယ်"

"ဒါဖြင့်ရင်..."

ဦးမောင်မောင်က (ဘယ်အရာကမှ ဘာမှမဖြစ်သလို) အလုပ်ကိစ္စတွေကိုသာ ထောင့်စေ့အောင် လျှောက်ပြောသွားသည်။ ဆရာ့ကို ကြောက်၍သာ ငြိမ်နေလိုက်ရသော်လည်း ဦးကိုကိုအောင်ရင်ထဲမှာ မရှင်းလှ။ ရေနံဆီထဲ ထည့်စိမ်ခံထားရသော ရာဘာကွင်းတစ်ခုပမာ အိပွပွ ခံစားနေရသည်။ ခဏအကြာမှာ ဦးမောင်မောင်က စကားစ ဖြတ်သည်။

"ကဲ...ကဲ မင်းလည်းပြန်တော့။ လုပ်စရာရှိတာ ဆက်လုပ်"

"ဟုတ်ကဲ့..."

ပလက်ဖောင်းပေါ်အရောက် ကားလမ်းတစ်ဖက်ကို ဖြတ်မကူးမီ ဦးကိုကိုအောင် တိုက်ပုံအင်္ကျီအိတ်ထဲ လက်နှိုက်၏။ ပြန်ထုတ်၏။ လက်ထဲမှာ ဓာတ်ပုံတစ်ပုံ ပါလာသည်။

ဓာတ်ပုံထဲမှာ နှင်းဆီဖြူကို လူငယ်တစ်ယောက်က ခေါင်းစည်းပုဝါကလေး စည်းပေးနေ၏။ တစ်ယောက်ကိုတစ်ယောက် အတော်ချစ်ကြပုံရသည်။ ထိုဓာတ်ပုံရကာစမှာ သူ အတော်စိတ်လှုပ်ရှားခဲ့ရပါသေး၏။ ဓာတ်ပုံ၏နောက်မှာ စာရေးထားသည်။



http://www.cherrythitsar.org

အချစ်နှင့်စစ်မှာ တရားခြင်း၊ မတရားခြင်းမရှိ။
သို့သော်
လူနှင့်လောကမှာ တရားခြင်း၊ မတရားခြင်းရှိသည်။
လူသည် တရားခြင်း၊ မတရားခြင်းကိုသိသည်။
လောက၌ တရားသောလူတို့လည်း ရှိကြသည်။
မတရားသော လူတို့လည်း ရှိကြသည်။
မိတ်ဆွေ...
ဘယ်စာရင်းမှာ သင့်နာမည်ကို ရေးချင်ပါသလဲ...။

ခတ်ပုံကို တိုက်ပုံအိတ်ထဲ ပြန်ထည့်ပြီး ခေါင်းပြန်အမော့မှာ တိုက်နောက်ဖေးလမ်းကြားမှ ပလတ်စတစ်ကောက်သော ကုလားလေးများနှင့် မျက်လုံးချင်းဆုံသည်။

သူ့ကားလေးရပ်ထားရာဆီ သွက်သွက်လက်လက် လျှောက်လာခဲ့၏။ တစ်နေရာရာမှာတော့ တစ်ခုခုမှားနေသည်ဟု သူထင်သည်။

ကားမောင်းထွက်လာခဲ့သည်။ ရင်ထဲမှာ မလန်း။ သူ့နှလုံးသားကို ပလတ်စတစ်ကောက်သော သံချွန်ကြီးဖြင့် ဆွဲယူသွားသလို ခံစားရသည်။ ပဲလှော်နှင့် လဲစားကြတော့မည်ထင်ပါသည်။

ဦးကိုကိုအောင် သက်ပြင်းရှည်ကြီးကို ချလိုက်မိ၏။



http://www.cherrythitsar.org

ဦးကိုကိုအောင် အခန်းထဲက ထွက်သွားပြီး အတော်ကြာမှ ပင် အလုပ်ထဲမှာ စိတ်ဝင်စားနေသယောင် ဟန်ဆောင်ထားသော ဦးမောင်မောင် ခေါင်းပြန်မော့လာသည်။ စိတ်မပါ လက်မပါ ဟိုဒီ ငေးရင်း စားပွဲအံဆွဲကို ဖွင့်သည်။ စာရွက်တစ်ရွက်ကို ထုတ်လိုက် သည်။ စာရွက်ပေါ်မှာ ရှိနေသည်က ဒွေးချိုးကဗျာတစ်ပုဒ်။

နောက်တစ်ခါ
မွေးပါနဲ့ သမီးလှ။
ကြီးပွားရေးနောက်ကျမှာစိုးလို့
စီးပွားရေးအပေါက်ဝဆီက
သဟောက်သဟပေါ့ဗျာ...သမီးချောလေးကိုဖြင့်
အောက်ကျစွာ အီးဘောလောဆီပေးတာကြောင့်
ဝေးရပြီ သည်မောင်များမှာလေ
ဝမ်းသွားနေရ...။
(ဟာ...ဟာ)



http://www.cherrythitsar.org

ကိုယ့်ဒုက္ခကိုယ်ရှာပြီး ပြန်ဖတ်နေမိသေး၏။ ဖတ်နေရင်းနှင့်ပင် ကိုယ့်ဒုက္ခကိုယ်တွေ့လေသည်။

ကဗျာအဆုံးမှာ ဆန်းနော့ဘစ်ချ်ဟု အင်္ဂလိပ်လို ဆဲလိုက်၏။

"စက္ကူစုတ်ပါ" ဟု စိတ်ထဲကဖြေရင်း စာရွက်ကို လုံးလိုက်သည်။ "အမှိုက်ပါ" ဟု စိတ်ဖြေရင်း ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။ ဘဲလ်တီးလိုက်၏။ ဝင်လာသော လူငယ်လေးကို အမှိုက်ခြင်းယူသွားဟု ခိုင်းလိုက်သည်။ သို့သော် စိတ်ထဲမှာ အဖုအထုံးတို့က မကျေသေး။ ကဗျာလေးက ကုလားထိုင်မှာ အခန့်သားထိုင်ကျန်ပြီး သူက အမှိုက်ခြင်းထဲမှာ ဆောင့်ကြောင့်ကြီးထိုင်ပါသွားသယောင် ...ခံစားနေရသေးသည်။

❋ ❋ ❋

ချစ်သူ . . .

သူ့ကို သတိရမိသည့်အခါတိုင်း အလွမ်းသည် ရိုင်းကြမ်းခက်ထန်လွန်း၏။

ဘီလူးကောင်းကင်မှ ရွာချသော အနက်ရောင်အလင်္ကာများဖြင့် သူမတစ်ကိုယ်လုံး ရွှဲလူးနစ်စိုခဲ့သည်။

မြေအောက်မှ မြေအောက်သို့ ကြွေသောကြယ်ပွင့်များကိုလည်း လေပြည်သံတဝေါဝေါကြားမှာ တွေ့မြင်နေရ၏။ အိပ်မက်ထဲ ထွက်သွားသည်။

အမိုက်သူမကို ချန်ထားရစ်၏။ ဆောင့်ဖြုတ်ခံရသော ဂစ်တာကြိုးတစ်ချောင်းပမာ သူမ ပြတ်တောက်ကွေးလိပ်ခဲ့ရသည်။



http://www.cherrythitsar.org

မြက်ခင်းပေါ်မှာ သူမ လဲလျောင်းလျက်...

အဝေးကြီးဆီမှ ပင်လယ်ပွင့်သံကြားရ၏။

တောင်တန်းများကို ကူးဖြတ်ပျံသန်းလာသော ကြေကွဲဆွေးမြေ့ဖွယ်ရာ ဂီတသံသည် သူမတို့နှစ်ယောက်ကြားမှာ ပြင်းထန်လာသည်။

တစ်စုံတစ်ရာကို သူမ သတိရလာသည်။ သူမတို့နှစ်ယောက်ကြားမှာ မည်သည့်အရာကမှ ဖြတ်သန်းသွား၍မရအောင် သူ... တင်းကြပ်စွာ ပွေ့ဖက်ထားစေလိုပါသည်။

ထို့နောက် သူမတို့ ပြန်ခဲ့ကြမည်။ မည်သည့်နေရာမှ မည်သည့်နေရာသို့ ပြန်လာကြမှန်းတော့ သိစွမ်းကြလိမ့်မည်မဟုတ်။

နှင်းတွေက မှိုင်းဝါနေမည်။ စစ်မြင်းရထား၏ သံချွန်တပ်ဘီးကြီးများ ပွတ်တိုက်ရွေ့လျားသံ ကြားရမည်။ ကျွဲချိုမှုတ်သံ စူးစူးကလည်း တူးခြစ်စွာ ထွက်ပေါ်လာလိမ့်ဦးမည်။

မနက်ဖြန်မှာ အနက်ရောင်ငှက်တွေ ပျံလာကြပြီ။

သူနှင့်သူမ တစ်ယောက်ကိုတစ်ယောက် လှည့်အကြည့်၊ တစ်ယောက်လက်ကို တစ်ယောက်ဆီ အကမ်းမှာပဲ အိပ်မက်က ညို့ပြာလွင့်ပြယ်၏။

သူသည်...။

သူမသည်...။

အစကတည်းက မတွေ့ခဲ့ကြဖို့ (သို့မဟုတ်) အစကတည်းက လွယ်လွယ်တွေ့ပြီး လွယ်လွယ်မေ့သွားကြဖို့...အခုမှ ပြန်ဆုတောင်း



http://www.cherrythitsar.org

ရင်လည်း မီနိုင်တော့မည် မဟုတ်ပါ။

အရာရာသည် နောက်ကျခဲ့ပြီ။

သတိရ၍ ငုံ့ကြည့်သောအခါ ရင်ဝမှာ မီးဟုန်းဟုန်း တောက်နေခဲ့ပြီ။ ညကို ရီဝေဝိုးဝါးစွာ ခုခံနေမိဆဲ။ စိတ်ထဲမှာ ဥက္ကာပျံတစ်စင်း ပေါက်ကွဲ ပွင့်ပျံထွက်သည်။

မောင်ရယ်...

ကမ္ဘာဦးမှာတုန်းက ချစ်သူကို လွမ်းတဲ့လူရိုင်းဟာ သူ့စိတ်ကို ဘယ်လိုဖြေသိမ့်ခဲ့ပါသလဲ။ သူမကတော့ တောင်ခြသေ့်တစ်ကောင်၏လည်ဆံမွေးနှင့်အတူ ဝဲလွင့်ပစ်လိုက်ချင်သည်။ မြက်ခင်းထဲမှာ လှိမ့်ချလိုက်၏။ အရိုင်းမြက်တို့၏ ကြမ်းရှလတ်ဆတ်သော အထိအတွေ့ကို ပါးပြင်က နွေးထွေးစွာ ခံစားရ၏။

မြက်ခင်းသည် အဖြူရောင်အေးအေးတို့ဖြင့် ရီးစင်းစိမ်းလန်းနေဆဲ။ မျက်နှာပေါ် နှင်းဝတ်၊ နှင်းမှုန်တို့ကျလာ၏။ နှင်း၊ နှင်းစက်၊ အရူးနှင်းစက်တွေ စိတ်ထဲမှ ရေရွတ်ထွေပြားရင်း သူ့ကို လွမ်းမိပြန်သည်။

သြော်...သည်ဘဝတော့ဖြင့်...။

❋ ❋ ❋

http://www.cherrythitsar.org

"ဂျိုကာ"

ခေါ်သံက ကျောဘက်ကကပ်ပြီး ထွက်လာတယ်။ ပြန်မထူးလိုက်ဘူး။ လှည့်လည်းမကြည့်မိဘူး။ အဲဒီတော့ ကျွန်တော့်ကို သူက အကြမ်းပတမ်း ဆွဲလှည့်တယ်။

"ဂျိုကာ"

မို့မို့။ ကျွန်တော့်လက်မောင်းနှစ်ဖက်ကို သူ ဆုပ်ကိုင်ထားတယ်။ ယောကျ်ားတစ်ယောက်လို ဂျင်းဝတ်စုံကို ဝတ်ထားရင်း သူ ထူးထူးခြားခြားလှနေတယ်။

"မို့မို့ တယ်လှပါလား"

ကျွန်တော့်စကားကို သူ စိတ်မဝင်စားဘူး။ ကျွန်တော့်မျက်နှာ

ကို အစုန်အဆန်ကြည့်တယ်။ အကြာကြီးကြည့်တယ်။ ပြီးတော့ ဝမ်းနည်းသံကလေးနဲ့

"ဂျိုကာ သန်ဘက်ခါ နှင်း စေ့စပ်တော့မယ်"

"အင်း...ငါသိသားပဲ"

"နင်...နင် ဘာမှမလုပ်ဘူးလား"

ကျွန်တော်က ဘာမှပြန်မဖြေဘဲ သူ့ကိုပဲ ပြန်ကြည့်နေတော့ သူက ကျွန်တော့်လက်မောင်းတွေကို အားမလိုအားမရ ကိုင်လှုပ်တယ်။

"နင်...နင်"

"ဘာလဲ မို့မို့ရယ်"

"နင်...နင် ငတုံး၊ 'ငအ' နင်သိရက်သားနဲ့ဂျိုကာရယ် ဒါမှမဟုတ် နင်မသိလို့လား၊ နှင်းက နှင်းက နင့်ကို..."

သူ့စကားတွေကို သူ ရှေ့ဆက်မပြောနိုင်ဘူး။ ဆို့နင့်နေတယ်။ ကျွန်တော်က လက်ထဲကဖဲချပ်တွေကို ကုလားဖန်ထိုးနေရင်း သူ့ကို မျက်လုံးပြူးနဲ့ ပြန်ကြည့်နေတော့...

"ဖျန်း"

ကြမ်းပြင်ပေါ်ကို ဖဲချပ်တွေ ဖရိုဖရဲလွင့်ထွက်သွားတယ်။ သူက ကျွန်တော့်လက်ထဲက ဖဲထုပ်ကို ပုတ်ချလိုက်တာပါ။

"ဒါ...ထားစမ်းပါ"

"အေး...အေး"

ကျွန်တော့်လက်ညှိုးနဲ့ လက်မကြားမှာ ဖဲချပ်လေးတစ်ချပ်ထဲ



http://www.cherrythitsar.org

ကျန်ရစ်ခဲ့တယ်။ ဖဲချပ်ပေါ်က ဂျိုကာရုပ်ကလေးက ကျွန်တော့်ကို ရယ်ပြနေတယ်။

မို့မို့က ကျွန်တော့်ကို မော့ကြည့်ရင်း နှုတ်ခမ်းကလေး လှုပ်ရုံ တီးတိုးပြောတယ်။

"ငါ...မအောင်မြင်ခဲ့ဘူးဂျိုကာရယ်"

"ဘာလဲ...ဘာမအောင်မြင်တာလဲ"

"ငါ ...နင့်အတွက်"

စကားရပ်တယ်။ ခဏငြိမ်သက် တုန်မောနေသေးတယ်။ ပြီးတော့မှ...

"နှင်းကို ခိုးပေးမလို့"

"ဟင်"

"ငါ နင့်အတွက် နှင်းကိုခိုးပေးမလို့ ကြိုးစားတာပဲ။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး ဂျိုကာရယ်...နှင်းတို့အဖေ သိပ်အကွက်စေ့ တယ်။ ငါလက်လျှော့ပြီး ပြန်လာခဲ့ရတယ်"

ပြောပြီး ငိုတော့တယ်။ ကျွန်တော် မချော့မိဘူး။ မျက်ရည် သုတ်မပေးမိဘူး။ မငိုဖို့ကိုလည်း မတားမိဘူး။ ခဏအကြာ သူ့ရှိုက် သံလေး တိုးတိမ်စပြုမှ...

"မို့မို့...ငါပြောမယ်။ နားထောင်နော်"

သူက ခေါင်းကလေးညိတ်ပြတယ်။

"ဟင့်အင်း...ခေါင်းမော့၊ မော့ပြီး ငါ့ကိုကြည့်...ကြည့်ပြီး



http://www.cherrythitsar.org

နားထောင်”

ကျွန်တော့်စကားကို သူ နားထောင်ပါတယ်။ ကျွန်တော့် လက်မောင်းနှစ်ဖက်ကိုလည်း ပြန်လွှတ်ပေးတယ်။ ကျွန်တော်က တင်းတင်းစေ့ထားမိတဲ့နှုတ်ခမ်းကို လက်ထဲက ဖဲချပ်ကလေးနဲ့ တစ်ချက်ပွတ်ဆွဲလိုက်ရင်း...

“နှင်းရဲ့အဖေဟာ စိတ်မြန်တတ်ပုံရတာ တစ်ခုကလွဲရင် အတော် ‘တော်’ တဲ့ ပုဂ္ဂိုလ်ကြီးပါ။ ကြီးလှတိုအုပ်စု ထောင်ထဲတန်း ဝင်သွားရတာ သူ့အစွမ်းအစတွေပါတယ်။ အခုလည်း နှင်းကို ယက္ခ ဘီလူး၊ နတ်မှုးဂုမ္ဘာန်တွေနဲ့ ထားတယ်။ သိသာတဲ့ အစီအစဉ်တွေနဲ့ ရော၊ မသိသာတဲ့ အစီအစဉ်တွေနဲ့ပါထားတယ်။ ဒါပေမယ့် မို့မို့ရယ် ငါ ခိုးပြေးချင်ရင် ရနိုင်ပါတယ်။ ဒါပေမယ့် မို့မို့ရယ် အဲဒီ့အလုပ် ကို ငါမလုပ်ချင်ဘူး”

မို့မို့ရဲ့မျက်လုံးကလေးတွေက ပြူးဝိုင်းလာကြတယ်။

“နှင်းနဲ့စေ့စပ်မယ့်ပုဂ္ဂိုလ်ကို ငါ ညာနေမိတယ်။ သူနဲ့ငါဟာ ယောကျ်ားချင်းတွေပါ။ ဘယ်အရာအတွက်မဆို မျှမျှတတပြိုင်ပြီးမှ ငါအနိုင်ယူချင်တယ်။ အောက်လမ်းနည်းနဲ့ ဖြတ်ခုတ်ခိုးဝှက်ပြီး အနိုင် ယူတာမျိုး ငါမလုပ်ချင်ဘူး။ ငါနဲ့သူနဲ့ ဘာအကြောင်းခံမှ မရှိပါဘဲ သူ့မှာ ဘာအပြစ်မှမရှိပါဘဲ သူက အရှက်ကွဲပြီး ပတ်ဝန်းကျင်မှာ ရယ်စရာ လှောင်စရာဖြစ်ကျန်ခဲ့မယ်။ ငါ့ကြောင့် သူက နစ်နာ ရလိမ့်မယ်။ ငါ အဲဒီလိုမလုပ်နိုင်ဘူး။ နှင်သိပါတယ် မို့မို့ရယ်။



http://www.cherrythitsar.org

ငါဟာ ငါ့ရှင်သန်မှုအတွက် သူများအသားကို စားတဲ့သူ မဟုတ်ဘူး...”

ပြီးတော့ တိတ်ဆိတ်သွားကြတယ်။ မို့မို့က ငိုင်တွေတွေကလေးရပ်နေတယ်။ ကျွန်တော်က လက်ထဲက ဂျိုကာဖဲချပ်ကလေးကို စားပွဲပေါ် ပစ်တင်လိုက်တယ်။ မျက်နှာကိုမော့ပြီး “ဟက်” ကနဲလည်း တစ်ချက် ရယ်လိုက်တယ်။

သိသိဝေဝေ ကြည့်လာတဲ့ မို့မို့ကို နားရွက်ကလေး ဖွဖွဆွဲလိမ်လိုက်ရင်း...

“အခု နင်ငိုရတယ်နော်။ တစ်ဖက်ကတော့ ရယ်နေကြမလား မသိဘူး။ ဒါပေမယ့် ကိစ္စမရှိပါဘူးဟာ။ အခုအချိန်က အရေးမကြီးသေးပါဘူး။ နောက်ဆုံးဆိုတဲ့ အချိန်က အရေးကြီးတာ...”

သူ ကျွန်တော့်စကားကို သဘောပေါက်ပုံမရဘူး။ ကျွန်တော်က ရယ်နေလိုက်ရင်း...

စကားပုံတစ်ခု ရှိတယ်ဟ...

“နောက်ဆုံးမှာ ရယ်တဲ့လူ နိုင်တယ်”

တဲ့။

သူ့မျက်လုံးနက်နက်ကလေးတွေ ဝိုင်းလက်လာပြီး ကျွန်တော့်ကို တစူးတစိုက်ကြည့်တယ်။

“ဘဝဆိုတာ စစ်တုရင်ထိုးရသလိုပဲ။ ကိုယ့်ဘက်က မှန်နေသမျှ ကိုယ်အရေးသာနေသလို သူ့ဘက်က မှားသွားရင်လည်း ကိုယ်



http://www.cherrythitsar.org

အရေးသာတတ်တယ်။ နှင်းတို့အဖေဘက်က စစချင်းမှာကို တစ်ကွက်မှားထားတယ်...”

“ဟင်...ဒါဆို”

“ရှူး”

ကျွန်တော်က နှုတ်ခမ်းရှေ့မှာ လက်ညှိုးထောင်ပြပြီး ဘယ်သူ့မှမပြောနဲ့။ တိတ်တိတ်နေ...ဆိုတဲ့ အမူအရာလေး လုပ်ပြလိုက်တော့...

သူ အရမ်းပျော်သွားတယ်လေ...။

✺ ✺ ✺

သေနတ်ကို မြှောက်လိုက်သည်။ ပစ်မှတ်ကို သေသေချာချာ ချိန်လိုက်သည်။ ပစ်ပြီ။ တစ်ချက်။ လွဲသည်။ နှစ်ချက်။ မထိ။ သုံးချက်။ ပွတ်ကာသီကာ။ လေးချက်...

ထိသွားပြီ။

ဒိုင်နိုဆောရပ်ကြီးထံမှ ညည်းသံဆိုးဆိုးရွားရွားကြီး ထွက်လာသည်။ ဦးကိုကိုအောင် သေနတ်ကို ပြန်ချထားလိုက်၏။ သိပ်စိတ်မပါ။

ဦးကိုကိုအောင် အနည်းငယ်စိတ်ညစ်နေသည်။ စိတ်လေနေသည်ဟု ပြောလျှင် ပို၍မှန်ပေလိမ့်မည်။ ထို့ကြောင့် သူနှင့် ဘာမှမဆိုင်သော ဤကစားခန်းကြီးထဲ ရောက်နေခြင်းဖြစ်သည်။ အလုပ်တွေပစ်ပြီး ထွက်လာခဲ့သည်။



http://www.cherrythitsar.org

ငိုင်နေမိသည်။ ဘယ်လိုနေထိုင်ရမည်လဲမသိ။ နေထိုင်ခဲ့သမျှ နှစ်ပေါင်းလေးဆယ်နီးပါးမှာ ဤပြဿနာမျိုးမပေါ်ခဲ့ဖူး။ ခုမှ မကြုံဖူးတာတွေ ကြုံနေသည်။ ဘယ်သူမှလိုက်မေး၍ ရမည့်မေးခွန်းမျိုးလည်း မဟုတ်၊ အရိုက်ပင်ခံရနိုင်သေးသည်။

"ဂူး"

"ဝါး...ဟီး...ဟီး..."

သံလေးသံကြောင်များ နားထဲဝင်လာသဖြင့် မျက်မှောင်ကြုတ်မိသည်။ မြင်ကွင်းက ရင်ထဲမှာ မသက်သာလှ...။

"ဒီကောင်တွေကွာ"

တိုက်ကားဟု အရွယ်ခေါ်သော ကားလေးများကို လူငယ်နှစ်ဦး ဖရိုဖရဲ အော်ဟစ်မောင်းနှင်နေကြခြင်းဖြစ်၏။ ရိုးရိုးမောင်းခြင်းမဟုတ်။ ရှေ့မှကားက နှင်းဆီဖြူတစ်ပွင့်ကို ကြိုးဖြင့်ဒရွတ်တိုက်ဆွဲပြီး မောင်းသည်။ နောက်ကားက ထိုနှင်းဆီပွင့်ကို လိုက်ကြိတ်နိုင်ရန် ကြိုးစားသည်။ ကားတွေက 'လည်'နေသောကြောင့် လွယ်လွယ်နှင့်ကြိတ်မရ။

ထို့ကြောင့် ရယ်မောနောက်ပြောင်ရင်း ဂူးဂူးဝါးဝါးဖြင့် ဆက်ကြိုးစားနေကြသည်။ မျက်နှာကိုရှုံ့မဲ့ရင်း ဦးကိုကိုအောင် လှမ်းကြည့်နေမိသည်။ ဘဝင်မကျလှ။ သို့သော် အစကတည်းက ဘယ်လို နေရထိုင်ရမည်မှန်းမသိဖြစ်နေ၍ ခုကိစ္စကိုလည်း ဘာလုပ်ရမှန်းမသိ။ ဘေးဘီကိုပဲ ကယ်တင်ရှင်ရှာသလို ကြည့်မိ၏။



http://www.cherrythitsar.org

မထူးပါ။ အားကိုးရလောက်မည့်လူ တစ်ယောက်မှမတွေ့၊ ဆူညံတောက်လောင်နေသော ကားသံလူသံတွေဆီကိုသာ ပြန်ကြည့်မိသည်။

“ဟင်”

ဦးကိုကိုအောင် မျက်လုံးပြူးသွားသည်။ ကားက နှစ်စီးမဟုတ်တော့၊ သုံးစီးဖြစ်နေပြီ။ ကားသုံးစီး ဝုန်းဒိုင်းကြဲနေ၏။ တတိယကားက ပထမနှစ်ကားကို မုဆိုးလိုက်သလို တရှူးထိုးလိုက်နေ၏။

ပထမတော့ ဘာရယ်မသဲကွဲ။ ဦးကိုကိုအောင် ကြောင်ကြည့်နေမိသည်။ အနီးအပါးမှ တခြားလူများလည်း သူ့လိုပင် ကြောင်ကြည့်နေကြ၏။ နောက်တော့ အသက်ရှူပင် မှားမိကြတော့သည်။

တတိယကားက ပထမနှစ်ကားကို ဒရမန်းကြမ်း လိုက်တိုက်ပစ်ခြင်းဖြစ်၏။ အပျော်ဆော့ခြင်းမဟုတ်။ ရက်ရက်စက်စက်ကို လိုက်တိုက်ခြင်းဖြစ်၏။ ကားသုံးစီးလုံးထွေးနေပြီး မီးပွင့်တွေ တဖွားဖွား လွင့်ဖြာကျနေ၏။ အစိမ်းသရဲပူးသလိုဖြစ်နေသော တတိယကားက ပထမနှစ်ကားကို နံရံနှင့် ပိတ်ညပ်ကာ အဆက်မပြတ် ဝင်တိုက်၏။

“ဒုန်း”

“ဝုန်း”

“ဟော့...ဟော့...အဲဒီလောက်မလုပ်ကြနဲ့လေ။ ဘယ်လိုဖြစ်တာလဲ”

“နေပစေ...နေပစေ”



http://www.cherrythitsar.org

တာဝန်ရှိသူတစ်ဦးက အခြေအနေကို တားဆီးရန် ပြေးလာ၏။ ဦးကိုကိုအောင်က လက်ဖမ်းဆွဲထားလိုက်သည်။

"ဘာလဲဗျ၊ ခင်ဗျားက...လွှတ်စမ်းပါ"

"ခင်ဗျားက သူတို့ကို ဘာသွားလုပ်မလို့လဲ"

"ဟိုမှာ...ပျက်စီးကုန်မယ်၊ ဘယ်ဖြစ်မလဲ"

"ဖြစ်ပါတယ်...လွှတ်ထားလိုက်ပါ။ ခင်ဗျားတို့ဆီက ပျက်စီးသမျှအားလုံးကို ကျွန်တော်လျှော်ပေးမယ်..."

ဒါလောက်တော့ ဦးကိုကိုအောင် တတ်နိုင်ပါသည်။ ထိုလူက ဦးကိုကိုအောင်မျက်နှာကို နားမလည်သလိုကြည့်၏။ ထို့နောက် စိတ်ရှုပ်ထွေးစွာပင် ကားများဆီ ပြန်လှည့်ကြည့်သည်။ ကားတွေက မမောင်းကြတော့။

ပွဲက ပြီးနေချေပြီ။ ပထမလူငယ်နှစ်ဦးက အံ့သြတုန်လှုပ်စွာ တတိယလူငယ်ကို ငေးကြည့်နေသည်။ ရဲရင့်မာကျောပုံရသော တတိယလူငယ်က ပထမကားမှာ ကြိုးဆွဲထားသော နှင်းဆီပန်းကို ဖြုတ်ယူသည်။ ထို့နောက် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ လှည့်ထွက်သွားတော့သည်။

အားလုံးနှင့်အတူ ဦးကိုကိုအောင်လည်း သူ့ကို ငေးကြည့်ကျန်ရစ်၏။ ထိုလူငယ်ကို ဓာတ်ပုံထဲမှာ သူမြင်ဖူးပါသည်။ မမှားပါ။ မှတ်မိပါသည်။

သက်ပြင်းတစ်ချက်ချလိုက်၏။ သက်ပြင်းက အတော်ရှည်



http://www.cherrythitsar.org

သည်။ နှာခေါင်းဖြင့် ဘယ်လိုဆန့်သလဲတော့ မသိချေ။ တွေးမရ။

ဘယ်လိုနေထိုင်ရမည်မှန်း မသိသည်မှ အစပြုကာ ဘာလုပ်ရမည်မှန်းမသိဖြစ်နေသော ဦးကိုကိုအောင်သည် ဘာဆက်တွေးရမည်မှန်းလည်း မသိဖြစ်သွားသည်။ ထိုသို့ဖြင့်ပင် ပွဲက ပြီးသွားခဲ့ခြင်းဖြစ်လေသည်။

❋ ❋ ❋

http://www.cherrythitsar.org

အချိန်က နံနက် ၁၀ နာရီလောက် ရှိပါပြီ။ နေရောင်ဝါဝါက လမ်မပေါ်မှာ ပါးပါးလွှာလွှာနေရာ ဖြန့်ခင်းနေပြီ။ ဆင်းရဲသား ရပ်ကွက်တစ်ခုရဲ့ မလှမ်းမကမ်းက အကြော်တဲလေးတစ်တဲမှာ ကျွန်တော် ရောက်နေပါတယ်...

ဒယ်အိုးထဲက အကြော်တွေကို သံယောက်မနဲ့ ဝင်ဆယ်ရင်း အကြော်ကြော်တဲ့ကိစ္စမှာ ကိုယ်တိုင် ဝင်ပါနေလိုက်တယ်။

"ကိုသိဟ"

"ဟင်"

"သွားပါဗျာ။ သွားထိုင်နေစမ်းပါ။ တော်ကြာ အပူတွေ ဘာတွေ လောင်နေပါဦးမယ်..."



http://www.cherrythitsar.org

"မလောင်ပါဘူး"

"ရော် ပြောလို့လည်း မရပါလား"

ဆိုင်ရှင်အကြော်သည်က ကျွန်တော့်ကို ဝင်မကြော်ဖို့ တောင်းပန်နေတာပါ။ ကျွန်တော်က ခေါင်းမာနေတော့ သူက လက်လျှော့လိုက်ပြီး ကွမ်းတံတွေးကို ဗျစ်ကနဲ ထွေးတယ်။

ဒယ်အိုးထဲမှာ မကျက်တကျက်ဝါနေတဲ့ သူ့အကြော်တွေကို စွေစောင်းကြည့်ရင်း...

"ရှုရှုက လွှတ်ထားတဲ့ ငြိုဟ်ထုတစ်လုံး ပျောက်နေတယ်တဲ့ဗျ..."

"ဟုတ်လား၊ ဗေဒင်ဆရာ သွားမေးကြပေါ့ဗျာ..."

အဲဒီမှာ ဆိုင်ရှင် ကိုကောက်ရိုးက အာကာသသိပ္ပံအကြောင်း ဆက်ပြောတော့တာပါပဲ။ သူပြောတာတွေကို ကျွန်တော် စိတ်မဝင်စားမိဘူး။

အရပ်ထဲကလူတွေ ပြောကြတဲ့အတိုင်း အရိုးဆုံးအရှင်းဆုံး ပြောရရင် ကျွန်တော်က ရည်းစားပူမိနေတဲ့ ကောင်ကိုး။

ရည်းစားလူလု အူနုဓာတ်လိုက်နေတယ်လေ။

အခု ကျွန်တော်ရောက်နေတဲ့ အကြော်ဆိုင်က မိတ်ဆွေကဗျာဆရာအကြော်ဆိုင်ပေါ့။ ကိုကောက်ရိုးကြီးရဲ့ ကလောင်နာမည်အပြည့်အစုံက "ကောက်ရိုးလူ" တဲ့။ သူ့မိန်းမကလည်း ကဗျာရေးတယ်။ ကလောင်နာမည်က "ဗေဒါနွယ်" တဲ့။ အခုလို စီးပွားတက်



http://www.cherrythitsar.org

လာပြီး အကြော်မရောင်းခင်မှာ သူတို့ ခေါက်မုန့်ရောင်းကြတယ်။

ကျွန်တော်အပါအဝင် မိုးစက်တို့၊ အေလင်းချို့တို့ ကဗျာဆရာ အုပ်စုကို ဒီဆိုင်မှာ နှင်း ချိန်းထားတာပါ။ သူ မစေ့စပ်မီတစ်ရက်မှာ စာသမားသူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် ဆုံကြရအောင် ... တဲ့။ နောက်ဆုံးအနေနဲ့ ဖြစ်မှာပေါ့လေ။

ကျွန်တော်က ချိန်းထားတဲ့ အချိန်ထက်စောပြီး ရောက်နေမိတယ်။

အကြော်တွေကို ဆီပူအိုးထဲမှာ မရိုးမရွဖြစ်အောင် လှိမ့်ကြော်နေမိတုန်း ...

"ဟာ ...ဒီအကြော်သည်က အသစ်ပဲ ..."

ကေခိုင့်အသံ၊ လှည့်မကြည့်မိသေးဘူး။

"ကိုကောက်ရိုးက ကျွန်တော့်ဆရာသမားကို လုပ်အားပေးခိုင်းထားတာကိုး"

"အကြော်တွေက မကျက်သေးဘူးလား"

သူတို့အုပ်စု ရောက်လာကြပြီ။ အကြော်တဲလေးထဲမှာ လူပြည့်သွားပါတယ်။ စည်စည်ကားကားဖြစ်သွားသလို စကားသံတွေလည်း ညံနေတော့တယ်။

နှင်း ...။ သူ့အသံမကြားရသေးဘူး။ သူပါမလာဘူးလား။ ဘာဖြစ်လို့လဲ။

နှင်း ...ဘယ်လိုလဲ။



http://www.cherrythitsar.org

သူတို့ကို ကျောပေးထားရင်း ဒယ်အိုးအောက်ကိုပဲ ထင်းမီးတွေ လှိမ့်ထိုးနေလိုက်တယ်။

မီးညွှန့်တွေ...

ပူ လောင် မြိုက် ကျွမ်း နေတဲ့ မီးညွှန့်တွေ...

❋ ❋ ❋

"မိန်းကလေးတစ်ယောက် ဟုတ်လား"

"ဟုတ်တယ်...မိန်းကလေး"

"နာမည် နာမည်က ဘယ်သူတဲ့လဲ"

"အဲဒါကိုတော့ ပြောမသွားဘူးကွ..."

ထူးမြတ်ကျော်ခေါင် မချင့်ရဲဖြစ်သွားမိသည်။ ဆံပင်များကို လက်နှင့်ဖွရင်း သက်ပြင်းကိုလည်း ချမိ၏။ ဦးကိုကိုအောင်၏ မျက်နှာကလည်း အတော် တည်ကြည်နေသည်။

"ဖုန်းထဲကဆိုတော့ သူ့အသံကိုလည်း ကောင်းကောင်း မကျက်မိဘူးပေါ့ မောင်ထူးရာ။ နောက်ပြီး သူ့အသံက ငိုသံလည်း



http://www.cherrythitsar.org

ပါနေတယ်။ ခံစားချက်လည်း ပါနေတယ်။ ငါ ဘာစကားမှ ပြန်မပြောနိုင်အောင် ဖြစ်ခဲ့ရတယ်"

"သူ့စကားရဲ့ လိုရင်းကတော့ နှင်းဆီဖြူကို သီဟသစ်နဲ့ပဲ ပေါင်းဖက်ခွင့်ပြုဖို့...ဟုတ်လား"

မျက်နှာအိုအိုနှင့်ပင် ဦးကိုကိုအောင် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် မောင်ထူး။ သီဟသစ်နဲ့ နှင်းဆီဖြူဟာ တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတယ်တဲ့။ လိုက်ဖက်မှုလည်း ရှိတယ်။ သံယောဇဉ်လည်း နှစ်ပေါင်းများစွာ ရှိခဲ့ကြတာတဲ့။ ဖြစ်သင့်ဖြစ်ထိုက်တာတစ်ခု ဖြစ်သွားပါစေ...တဲ့။ ပျက်စီးအောင် ဝင်မဖျက်ပါနဲ့"

ထူးမြတ်ကျော်ခေါင် အဝေးကို ငေးနေမိ၏။

"ငါ စိတ်မကောင်းဖြစ်မိတာက သူ့အကြောင်း သူပြောတဲ့ နေရာမှာပဲ၊ သူဟာလည်း သီဟသစ်ကို ရင်ထဲနင့်အောင် ချစ်နေမိသူပါတဲ့။ သီဟသစ်က မသိသလို ဘယ်သူကမှလည်း မသိပါဘူးတဲ့"

ထူးမြတ်ကျော်ခေါင် အထိတ်တလန့် လှမ်းကြည့်သောအခါ ဦးကိုကိုအောင်က နှုတ်ခမ်းကို ကိုက်ထားရင်း ခေါင်းညိတ်ပြသည်။ ထူးမြတ်ကျော်ခေါင်က စိတ်ဝင်တစား ဆက်နားထောင်နေမိသော်လည်း ဦးကိုကိုအောင်က ဆက်မပြောတော့ချေ။

နှစ်ယောက်သား နေရာမှာပင် တိတ်ဆိတ်စွာ ရပ်နေမိကြသည်။ အတော်ကြာမှ ဦးကိုကိုအောင်က...



http://www.cherrythitsar.org

"ယူကလစ်ဂျီဩမေတြီမှာပါတယ်။ မျဉ်းပြိုင်နှစ်ကြောင်းဟာ ဘယ်တော့မှ မဆုံဘူးတဲ့။ ရိုင်မန်ဂျီဩမေတြီကျတော့ တစ်မျိုးပြောတယ်။ မျဉ်းပြိုင်နှစ်ကြောင်းဟာ အင်ဖင်နတီမှာ ဆုံတယ်တဲ့။ ငါက ယူကလစ်ရဲ့အယူအဆကို ပိုယုံတယ်။ မျဉ်းပြိုင်နှစ်ကြောင်းဟာ တကယ်တမ်းပြိုင်ပြီဆိုရင် မဆုံပါဘူးကွာ..."

ထူးမြတ်ကျော်ခေါင်က လှမ်းအကြည့်မှာ မျက်လုံးချင်းဆုံကြသည်။

"အခု ငါနဲ့နှင်းဆီဖြူဟာလည်း မျဉ်းပြိုင်တွေဖြစ်နေပါပြီ။ ဘယ်တော့မှ ဆုံမှာမဟုတ်ပါဘူး။ ငါ့ဘက်က နောက်ပြန်ဆုတ်ဖို့ ငါစဉ်းစားနေတယ်"

ထူးမြတ်ကျော်ခေါင်က ဂျာကင်အိတ်ထဲ လက်နှိုက်ရင်း ခြောက်ကပ်ကပ်ရယ်၏။

"ကျွန်တော်ကတော့ ရိုင်မန်ဂျီဩမေတြီကို ယုံတယ်။ မျဉ်းပြိုင်နှစ်ကြောင်းဟာ အင်ဖင်နတီမှာ ဆုံတယ်လို့ယုံတယ်။ ကျွန်တော်နဲ့ နှင်းဆီဖြူဟာ မျဉ်းပြိုင်တွေဆိုရင်လည်း အင်ဖနတီမှာ ဆုံကြမယ်လို့ ယုံတယ်။ ဒါ...ဒါပေမယ့်ဗျာ..."

အသက်ပြင်းပြင်းတစ်ချက်ရှူရင်း ဆက်ပြောလိုက်၏။

"ကျွန်တော်လည်း နေရစ်ခဲ့ပါတော့မယ်။ စိတ်လျှော့လိုက်ပါတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ အင်ဖနတီအထိ နှင်းကို လိုက်နိုင်စွမ်းမရှိတော့လို့ပဲ"



http://www.cherrythitsar.org

နှစ်ယောက်သား ငြိမ်သက်သွားကြပြန်သည်။ ခဏကြာမှ "ကဲ" ဟု ပြိုင်တူရွတ်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ "ဂွတ်ဒ်ဘာလပ်ဆင်းဖော်ယူ" ဟုလည်း ပြောလိုက်ကြသည်။

ထို့နောက် တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ ဦးကိုကို အောင်၏ မော်တော်ကား ရပ်ထားရာဆီ လျှောက်လာခဲ့ကြတော့သည်။

မီးညွှန့်တွေကိုကြည့်ရင်း ကိုယ့်ကိုကိုယ် ပိုးဖလံတစ်ကောင်လို ခံစားလာရတယ်။ မီးစာမခံတဲ့ အတောင်ပံတွေနဲ့ မီးညွှန့်တွေဆီကို ပျံခဲ့တဲ့ကောင်...။

သတ္တိရှိလို့ ပျံတာလား။

မိုက်လို့ ပျံတာလား...။

"နှင်း"

ကေခိုင့်ခေါ်သံကို ကြားရတယ်။ နှင်းရဲ့ထူးသံကိုတော့ မကြားရဘူး။ နှင်းရောက်နေသလား။ တိတ်လှချည်လား။ ကျွန်တော့် ကိုယ်ထဲက သွေးတွေ ပူနွေးလာတယ်။

"နှင်းကို ကေခိုင် ဉာဏ်စမ်းတစ်ခုမေးမလို့။ အမှားချည်းပဲ ငါးခု နှင်းဖြေပေးနိုင်မလား။ ကေခိုင်မေးတာတွေကို မှန်တာမဖြေရ ဘူးလေ။ ငါးခု မှန်တာဖြေမိရင် နှင်းရှုံးမယ်။ ဘယ်လိုလဲ"

"ဖြေချင်ပါဘူး ကေခိုင်ရယ်"

"ရယ်ရတယ် နှင်းရဲ့"

"ဟင့်အင်း ထားလိုက်ပါ။ မဖြေချင်ဘူး။ အမှားတွေ ဖြေပြမှ နိုင်ရမယ်ဆိုရင်လည်း မနိုင်ချင်ပါဘူး။ ရှုံးတာမှ မြတ်သေးတယ်..."

"အယ်"

ကိုကောက်ရိုးရဲ့ ရယ်သံကြီးက တဟားဟားထွက်လာတယ်။

"မှတ်ထား၊ အဲဒါ နှင်းဆီဖြူကွ၊ ဘာအောင့်မေ့လို့လဲ"

ကေခိုင်ကလည်း ရက်ရယ်ရယ်ရင်း ဝန်ခံရှာပါတယ်။

"အင်း...နှင်းပြောတာမှန်ပါတယ်။ ဒါပေမယ့် ကေခိုင်က နှင်းနုံးနေ၊ ပင်ပန်းနေတော့ ရွှင်ရွှင်လန်းလန်းဖြစ်သွားအောင် အပြောင်အပျက်နောက်မလို့"

သြော်...နှင်းလည်း မရွှင်မလန်းဖြစ်နေတဲ့သဘောပေါ့။ နှင်းရယ်...ငါ နှင့်ကို ပြောပြချင်တယ်။ ငါ့ဘဝထဲက ငါ စိမ်းစိမ်းလန်းလန်း တွယ်တာခဲ့ရတဲ့ လမင်းမလေးအကြောင်းပေါ့။ ငါ နှင့်ကို အရမ်းသတိရတယ်။

သွားကြ။

မီးတောက်ထဲကို ကျွန်တော့်စိတ်တွေ ဖြန့်ကြဲပစ်ချလိုက်တယ်။ မီးခိုး၊ လူးလွန့်လောင်ကျွမ်းကြ၊ လွမ်းအာရုံတွေ တစ်မှုန်ချင်း ပြာဖြစ်ကြ။

ကိုကောက်ရိုးရဲ့ အသံသြသြကြီး ပေါ်လာတယ်။

"ကဲ...အကြော်ရပါပြီခင်ဗျား"



http://www.cherrythitsar.org

ရယ်သံတွေ၊ စကားသံတွေ စည်ညံလာပြန်တယ်။ အကြော်တွေ ပန်းကန်ထဲ ထည့်ကြ၊ ဆွဲယူကြ၊ ဘာသံမှ မကြားရအောင် ငြိမ်နေကြတာက ကျွန်တော်နဲ့နှင်းပါပဲ။

အဲဒီအချိန် စိတ်ထဲမှာ မီးလျှံတွေ လူးလွန့်နေတုန်း...

"ဟိတ်"

သွေးကြောတွေ ဖျဉ်းကနဲဖြစ်သွားတယ်။ ခေါ်လိုက်တာ နာမည်မပါဘူး။ ဒါပေမယ့် ကျွန်တော့်ကိုခေါ်တာမှန်း ကျွန်တော် သိတယ်။ နောက်ပြီး နှင်းက ခေါ်လိုက်တာမှန်းလည်း ကျွန်တော် သိလိုက်တယ်။

စိတ်ကို ထိန်းချုပ်ရင်း သူ့ကို လှမ်းကြည့်လိုက်တော့ သူ ကျွန်တော့်ကို ကြည့်နေတယ်။ မျက်လုံးချင်းအဆုံမှာ...

"ရော့"

ကျွန်တော် ငိုင်သွားမိတယ်။

သူ...ကျွန်တော့်ကို လှမ်းပေးနေတာက ဖက်ဖူးရောင် ရှုဆေးဗူးလေးပါ။ သူမူးနေတဲ့နေ့က မြို့ထဲမှာ ကျွန်တော် သူ့ကိုပေးခဲ့ဖူးတဲ့ ရှုဆေးဗူးလေးပါ။

"ယူလေ..."

"နင်ပဲ ယူထားလိုက်ပါလား။ ငါပြန်မယူချင်ဘူး"

အကြည့်ချင်း ဆုံနေကြတော့တာပေါ့။ သူနဲ့ကျွန်တော် မျက်လုံးချင်းဆုံနေကြတာ နေနဲ့လနဲ့ မျက်လုံးချင်းဆုံကြသလိုပါပဲ။ တစ်



http://www.cherrythitsar.org

လောကလုံး ခြောက်ခြားသွားလောက်တယ်။

"ပြီးရော..."

ရှူဆေးဗူးလေးကို သူ့ပိုက်ဆံအိတ်ထဲ ပြန်ထည့်တယ်။ ကျွန်တော်က သူ့ကို မျက်နှာမူလျက်က မျက်လွှာချပစ်လိုက်တယ်။

"သြော်..."

သူ့ခြေထောက်ကလေးတွေ၊ လွန်လေပြီးသောနှစ်တွေကလို လွန်လေပြီးသော နေ့တစ်နေ့ကလို ရွှေရောင်ဖိနပ်ကို စီးထားပြန်လေရဲ့။ ကျွန်တော့်ရင်ထဲမှာ ...

"နင်...ရွှေရောင်ဖိနပ်ကို စီးထားပြန်တာကိုး"

သူက ခပ်တိုးတိုး ပြန်မေးတယ်။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း၊ ဘာမှတော့ မဖြစ်ပါဘူး။ ငါ သတိရလို့ပါ။ ကျောင်းရုံးခန်းထဲမှာ နင့်ကိုငါ ပထမဆုံး စမြင်ရတုန်းကလည်း နင် ခုလို ရွှေရောင်ဖိနပ်လေးတွေနဲ့ပဲ။ အဲဒီဖိနပ်ကလေးတွေရဲ့ခလယ်မှာ အစိမ်းရောင် ကြက်ခြေခတ်တစ်ခုစီ ပါတယ်"

"သြော်..."

သူ ကျွန်တော့်ကို ငေးငေးကလေး ကြည့်နေပါတော့တယ်။ ကျွန်တော်လည်း မျက်နှာလွှဲဖယ်ထားလိုက်ရင်း သက်ပြင်းခပ်ဝါးဝါး ကိုသာ ချနေလိုက်တယ်။

"နေပါဦး"



http://www.cherrythitsar.org

"ဟင်"

"နင်က ဘာဖြစ်လို့ အဲဒါတွေအထိ မှတ်မိနေတာလဲ"

ကျွန်တော်က သူ့ကို ခပ်ငြိမ်ငြိမ်စိုက်ကြည့်လိုက်ရင်း

"ခုမှတော့ ပြောမနေတော့ပါဘူး"

"အို"

ကျွန်တော့်ကို ပြန်လှန်ငေးစိုက်ကြည့်ရင်း သူ့မျက်နှာလှလှလေးမှာ ထူးခြားတဲ့ အရိပ်အယောင်တွေ အမျိုးမျိုး လွင့်လူးနေတယ်။ ခဏကြာမှ နှုတ်ခမ်းလေးကို အတွန့်ချိုးပြုံးရင်း

"အေးလေ...နင်က ကော်ဖီပန်းကန်ကိုသာ ပြောရဲတာပါ"

"ဟင်...ဘာ နင် ငါ့ကို စော်ကားတာပဲ"

"ဝုန်း"

"အမေ့"

"ဟာ"

၁။ အကြော်ပန်းကန်မှောက်သွားပါတယ်။

၂။ ရေနွေးအိုးကြီး လိမ့်ကျသွားပါတယ်။

၃။ ဆိုင်ထဲက လူအားလုံး နေအထား ဖြစ်သွားကြပါတယ်။

၄။ ကေခိုင်က အိကနဲ ငိုချလိုက်ပါတယ်။

၅။ လမ်းပေါ်က လူတချို့က စူးစူးစမ်းစမ်း လှမ်း

ကြည့်ကြပါတယ်။

"နှင်းရယ်..."

ကျွန်တော် သူ့ကို ဆွဲယူဖက်နမ်းပစ်လိုက်တာပါ။ သူ့ကို ကျွန်တော် တင်းတင်းဖက်ထားတော့ သူက ကျွန်တော့်ရင်ခွင်ထဲမှာ ခေါင်းကို ဝှက်ထားတယ်။ နှင်း...နှင်းရယ်...ငါ့ရဲ့ဘုရင်မလေး ရယ်...။

"အကြော်ဆိုင်ထဲမှာ ဘာဖြစ်နေတာလဲ မသိဘူး"

လမ်းပေါ်ကနေ...(လူကနေပေမယ့် ပညာက မနေဘူးဆိုတဲ့ စကားအတိုင်း) စပ်စုလာတဲ့အမျိုးသမီးကြီးတွေကို မိုးစက်က ဖြေရှင်း ပေးပါတယ်)။

"ဗီဒီယိုရိုက်နေတာ..."

"ဟယ်...ထင်သားပဲ။ ကြည့်စမ်း၊ အစောကြီးကတည်းက ထင်သားပဲ။ မင်းသမီးလေးက အသစ်ထင်တယ်နော်။ လှလိုက်တာ။ နေပါဦး။ သူဝတ်ထားတာ အင်ဒိုနီးရှားပါတိတ်မို့လား"

ဆိုက္ကားသမားတစ်ယောက်ကလည်း လာမေးတယ်။

"အစ်ကို...ကားနာမည်က ဘာတုန်းဗျ..."

"ကားနာမည်က တစ်နေရာကို သွားတော့မှဖြစ်မယ် ကိုသီဟ ...တဲ့"

"တစ်နေရာကိုတော့ သွားမှဖြစ်မယ်ကိုသီဟ၊ အင်း... ရှည် လိုက်တာဗျာ..."



http://www.cherrythitsar.org

ကျွန်တော်က ရင်ခွင်ထဲက နှင်းကို ငုံ့ကြည့်ရင်း...

"နှင်း...လာ...ထ သွားကြမယ်"

နှင်းက မျက်ရည်စိုစွတ်နေတဲ့ မျက်လုံးလေးတွေနဲ့ မော့ကြည့်တယ်။ ဘာမှမမေးဘဲ ထလာတယ်။

"လာ..."

ကားလမ်းကို အပြေးတစ်ပိုင်းသွားကြပြီး...***Taxi*** တစ်စီးကို လက်တားလိုက်တယ်။ ကားထဲကို အလျင်အမြန်ဝင်တယ်။

"ဘယ်သွားကြမှာလဲ ဆရာ..."

ကျွန်တော်တို့ ***Taxi*** ကို ကားတစ်စီးက ကျော်တက်သွားတယ်။ အဲဒီကားထဲမှာ ဝတ်စုံပြည့်ဝတ်ထားတဲ့ တရားသူကြီးတစ်ယောက်ပါသွားတာ လှမ်းတွေ့လိုက်လို့ ...

"အဲ...လိုက်...လိုက်၊ အဲဒီကားကိုသာ မီအောင်လိုက်..."

"ဗျာ...အဲ...ဟုတ်ကဲ့"

ကျွန်တော်တို့ရဲ့ကားလေးဟာ တရားသူကြီးမင်းရဲ့ ကားနောက်ကို တဟုန်ထိုးလိုက်ပါတော့တယ်။

နှင်း ကျွန်တော့်နားနားကပ်ပြီး

"ဘာလုပ်မလို့လဲ"

လို့ တိုးတိုးလေးမေးတယ်။ ကျွန်တော်က ဘာမှမပြောဘဲ သူ့လက်နဲ့ ကျွန်တော့်လက်ကိုယူပြီး ထပ်ပြလိုက်တယ်။

"အို" တဲ့။

သူရှက်လည်းရှက်၊ ပျော်လည်းပျော်သွားတယ်။ ကျွန်တော့် ပခုံးပေါ် သူ့ခေါင်းကို မှီလိုက်တယ်။ မျက်လုံးအစုံကို မှိတ်ထား လိုက်တယ်။ ဒါပေမယ့် စိတ်လှုပ်ရှားနေပုံရတယ်။ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်လို့...။

နှင်းရယ်...ကျွန်တော် သနားလိုက်တာ...။

သူ့ပိုက်ဆံအိတ်ထဲက ဖက်ဖူးရောင် ရှုဆေးဗူးလေးကို ထုတ် ယူလိုက်ပြီး သူ့လက်ထဲ ထည့်ပေးလိုက်တယ်။ သူ့မျက်လုံးလေးတွေ ပြန်ပွင့်လာတယ်။

"ရှုနေ"

ရှေ့ကားက တရားသူကြီးမင်းဟာ နောက်က ကျွန်တော်တို့ လိုက်လာတာကို သိသွားတယ်။ ဘယ်လို အတွေးပေါက်တယ်မသိ ပါဘူး။ ဒါမှမဟုတ် သူ့ဖာသာ ဘာတွေကြောက်နေတယ် မသိပါ ဘူး။ စက်ကုန်မြှင့်ပြီး မောင်းပြေးပါတော့တယ်။

"လိုက်ဗျာ...မီအောင်သာလိုက်..."

ကျွန်တော်တို့ကားလေးလည်း ဒရမန်းကြမ်းကို နောက်က လိုက်ပါတော့တယ်။ ဒရိုင်ဘာက နောက်ကြည့်မှန်ကို သုံးလေးခါ လှမ်းကြည့်ပြီး

"ကျွန်တော်တို့ နောက်ကလည်း ကားတစ်စီးပါလာတယ်"

ကျွန်တော်နဲ့ နှင်းနဲ့ ချာကနဲ လှည့်ကြည့်မိတယ်။

နှင်းမျက်နှာကလေး နည်းနည်းပျက်သွားတယ်။



http://www.cherrythitsar.org

"ဟာ အဲဒါ အိမ်ကကား၊ ဖေဖေလိုက်လာပြီ"

ဒရိုင်ဘာက ဝင်ပြောတယ်။

"အဲဒီကားကိုလည်း ဟိုနောက်က ကားအဖြူလေးက လိုက်နေတယ်"

"အင်း...အင်း...အဲဒါက ဦးကိုကိုအောင့်ကား ဂျူကာ"

ကျွန်တော်က နောက်တော်ပါကားတွေကို လှည့်ကြည့်းရင်း နှုတ်ခမ်းကို လျှာနဲ့သပ်နေမိတယ်။ ပြီး...

"အင်း သူတို့နောက်ကလည်း နောက်ထပ်ကားတစ်စီး ပါလာပြီ"

"မိုးစက်တို့ ကိုကောက်ရိုးတို့ကား၊ အေလင်းချိုပါ... ပါလာပြီ"

နှင်းနဲ့ကျွန်တော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြန်တယ်။

"ရှေ့ကားကိုသာ မီအောင်လိုက်ဗျာ"

ဒရိုင်ဘာက ကားကို အရှိန်ဆက်မြှင့်လိုက်တယ်။ ကားလမ်းပေါ်မှာ ဟွန်းသံတွေညံပြီး ကားပြိုင်ပွဲ ဆန်လာတယ်။ ရှေ့က တရားသူကြီးမင်းကလည်း ကျွန်တော်တို့ကားကို လှည့်လှည့်ကြည့်တယ်။ ကျွန်တော်တို့ကလည်း နောက်ကကားတွေကို လှည့်လှည့်ကြည့်တယ်။ အဲဒီလိုနဲ့ပဲ နှင်းရဲ့အော်သံလေး ထပ်ထွက်လာပါတော့တယ်။



http://www.cherrythitsar.org

"ဂျိုကာ...နောက်မှာ ထပ်ပါလာပြန်ပြီ"

"ဘာလဲ...ဘယ်သူတွေလဲ..."

"မော်...မော်တော်ပီကယ်တွေ..."

"ဟောဗျာ..."

ယာဉ်ထိန်းရဲဆိုင်ကယ်နှစ်စီးကလည်း ဝီစီ တရှူးရှူးမှုတ်ပြီး နောက်ဆုံးက လိုက်လာပါပြီ။ ကျွန်တော်ကတော့ ဒရိုင်ဘာကို ပြော လက်စ စကားပဲ ထပ်ပြောလိုက်တယ်။

"ရှေ့ကားကို မီအောင်လိုက်ဗျာ..."

❋ ❋ ❋

"နှင်း"

"ဘာလဲ"

"ကောင်းကောင်းမွန်မွန် ထူးစမ်းဟာ"

"ထူးတာပဲဟာကို..."

"ပြန်ထူးချည်...ပြန်ခေါ်မယ်။ ...ကဲ နှင်း"

"ပြော"

"ဟာ"

ကျွန်တော့်မျက်နှာ ရှုံ့မဲ့သွားတာကိုကြည့်ပြီး သူတစ်ခစ်ခစ် ရယ်ပါတယ်။ ကျွန်တော်က သူ့နားရွက်ကို (အလိုမကျသလို) လိမ်

ဆွဲမယ့်ဟန်ပြုတော့ သူက ခေါင်းကလေးတိမ်းပြီး လက်ကလေး တကာကာ လုပ်ပါတယ်။

"လာမလုပ်နဲ့နော်...၊ စောက်ကောင်လေး..."

"အောင်မာ...ငါ့ကိုများ"

"ဟုတ်တယ်၊ စောက်ကောင်လေး"

"ဟာ..."

သူ့အပြောလေးကြောင့် ကျွန်တော့်မှာ မခံချင်လည်းဖြစ်၊ ရယ်လည်းရယ်ချင်လာပါတယ်။ သူက မျက်နှာလေးမော့ပြီး နှုတ်ခမ်းလေးမစူ့တစ်စူနဲ့...

"နင့်ကို ငါ စိတ်ထဲက အဲဒီလို ခေါ်ခဲ့ရတာကြာပြီ"

"ချစ်လို့ခေါ်တာပဲလေ...ခေါ်ပေါ့"

သူ့မျက်စောင်းလေး ဝင်းကနဲရောက်လာပါတယ်။ ဒါလည်း လှတာပါပဲ။ ချစ်မျက်စောင်းဆိုတာ သိပ်စွဲလမ်းစရာ ကောင်းမှန်း ခုတော့ ကျွန်တော်သိပြီ။

"သိပ်ချစ်တာပဲ နှင်းရယ်..."

စင်းကျသွားတဲ့ မျက်တောင်ကော့ကော့လေးတွေကို ကျွန်တော် ရှိုက်နမ်းလိုက်တော့ နှင်းကလည်း တိုးတိုးကလေး ပြန်ပြောတယ်။

"အတူတူပဲပေါ့ မောင်ရယ်..."

ခုတော့လည်း အရာအားလုံး ပြီးဆုံးခဲ့ပါပြီ။ နှင်းရဲ့ဖေဖေ က ကျွန်တော်နဲ့နှင်းကို သဘောတူလိုက်ပါပြီ။

---

**မျိုး ‧ ကျော် ● ၁ ၄ ဝ**

http://www.cherrythitsar.org

"အန်ကယ်လ်ဦးမောင်မောင် တစ်ချက်မှားသွားတာဟ။ ငါ့ကို ပြောတယ်။ မင်း ငါ့သမီးကို ခိုးလို့ရရင် ယူတဲ့။ ပြီးတော့ နင့်ကို အစောင့်အကြပ်တွေ မသိမသာ ချပစ်လိုက်တယ်။ အဲဒီမှာ မှားသွားတာ"

"ဘယ်လိုမှားသလဲ ပြောပါဦး..."

"နင့်ကို အဲဒီလိုသွားလုပ်လို့ မရဘူးဆိုတာ ငါသိသားပဲ။ နင့်ကိုယုံကြည်မှုပေးပြီး လွတ်လွတ်လပ်လပ်ပဲထားရင် နင်က နင့်အဖေဘက်မှာပဲ ရပ်တည်ရင် ရပ်တည်ပေးသွားမှာ။ ခုနင့်ကိုပါ သိပ်မယုံသလို အစောင့်အကြပ်တွေ ချပစ်တော့ နင်က အဲဒါကို ကန်ထွက်ပြီး ငါ့ဘက်ကို အရှိန်အဟုန်နဲ့ ရောက်လာတာပေါ့..."

"သြော်...ဟုတ်လား။ အဲဒီလိုလား..."

သူက ကျွန်တော့်ကို ပြန်နောက်နေတယ်။ ကျွန်တော့်စကားကိုလည်း သိပ်မလေးနက်အောင် "ဖော့" ပစ်နေတယ်။ ဘာပဲပြောပြော သူ့ကို ကျွန်တော် လေးစားပါတယ်။ သူ သတ္တိရှိတယ်။ ပြီးတော့ ပြတ်တယ်။

"နှင်း"

"ဟင်"

"နှင်း"

"ပြော"

"နှင်း"



http://www.cherrythitsar.org

"ဘာလဲ မောင်ရယ်"

"တို့ ကလေးတွေ အများကြီးမွေးမယ်နော်..."

"အေး...မွေးမယ်"

ကြည့်စမ်း၊ ဘယ်လောက်ချစ်စရာကောင်းတဲ့ ကျွန်တော့် မိန်းကလေးပါလဲ။ ဒါပေမယ့် ဆက်ပြောတဲ့ စကားကတော့ သိပ် မမိုက်လှဘူး။

"နင့်ကိုပါ ငါ ပြန်မွေးပစ်မယ်"

"ဗုဒ္ဓေါ"

နောက်တော့ သူက ကျွန်တော့်ကို စကားတွေ အများကြီး ပြောပါတယ်။ လွမ်းစရာ၊ ပျော်စရာ၊ ရင်မောစရာ၊ သူ့ဘက်က ခံစားချက်တွေ ကျွန်တော် တမြတ်တနိုး နားထောင်နေခဲ့ရ...။

သြော်...နောက်ဆုံးမှာ သူက မှတ်မှတ်ရရ ပြောလာပါသေး တယ်။

သူ


အခုစီးနေတဲ့

ရွှေရောင်ဖိနပ်မှာ

အစိမ်းရောင်ကြက်ခြေခတ်တွေ

မပါတော့ဘူးတဲ့။

**တာရာမင်းဝေ**



http://www.cherrythitsar.org